# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဓမ္မပဒ (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၇၈)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Coronavirus Disease 2019 (COVID–19) ရောဂါနှင့်စပ်လျဉ်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ရောဂါနှင့်စပ်လျဉ်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြား

နေပြည်တော် မတ် ၂၅

Coronavirus Disease 2019 (COVID–19) ရောဂါနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံတွင် တွေ့ရှိသည့် COVID–19 လူနာ ၃ ဦး၏ ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ကုသပေးနေမှု၊ ၎င်းတို့နှင့် ထိတွေ့ဆက်ဆံခဲ့သူများ၊ သွားလာခဲ့သည့် နေရာများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံတွင် အလုပ်သွားရောက် လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှုနှင့် ပတ်သက်ပြီး ၎င်းတို့အား နေရပ်ပြန်လည်ပို့ဆောင်ရေးအစီအစဉ်၊ စတင်ဝင်ရောက်ချိန်မှစပြီး နေရပ်ပြန်ချိန်အထိ ၎င်းတို့၏ နေထိုင်စားသောက်ရေး အစီအမံများ၊ နေရပ်ပြန်လည်ရောက်ရှိချိန်တွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (community based facility quarantine) များနှင့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တင်ပြချက်များအပေါ် ဆုံးဖြတ်လမ်းညွှန်မှုများ ချမှတ်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံ ၈၀ ကျော် ပုံမှန်အတိုင်းလည်ပတ်လျက်ရှိ

ရန်ကုန် မတ် ၂၅

COVID–19 ရောဂါကြောင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံများ ပိတ်ထားခြင်းမရှိသလို စက်ရုံများအားလုံး ပုံမှန်လည်ပတ်လျက်ရှိပြီး အလုပ်သမား၊ ဝန်ထမ်းများလည်း ပုံမှန်သွားလာလုပ်ကိုင်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ် ထံမှ သိရသည်။

ဒေါက်တာသန်းသန်းသွယ်က "သီလဝါအထူး စီးပွားရေးဇုန်မှာ လက်ရှိစက်ရုံပေါင်း ၈၀ ကျော် လည်ပတ်နေတယ်။ စက်ရုံတွေ ပုံမှန်လည်ပတ်နေသလို စက်ရုံအလုပ်သမား ဝန်ထမ်းတွေလည်း ပုံမှန်အတိုင်း အလုပ်လုပ်နေပါတယ်။ သီလဝါအထူးစီးပွားရေးဇုန် ဆောက်လုပ်ရေးလုပ်ငန်းပိုင်းမှာ လုပ်နေတဲ့ အလုပ်သမားတွေ စာရင်းမပါ


*စာမျက်နှာ ၅ ကော်လံ ၄* ❁


**နိုင်ငံအတွင်း ဝင်ခွင့်မရသည့်အတွက် အယ်လ်ဂျီးရီးယားမှ ခရီးသည်များ အစ္စတန်ဘူလေဆိပ်၌ သောင်တင်နေ**


စာ » ၁၃


**ချားစ်မင်းသား ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ**


စာ » ၁၄





# မေတ္တာ၊ ကရုဏာရှေ့ထား၍ ရင်ဆိုင်ကျော်လွှားရမည့် ကပ်ရောဂါ

စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်။ မကောင်းသည့် နယ်ပယ်၌ ကျက်စားတတ်သည်။ ဤသည်မှာ ပုထုဇဉ်တို့၏ သဘောပင်ဖြစ်သည်။ မကောင်းသည့် အတွေးအကြံ ၊ မကောင်းသည့် အပြောအဆို၊ မကောင်းသည့် အပြုအမူတို့ကို စိတ်ကဦးဆောင်သည်။ စိတ်က ကြီးမှူးသည်။ စိတ်က ဖန်တီးသည်။ မကောင်းသော စိတ်ရှိသူ၏ အပြောအဆို၊ အပြုအမူ ၊ အလုပ်အကိုင်တို့၏ နောက်သို့ မကောင်းကျိုးက နွားခြေရာနောက်တွင် နွားလှည်းဘီးက လိုက်သကဲ့သို့ တစ်ထပ်တည်းလိုက်သည်။ ကောင်းသည့် အတွေးအကြံ၊ ကောင်းသည့် အပြောအဆို၊ ကောင်းသည့် အပြုအမူတို့ကို ဦးဆောင်သည်မှာလည်း စိတ်ပင်ဖြစ်သည်။ ကောင်းမှုတို့ကို ကြီးမှူးသည်မှာလည်း စိတ်၊ ကောင်းမှုတို့ကို ဖန်တီးသည်မှာလည်း စိတ်ပင်ဖြစ်သည်။ ကောင်းသောစိတ်ရှိသူ၏ အပြောအဆို၊ အပြုအမူ၊ အလုပ်အကိုင်တို့၏နောက်တွင် ကောင်းကျိုးကလည်း အရိပ်ပမာ မခွဲမခွာလိုက်သည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါနှင့် လူတိုင်းတွေ့ကြုံကြရချိန်တွင် ကောင်းသည့်စိတ်နှင့် မကောင်းသည့်စိတ်တို့ကို ပြက်ပြက်ထင်ထင် မြင်ကြရသည်။ ကောင်းသည့်စိတ်ထား၊ မွန်မြတ်သည့် နှလုံးသားရှိသူတို့က မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစိတ်တို့ကို ဆောင်လျက် လောကကို စောင့်ရှောက်ကြသည်။ လောကကို အလှဆင်ကြသည်။ ကပ်ရောဂါနှင့် ရင်ဆိုင်ရန် ရှေ့တန်းကို ထွက်ကြသည်။ အခက်အခဲနှင့် ရင်ဆိုင်နေရသူတို့ကို ဖေးမကူညီကြသည်။ ကောင်းသောစကားကို ဆို၍၊ ကောင်းသောအပြုအမူတို့ကိုပြုမူ၍ မေတ္တာတရားကို ပြကြသည်။ ထိုအခါ ကပ်ဆိုက်နေသည့် နိုင်ငံ၊ ကပ်ဆိုက်နေသည့် မြို့ရွာသည်ပင်လျှင် မေတ္တာဓာတ်ကြောင့် လှပလာသည်။ မေတ္တာဓာတ်ကြောင့် အေးမြလာသည်။

မိမိတို့နိုင်ငံသို့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ မဝင်ရောက်လာစေရေး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ချိန်၊ အတည်ပြုလူနာတို့ စတင်တွေ့ရှိလာရသည့် အချိန်များတွင်လည်း ဤသဘောတို့ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေကာမူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆိုလျှင် ကပ်ရောဂါကို ရင်ဆိုင်တိုက်ဖျက်ရန် အသင့်ရှိကြသည်။ ဓနအင်အား၊ နည်းပညာအင်အား ကြီးမားလှသည့် ကမ္ဘာ့နိုင်ငံကြီးများပင်လျှင် အထိနာ နေကြရသည့် ကမ္ဘာ့ကပ်ရောဂါကို မိမိတို့သည်လည်း မေတ္တာ၊ ကရုဏာ၊ သတိ၊ ဝီရိယ၊ ပညာတို့ကို အားထား၍ ရင်ဆိုင်ကြရမှာဖြစ်သည်။ အောင်မြင်မည်ဟုလည်း ယုံကြည်သည်။ ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများက စစ်ဆင်ရေးအသွင် ကြိုးပမ်းနေကြသလို အခြားဌာနဆိုင်ရာ ဝန်ထမ်းများကလည်း ကဏ္ဍအလိုက် အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်။ အလှူရှင်များကလည်း ဒေသအလိုက် လှူဒါန်းနေကြသလို လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များကလည်း လိုအပ်သည်များကို ပါဝင်ဖြည့်ဆည်းနေကြသည်။ ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများက ကျန်းမာရေးအတွက် ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးခံ၍ အကန့်အသတ်များနှင့် နေထိုင်ကြရာ ပြည်ပမှပြန်လာသည့် ကျေးလက်ဒေသမှ လူငယ်ကလေးများ ရွာထဲသို့မဝင်ဘဲ ရွာပြင်တောထဲ စသည်တို့တွင် အကန့်အသတ်ဖြင့် နေထိုင်ကြသည့် သတင်းများကို သိရှိရသည်။

မကောင်းသည့်စိတ်နှလုံးရှိသူတို့က သတင်းအမှားများကို ဖြန့်ချိနေကြသလို လူအများ ထိတ်လန့်စေရန်၊ လူ့အဖွဲ့အစည်းအတွင်း၊ ရပ်ရွာအတွင်း မတည်မငြိမ်ဖြစ်စေရန် ကောလာဟလများကို ထုတ်လွှင့်လျက်ရှိကြသည်။ မိမိတို့ရင်ဆိုင်နေကြရသည့် ကပ်ရောဂါမှာ ကူးစက်မှုမြန်သည့်ရောဂါ၊ သေစေနိုင်သည့်ရောဂါဖြစ်သော်လည်း ထိန်းချုပ်နိုင်သည့် ရောဂါ၊ ကူးစက်ခံရတိုင်းလည်း မသေနိုင်သည့်ရောဂါ၊ စောစီးစွာကုသမှုခံယူပါက ပျောက်ကင်းနိုင်သည့်ရောဂါဖြစ်သည်ကို သိနားလည်ထားကြရမည်ဖြစ်ပြီး လူသားချင်းချင်း မေတ္တာတရားပွားများလျက် ညီညွတ်စွာဖြင့် သတိ၊ ဝီရိယ၊ ပညာတို့ကို စွဲကိုင်၍ ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## သာသနာတော်နှစ် ၂၅၆၃ - ၂၅၆၄ ခုနှစ် သက္ကရာဇ် ၁၃၈၁ - ၁၃၈၂ ခုနှစ် မဟာသင်္ကြန် အကျ - အကြတ် - အတက် - နှစ်ဆန်း(၁)ရက်နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ မဟာသင်္ကြန်ကျရက်

- ဇေယတု - မြန်မာသက္ကရာဇ် - ၁၃၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၆)ရက်
- ရခိုင်သက္ကရာဇ် - ၁၃၈၁ ခုနှစ် ပထမတာကူးလဆုတ် (၆)ရက်
- ခရစ်နှစ် ၂၀၂၀၊ ဧပြီလ ၁၃ ရက် တနင်္လာနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညဥ့်စက် ၁၁-နာရီ၊ ၃၄-မိနစ်၊ ၁၈-စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ မဟာသင်္ကြန် အကြတ်ရက်

- မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် (၇)ရက်၊ အင်္ဂါနေ့ နှောင်းတန်ခူးလဆုတ် (၈)ရက်၊ ဗုဒ္ဓဟူးနေ့
- ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ပထမတာကူးလဆုတ် (၇)ရက်၊ အင်္ဂါနေ့ ပထမတာကူးလဆုတ် (၈)ရက်၊ ဗုဒ္ဓဟူးနေ့
- ခရစ်နှစ် ၂၀၂၀ ခုနှစ်၊ ဧပြီလ (၁၄)ရက် အင်္ဂါနေ့၊ ဧပြီလ (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့တို့သည် မဟာသင်္ကြန်အကြတ်ရက် ဖြစ်ပါသည်။ (အကြတ် - ၂ ရက်)

၃။ မဟာသင်္ကြန် အတက်ရက်

- မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်(၉)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ပထမတာကူးလဆုတ် (၉)ရက်
- ခရစ်နှစ် ၂၀၂၀၊ ဧပြီလ (၁၆)ရက် ကြာသပတေးနေ့ မြန်မာစံတော်ချိန် နံနက်စက် ၃-နာရီ၊ ၃၉-မိနစ်၊ ၀-စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်

- မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ဦးတန်ခူးလဆုတ် (၁၀)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ပထမတာကူးလဆုတ် (၁၀)ရက်
- ခရစ်နှစ် ၂၀၂၀၊ ဧပြီလ (၁၇)ရက် သောကြာနေ့သည် မြန်မာ-ရခိုင်နှစ်ဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။

၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ

ဤ ၁၃၈၂ ခုနှစ်တွင် အဓိမာသ လလွန်ရှိသော နှစ်ဖြစ်ပါ၍ ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ (၄)ရက် အင်္ဂါနေ့တွင် ပထမပုရိမဝါကို ကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၃)ရက် ကြာသပတေးနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ဦးပညိန္ဒ | ဦးအောင်ချစ် | ဦးပြေငြိမ်း |
| ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၁) | ဒုတိယဥက္ကဋ္ဌ(၂) |

## ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးပြည်သူများအတွက် ဘုရားဖူးချိန်သတ်မှတ်

ရန်ကုန် မတ် ၂၅

COVID-19 ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးပြည်သူများအတွက် ယနေ့မှစတင်၍ ဘုရားဖူးချိန်ကို သတ်မှတ်ပေးထားကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးမှ သိရသည်။

ရွှေတိဂုံစေတီတော် ဘုရားဖူးချိန်ကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သတ်မှတ်ပေးထားပြီး ဘုရားဖူးလာ ပြည်သူများ ဓာတ်လှေကား စီးနင်းရာတွင်လည်း လူဦးရေကို ကန့်သတ်ပေးထားကြောင်း သိရသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြသည့် ရဟန်းသံဃာတော်များနှင့် ပြည်သူများအား ဂေါပကရုံးဝန်ထမ်းများက အပူချိန်တိုင်းပေးခြင်း၊ အလှူရှင်များက နှာခေါင်းစည်းများ ပေးဝေလှူဒါန်းခြင်း၊ လက်သန့်ရှင်းရေးအတွက် လက်သန့်ဆေးရည်များနှင့် လက်ဆေးကန်များထားရှိခြင်းများ ဆောင်ရွက်ပေးထားသည်။

ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိရာ ဘုရားဖူးပြည်သူများ၏ ကျန်းမာရေးကို ရှေးရှု၍ COVID-19 ရောဂါ ကာကွယ်တားဆီးနိုင်ရန်အတွက် ဘုရားဖူးချိန်ကို ယနေ့မှစတင်၍ မေတ္တာရပ်ခံ သတ်မှတ်ထားခြင်းဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးမှ သိရသည်။

ဇော်မင်းလတ်(MNA)

## (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်နေ့အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်သုံးမျိုး ရောင်းချပေးမည်

နေပြည်တော် မတ် ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုး (၅၀၀/-ကျပ်တန်၊ ၂၀၀/- ကျပ်တန်၊ ၁၀၀/- ကျပ်တန်)အား ၂၀၂၀ ပြည့်နှစ် မတ်၂၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် တန်ခူး လဆန်း ၄ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (First day Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**









# ပြည်သူသိလျှင် အဓိက

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၀/၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးတင့်နိုင်ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လူမွဲခံယူခြင်းဆိုင်ရာဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၅၀/၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက်)

လူမွဲခံယူခြင်းဆိုင်ရာဥပဒေ အာဏာတည်သည့် နေ့ရက်သတ်မှတ်ခြင်း

လူမွဲခံယူခြင်းဆိုင်ရာဥပဒေသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက် (၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်) နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်လိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၅

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ ဘော်လခဲမြို့၊ သိမ်ဇရပ်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် ပြည်မြို့၊ ပဲခူးမြို့၊ ရွှေကျင်မြို့၊ သာယာဝတီမြို့၊ ဟင်္သာတမြို့၊ ဘားအံမြို့၊ မြဝတီမြို့နှင့် လှိုင်းဘွဲ့မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန် မှာ မူဆယ်မြို့တွင် ဝ ဒသမ ၃၉ လက်မဖြစ်သည်။ မိုး/ဇလ

## ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၂၅

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်က ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ လုပ်ငန်းတာဝန် ၁၁ ခုရှိရာ ယနေ့အစည်းအဝေးမှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ရှိပါကြောင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ပြည်တွင်း နေရပ်စွန့်ခွာသူများ ယာယီခိုလှုံရာစခန်း ၁၂၈ ခုရှိပါကြောင်း၊ ယာယီခိုလှုံရာစခန်းများသည် ယာယီသာဖြစ်သင့်၍ ထိရောက်သော ပြန်လည်နေရာချထားမှုများလိုအပ်ပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာပါ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်လိုပါကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး အမှီအခိုကင်းသော ဘဝများ ပြန်လည်တည်ဆောက်နိုင်ရေး အဓိကထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မဟာဗျူဟာအရ သက်ဆိုင်ရာပြည်နယ်အဆင့်ဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ပြည်နယ်များအလိုက် မတူညီသည့် လုပ်ငန်းစီမံချက်များ ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့် ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ အမျိုးသားကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို (၆)လ တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ အစီရင်ခံတင်ပြကြရမည်ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးကို မဟာဗျူဟာ မပေါ်ပေါက်ခင်ကပင် ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအခါ အမျိုးသားအဆင့်ကော်မတီ ပေါ်ပေါက်လာပြီဖြစ်၍ ဆက်လက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာပြည်နယ်များတွင် ဖွဲ့စည်းထားသော ဆက်စပ်ကော်မတီများ၊ လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းပူးပေါင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကိုလည်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးလုပ်ငန်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် များစွာဆက်စပ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကိုလည်း တင်ပြဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာဖိအားများစွာရှိနေပါကြောင်း၊ နေရပ်စွန့်ခွာသူများအတွက် ဆောင်ရွက်ပေးရာတွင် ၎င်းတို့၏ အခွင့်အရေးများကို လျစ်လျူမရှုဘဲ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ဝေဖန်မှုများရှိနေသည့်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိအောင် မဟာဗျူဟာကို ဆွစ်ဇာလန်နိုင်ငံမှ ကျွမ်းကျင်သူ Professor Walter Kaelin ၏ ပံ့ပိုးကူညီမှုများဖြင့် ပူးပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် လုပ်ငန်းစဉ်ရေးဆွဲရေးလမ်းညွှန် (Guide Line) တစ်ခုကို ပူးပေါင်းညှိနှိုင်းရေးဆွဲထားပါကြောင်း၊ သက်ဆိုင်ရာပြည်နယ်များအလိုက် အကောင်အထည်ဖော်ကြမည့် တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များပါ စံချိန်စံညွှန်းများနှင့်အညီ ပုံစံတကျ လိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ပုံစံတကျဆောင်ရွက်ထားပါက အခက်အခဲ၊ စိန်ခေါ်မှုများ ရှိလာပါက ဖြေရှင်းရလွယ်ကူမည်ဖြစ်ပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ လုပ်ငန်းစီမံချက်များရေးဆွဲရန် အထောက်အကူပြုမည့် လမ်းညွှန်ချက် (Guide Line) ရေးဆွဲထားမှုနှင့် ပတ်သက်၍ ပိတ်သိမ်းရမည့်စခန်းများ သတ်မှတ်ခြင်း၊ ယာယီခိုလှုံရာစခန်းတွင် နေထိုင်သူများ၏ အချက်အလက်များကို ပြုစုခြင်းနှင့် ကနဦးဆန်းစစ်ချက် ဆောင်ရွက်ခြင်း၊ ပြန်လည်နေရာချထားရန် နေရာများရွေးချယ်ရာတွင် မူလနေရပ်ပြန်ခြင်း၊ နေရာသစ်သို့ ရွှေ့ပြောင်းခြင်း၊ ဒေသအတွင်း ပေါင်းစည်းနေထိုင်ခြင်းတို့တွင် နေရပ်စွန့်ခွာသူများ၏ သဘောထားများနှင့်အညီ ဆန်းစစ်ဆောင်ရွက်ခြင်း၊ ရှင်းလင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းနှင့် လုပ်ငန်းစီမံချက်များ၏ ဖွဲ့စည်းပုံနှင့် ပါဝင်သင့်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေနှင့် ပြည်နယ်အလိုက်ကော်မတီ အဆင့်ဆင့် ဖွဲ့စည်းမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီဝင်များနှင့် တာဝန်ခံတက်ရောက်လာကြသူများက ယာယီခိုလှုံရာစခန်းတွင် နေထိုင်သူများ၏ အချက်အလက်များကို ပြုစုခြင်းနှင့် ကနဦးဆန်းစစ်ချက် ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များ ကောက်ယူရာတွင် အသုံးပြုမည့်ပုံစံနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါက အစီရင်ခံတင်ပြနိုင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဘဏ္ဍာငွေလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ လုပ်ငန်းဆောင်ရွက်တိုးတက်မှုကို နိုင်ငံတကာက သိရှိနိုင်စေရန် နိုင်ငံပိုင်မီဒီယာများသာမက ပြည်တွင်းပုဂ္ဂလိကနှင့် ပြည်ပမီဒီယာများမှတစ်ဆင့် သတင်းဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းက အချက်အလက်အမှန်များ သိရှိစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဤလုပ်ငန်းစဉ်သည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်၍ နိုင်ငံတကာ၏ အပြုသဘောဆောင်သော ပူးပေါင်းပံ့ပိုးကူညီမှုများ ရယူနိုင်ခြင်း ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားရာတွင် ပြည်နယ်အလိုက် ကော်မတီအဆင့်ဆင့်များအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို (၃)လတစ်ကြိမ် အမျိုးသားအဆင့်ကော်မတီသို့ အစီရင်ခံတင်ပြကြရန် ဖြစ်ကြောင်း၊ အမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် ယာယီခိုလှုံရာစခန်းများရှိ နေရပ်စွန့်ခွာသူများအတွက် COVID –19 ရောဂါနှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာကြရန်လိုကြောင်း၊ အသိပညာပေးဖြန့်ဝေမှုများလည်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းနှင့် မိမိတို့ ဝန်ကြီးဌာနက Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ချက်များ၊ မေတ္တာရပ်ခံချက်များကိုလည်း လေ့လာသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ကြရန် ပြောကြားသည်။

**သတင်းစဉ်**

# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၀ပြည့်နှစ်)အတွက် နည်းဥပဒေရေးဆွဲရေး(ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ရောဝတီတိုင်းဒေသကြီးလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းထားရှိသော မြေယာခွန်ဥပဒေဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ



လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၀ပြည့်နှစ်)အတွက် နည်းဥပဒေရေးဆွဲရေး(ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ရောဝတီတိုင်းဒေသကြီး လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းထားရှိသော မြေယာခွန်ဥပဒေဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၂၅**

လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၂၀ပြည့်နှစ်)အတွက် နည်းဥပဒေရေးဆွဲရေး(ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ရောဝတီတိုင်းဒေသကြီး လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းထားရှိသော မြေယာခွန်ဥပဒေဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂) ဖြင့် ပြင်ဆင်ပြဋ္ဌာန်းလိုက်သော ပြင်ဆင်သည့် လယ်ယာမြေဥပဒေအတွက် နည်းဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များနှင့် နည်းဥပဒေမပြဋ္ဌာန်းနိုင်သေးမီကာလအတွင်း လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အမိန့်ညွှန်ကြားချက်များအား ဥပဒေနှင့်အညီ ထုတ်ပြန်နိုင်ရေးကိစ္စရပ်များ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်အတွင်း ရောဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် (၄/၂၀၁၉)ဖြင့် ပြဋ္ဌာန်းခဲ့သော ရောဝတီတိုင်းဒေသကြီး၏ မြေယာခွန်ဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့် ညီညွတ်စွာဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်သက်ရောက်နေသည့် အခက်အခဲ အကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာနိုင်ရေး သုံးပွင့်ဆိုင်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော COVID-19 ရောဂါရိုက်ခတ်မှုကြောင့် ဖြစ်ပေါ် သက်ရောက်နေသည့် အခက်အခဲအကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာနိုင်ရေးအတွက် သုံးပွင့်ဆိုင်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် COVID-19 ရောဂါရိုက်ခတ်မှုကြောင့် ဖြစ်ပေါ် သက်ရောက်နေသည့် အခက်အခဲ၊ အကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာနိုင်ရေးအတွက် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း။

COVID-19 ရောဂါကြောင့် ကုန်ကြမ်းပြတ်လပ်ခြင်း၊ အမှာစာမရရှိခြင်း၊ အရှုံးပေါ်ခြင်းနှင့် အခြားအကြောင်းအရင်းတို့ကြောင့် စက်ရုံ၊ အလုပ်ရုံများ အပြီးပိတ်သိမ်းခြင်း/ ယာယီပိတ်သိမ်းခြင်း/ အင်အားလျှော့ချခြင်းများ၊ အလုပ်ရှင်/ အလုပ်သမား အငြင်းပွားမှုများ၊ အလုပ်သမားဆန္ဒပြမှုများ၊ အလုပ်လက်မဲ့ပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်မှုလုပ်ငန်းစဉ်များ ယာယီရပ်ဆိုင်းခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဦးစီးဌာနများအလိုက် လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့်လည်း ကြုံတွေ့နေရသည့် အခက်အခဲ အကျပ်အတည်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသည့် နိုင်ငံခြားသားပိုင်စက်ရုံ၊ အလုပ်ရုံများ၊ CMP စနစ်ဖြင့် လုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံများ၊ COVID-19 ရောဂါနှင့် ဆက်စပ်၍ သော်လည်းကောင်း၊ အခြားကုန်ကြမ်းပြတ်တောက်မှုနှင့် အခြားသောအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများပိတ်သိမ်းခြင်း၊ လုပ်သားအင်အား လျှော့ချခြင်းများရှိသကဲ့သို့ ယခု COVID - 19 ရောဂါဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ နှစ်ဆန်းပိုင်းမှစပြီး စက်ရုံ၊ အလုပ်ရုံအသစ်များ ထပ်မံဖွင့်လှစ်လျက်ရှိသည်ကိုလည်း စိစစ်တွေ့ရှိရပါကြောင်း။

ထို့ပြင် စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများကလည်း အလုပ်ဆက်လက်လုပ်ကိုင်လိုကြပြီး အလုပ်ရှင်များကလည်း အလုပ်သမားလျှော့ချခြင်း၊ ပိတ်သိမ်းခြင်း မပြုလုပ်လိုကြကြောင်း သိရှိရ၍ ၎င်းအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ဆက်လက် လုပ်ဆောင်သွားရန်လိုကြောင်း၊ လတ်တလောတွင် အလုပ်သမားများ၏ ပုံမှန်အလုပ်အကိုင်အခွင့်အလမ်း စီးဆင်းမှုများ ပြတ်တောက်သွားမှု မရှိနိုင်သေးသည်ကို တွေ့ရှိရပါကြောင်း၊ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်ရေးအတွက်ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် အခွင့်အရေးများ၊ အခွင့်အလမ်းများနှင့် ပတ်သက်၍ အငြင်းပွားမနေဘဲ လုပ်ငန်းခွင်များ ပုံမှန်လည်ပတ်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တည်တံ့နေစေရေးတို့ကို ပိုမိုအလေးထားသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား ကျောချင်းကပ်ပြီး ကြုံတွေ့လာမည့် ပြဿနာများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို မည်ကဲ့သို့ ဖြေရှင်းကျော်လွှားကြမည်ဆိုသည်ကို ရင်းနှီးပွင့်လင်းသည့် ဆွေးနွေးအဖြေရှာမှုများအား အမြန်ဆုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အနေနှင့် အထည်ချုပ်လုပ်ငန်းများအပါအဝင် ဟိုတယ် ခရီးသွားလုပ်ငန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၁၀၀ ကို သက်သာသော နှုန်းထားဖြင့် အလုပ်သမားများ၊ လုပ်ငန်းရှင်များအတွက် ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများတွင် COVID - 19 ရောဂါအသိပညာပေးမှုများကို ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်ရှင်များ ပူးပေါင်းလုပ်ဆောင်လျက်ရှိရာ ဆက်လက်၍ အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အလုပ်သမား၊ အလုပ်ရှင် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက COVID-19 ရောဂါရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်သက်ရောက်နေသည့်၊ ရင်ဆိုင်နေရသည့် အခက်အခဲ၊ အကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## မလှိုင်မြို့ရှိ စားသောက်ဆိုင်များအား ဆိုင်ထိုင်ရောင်းချခြင်း မပြုလုပ်ဘဲ ပါဆယ်စနစ်ဖြင့် ရောင်းချရန် ညွှန်ကြားထား

**မလှိုင် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့တွင် COVID-19 ရောဂါ မဖြစ်ပွားစေရေး စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင် အစရှိသည့်ဆိုင်များအား ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချခြင်း မပြုလုပ်ဘဲ ပါဆယ်စနစ်ဖြင့် ရောင်းချရန် ညွှန်ကြားထားကြောင်း မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယခုအချိန်သည် COVID-19 ရောဂါ မဖြစ်ပွားစေရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားရေးတာဝန်အဖြစ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ရောဂါပြန့်ပွားမှုကာကွယ်ရေးအတွက် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရန် ပြန်ကြားချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်ဖြစ်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များ၊ ကြေးအိုးဆိုင်များ၊ ဟော့ပေါ့ဆိုင်များ၊ ခေါက်ဆွဲဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် အစားအသောက်များအား ဆိုင်ထိုင်စနစ်ဖြင့် ရောင်းချခြင်းမပြုဘဲ ပါဆယ်စနစ်ဖြင့် ရောင်းချစေရေးအတွက် စားသောက်ဆိုင်လုပ်ငန်းရှင်များအား ညွှန်ကြားထားကြောင်း မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထံမှ သိရသည်။

အဆိုပါ ညွှန်ကြားချက်အား ဧပြီ ၃ ရက်အထိ လိုက်နာဆောင်ရွက်ရန် အချိန်သတ်မှတ်ထားကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# COVID - 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ လာရောက်လှူဒါန်း



**နေပြည်တော် မတ် ၂၅**

Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသား အဆင့် ဗဟိုကော်မတီသို့ မြန်မာ့ရိုးရာ သနပ်ဖက်လိပ်လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၅၀ နှင့် မန်းအောင်ငြိမ်း ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ တို့ကို ယနေ့ မွန်းလွဲပိုင်းက လာရောက် လှူဒါန်းရာ Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအတွင်း ရေးမှူး (၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၌ လက်ခံသည်။

**လာရောက်လှူဒါန်း**

ရှေးဦးစွာ အလှူရှင်များက လှူဒါန်းရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် Coronavirus Disease 2019 (COVID–19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID–19 ဖြစ်ပွားမှု နောက်ဆုံးအခြေအနေ နှင့်စပ်လျဉ်း၍ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းကို နားထောင်ပြီးနောက် မိမိတို့ အနေဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် လိုအပ်သလို သုံးစွဲနိုင်ရန် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြား သည်။

**လက်ခံရယူ**

ထို့နောက် လှူဒါန်းငွေများကို ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။

**သတင်းစဉ်**

## COVID-19 ရောဂါပိုးတွေ့ရှိသူ နေထိုင်ခဲ့သည့် ချင်းပြည်နယ် တီးတိန်မြို့ ကပ်တဲလ်ရွာ၌ နေအိမ်တွင်သာနေရန် ကန့်သတ်ထား

**နေပြည်တော် မတ် ၂၅**

COVID–19 ရောဂါပိုးတွေ့ရှိသူ နေထိုင်ခဲ့သည့် ချင်းပြည်နယ် တီးတိန်မြို့ ကပ်တဲလ်ရွာ၌ ရွာသူရွာသား များအား နေအိမ်ထဲတွင်သာနေရန် စည်းမျဉ်းထုတ်ပြန် ထားကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က မတ် ၂၄ ရက်တွင် ပြောကြားသည်။

“ဖြစ်စဉ်ဖြစ်တာ ရက်ကကြာသွားပြီ။ မင်္ဂလာဆောင် ကလည်း ပြီးသွားပြီ။ အဲဒီလိုဆိုတော့ သူနဲ့ဆက်စပ်ခဲ့တာ တွေက အများကြီးဖြစ်နေတယ်။ အဲဒီအတွက် ပြည်နယ် တစ်ခုလုံးကို သတိပေးထားတယ်” ဟု ပြည်နယ်ဝန်ကြီး ဦးစိုးထက်က ဆိုသည်။

ထို့ပြင် ချင်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ် အဆင့် အရေးပေါ်အစည်းအဝေးခေါ်ယူပြီး COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်မှုများလုပ်ဆောင်နေ ကြောင်း၊ ချင်းပြည်နယ်တစ်ခုလုံးရှိ မြို့နယ်များကိုလည်း (COVID–19) ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှု များလည်း လုပ်ဆောင်ကြရန် သတိပေးနှိုးဆော်ထား ကြောင်း သိရသည်။

“ရောဂါပိုးတွေ့ရှိသူကိုလည်း တီးတိန်ဆေးရုံမှာ သီးခြားထားပြီး ဆေးဝါးကုသမှုတွေပေးနေပါတယ်။ လူနာအနေနဲ့ကတော့ ဖျားနာတာ မရှိတော့ပါဘူး၊ လူကောင်းအတိုင်းပါပဲ။ ဟိုတစ်လောက ဖျားနာတဲ့အချိန် မှာ စမ်းဖို့ပို့လိုက်တဲ့ဆေးစစ်ချက်က ရောဂါပိုးတွေ့ရှိ တယ်လို့ အဖြေထွက်တာဖြစ်ပါတယ်။ သူသွားခဲ့တဲ့ နေရာတွေအကုန်လုံးရဲ့ ရာဇဝင်ကိုလိုက်ပြီး ထိတွေ့ခဲ့တဲ့ သူတွေအကုန်လုံးကို စောင့်ကြည့်နေပါ တယ်” ဟု ပြည်နယ်ဝန်ကြီးက ဆက်လက် ပြောကြားသည်။

ပြည်နယ်အတွင်း တစ်မြို့နှင့်တစ်မြို့ သွားလာမှု များတွင် စစ်ဆေးမှုများ လုပ်ဆောင်ရန်အဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ကြောင်းနှင့် ပြည်ထောင်စု အဆင့်မှ ညွှန်ကြားချက်များအတိုင်း ဆက်လက် အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးက COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ဆောင်မှုများ အနေဖြင့်လည်း “မတ် ၂၄ ရက် မနက်ပိုင်းက ပြည်ထောင်စုကိုတင်ပြတော့ ပြည်ထောင်စုအဆင့်အနေနဲ့ကလည်း အဖွဲ့တစ်ဖွဲ့ ဆင်းလာပြီး လိုအပ်တာတွေ ဝိုင်းကူဖို့လုပ်ဆောင် နေပါတယ်။ ချင်းပြည်နယ်အတွင်း လူစုလူဝေးနဲ့လုပ်တဲ့ ပွဲလမ်းသဘင်တွေ၊ အစုအဖွဲ့နဲ့ လုပ်တဲ့အလုပ်တွေ၊ နောက်ပြီး တနင်္ဂနွေဘုရားကျောင်းတက်ဖို့ကိုတောင် ကန့်သတ်ထားတယ်” ဟု ဆိုသည်။

COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း များအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ မတည်ရန်ပုံငွေ ကျပ် သိန်း ၅၀၀ နှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၃၀၀ စုစုပေါင်း ကျပ်သိန်း ၈၀၀ ထားရှိပြီး လိုအပ်သည့် ဆေးဝါးများနှင့် ထောက်ပံ့ခြင်း များ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံမှ ပြန်လာသူ တစ်ဦးနှင့် အင်္ဂလန်နိုင်ငံမှ ပြန်လာသူနှစ်ဦးတို့တွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိထားပြီး ၎င်းတို့ကို စောင့်ကြည့်လူနာအဖြစ် သီးသန့်ခန်းတွင်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသည်။ **ကေတာ**




## COVID–19 ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် လသာမြို့နယ်တွင် စုပေါင်းဆေးဖျန်းခြင်းဆောင်ရွက်

**ရန်ကုန် မတ် ၂၅**

COVID–19 ရောဂါပျံ့နှံ့မှု ကာကွယ် တားဆီးနိုင်ရေးအတွက် ရန်ကုန်တိုင်း ဒေသကြီး လသာမြို့နယ်ရှိ ၁၉ လမ်းနှင့် လမ်း ၂၀ တို့တွင် လသာမြို့နယ် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ရပ်ရွာ အထောက်အကူပြုအဖွဲ့များ၊ ရပ်မိ ရပ်ဖများ စုပေါင်းကာ ပိုးသတ်ဆေး ဖျန်းခြင်းနှင့်သန့်ရှင်းရေးဆောင်ရွက် ခြင်းတို့ကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထို့ပြင် လမ်းများတွင်လည်း အများပြည်သူများ အသုံးပြုနိုင်ရန် လက်ဆေးကန်များကို ဆောင်ရွက် ပေးထားသည့်အပြင် လက်သန့် ဆေးရည်များနှင့် နှာခေါင်းစည်း များကို အခမဲ့ဝေပေးသွားရန် စီစဉ်ထားသည်။

လသာမြို့နယ်သည် ရန်ကုန်မြို့၏ အချက်အချာကျသည့် မြို့နယ် တစ်ခုဖြစ်သည်နှင့်အညီ ပြည်သူများ သွားလာမှု များပြားသည့်အတွက် လသာမြို့နယ် တစ်ခုလုံးကို ဆေးဖျန်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




သီလဝါအထူးစီးပွားရေးဇုန်။

❀ ရှေ့ဖုံးမှ

အလုပ်သမား ဝန်ထမ်းပေါင်း ၁၂၀၀၀ ကျော် အလုပ်လုပ်နေ ပါတယ်” ဟု ပြောသည်။

သီလဝါအထူးစီးပွားရေးစက်မှုဇုန်တွင် လုပ်ငန်းများ ပုံမှန်လည်ပတ်နေသော်လည်း ကျန်းမာရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြား ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိ ကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ မှ သိရသည်။

“ညွှန်ကြားချက်တွေဖြစ်တဲ့ လက်ကိုမကြာခဏ စနစ်တကျ ဆေးရမယ်။ တစ်ယောက်နဲ့တစ်ယောက် သုံးပေခွာနေရမယ်။ လုပ်ငန်းခွင်မှာ သံသယလူနာ (သံသယ ဖြစ်စရာ) တွေ့ရင် ချက်ချင်းအကြောင်းကြားဖို့၊ အားလုံး သတိဝီရိယရှိကြဖို့၊ ထုတ်ပြန်ညွှန်ကြားချက်တွေကို လိုက်နာဖို့ ပြောထားပါတယ်။ အားလုံးကို ကြပ်ကြပ် မတ်မတ် ဆောင်ရွက်နေပါတယ်။ မလိုအပ်ဘဲ အပြင်မှာ လူစုလူဝေးတွေနဲ့ မသွားလာဖို့ အဲဒီလိုမျိုးတွေတော့ ဆောင်ရွက်ထားတယ်။ ကျွန်မတို့ကို နိုင်ငံတော်သမ္မတရုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့က Instruction သုံးခုပေးပါတယ်” ဟု သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်က ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၂၀ မှ လုပ်ငန်းပေါင်း ၁၁၃ ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အဆိုပါ လုပ်ငန်းများအနက် လုပ်ငန်း ၈၀ ကျော်မှာ စီးပွားဖြစ် လည်ပတ်လျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် အမြဲတမ်းလုပ်သားနှင့် ဆောက်လုပ်ရေး လုပ်ကိုင်နေသူများ အပါအဝင် စုစုပေါင်း လုပ်သား ၂၀၀၀၀ ကျော် အလုပ် လုပ်ကိုင်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

**သတင်း–ညွန့်ကိုကို၊ ဓာတ်ပုံ–ဖိုးထောင်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



ဒုတိယဝန်ကြီး
ဗိုလ်ချုပ် သန်းထွဋ်



ချီဖွေမဲဆန္ဒနယ်မှ
ဦးဖုံးတိန့်



ဒုတိယဝန်ကြီး
ဦးလှကျော်



လက်ပံတန်းမဲဆန္ဒနယ်မှ
ဦးကျော်မင်း

**နေပြည်တော် မတ် ၂၅**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့်၏ ချီဖွေမြို့နယ် နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စု မိုရှီးဒီးငေါ့ချန်း ချောင်းကူးတံတား ပေ ၁၆၀ ခန့်ကို ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ချီဖွေမြို့နယ် နယ်စပ်ကန်းဖန့်ကျေးရွာအုပ်စု မိုရှီးဒီးငေါ့ချန်း ချောင်းကူးသစ်သားတံတား ပေ ၁၆၀ ခန့်ကို သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက်ပေးရန်အတွက် လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ မြို့နယ်၊ ခရိုင်ဖွံ့ဖြိုးမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ သယ်ယူရွှေ့ပြောင်းနိုင်မှု ရှိ၊ မရှိ၊ လုပ်သားရရှိနိုင်မှု၊ ရာသီဥတုကန့်သတ်ချက်များ စသည်တို့အပေါ်တွင် သုံးသပ်စိစစ်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် တင်ပြပြီး သတ်မှတ်စီမံကိန်းအဆိုပြုလွှာဖြင့် တင်ပြလာပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ပန်းတာသစ်အတွက် ရယူခဲ့သည့် လယ်မြေ ၁၂ ဧကတို့အတွက် သက်ဆိုင်ရာတောင်သူများ နစ်နာကြေး မူဝါဒနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးသွားမည်

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ လက်ပံတန်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော စီမံကိန်းများကြောင့် တောင်သူများ၏ လယ်မြေများ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြေစီးကျေးရွာရှိ မြေသားချောင်းပိတ်တမံ ဆောင်ရွက်ခြင်းအတွက် ဖို့မြေယူခဲ့သည့် လယ်မြေ လေးဧကနှင့် ယွန်းသွယ်ကျေးရွာရှိ ဒေသနေတောင်သူလယ်သမားများ၏ ရေဘေးကာကွယ်ရေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ရန်အတွက် တည်ဆောက်ခဲ့သည့် ပန်းတာသစ်အတွက် ရယူခဲ့သည့် လယ်မြေ ၁၂ ဧကတို့အတွက် သက်ဆိုင်ရာတောင်သူများမှ နစ်နာကြေးရယူလိုကြောင်း တင်ပြလာမှုအပေါ်တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်ခဲ့သည့် လယ်မြေများအတွက် နစ်နာခဲ့သည့် ဒေသခံများအနေဖြင့် တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြစိစစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းနောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ဆက်လက်တင်ပြပြီး ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆည်မြောင်းဦးစီးဌာနအနေဖြင့် နီးစပ်ရာ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ နစ်နာသူများကို လျော်ကြေးပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆီဆိုင် မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ ဆီဆိုင်မြို့နယ် အနောက်မြောက်ခြမ်း တောင်ကြီးမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်သော ဆိုက်ခေါင်-နောင်ဆံဗတ်-နောင်ကဖား - ပုံးလောင်း-နောင်လုံ(မြောက်) ကျေးလက်လမ်းအား မြေသားလမ်း သဲဖြုန်းခင်းခြင်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စုရှိ ဆိုက်ခေါင်-နောင်ဆံဗတ်- နောင်ကဖား-ပုံးလောင်း-နောင်လုံ (မြောက်) ကျေးရွာချင်းဆက်လမ်းအရှည် ခုနစ်မိုင်သည် လမ်းအဆင့်သတ်မှတ်ချက် Class A ဦးစားပေးအဆင့်(၂) လမ်းတွင် ပါဝင်ပြီး ကျေးရွာ လေးရွာကို အကျိုးပြုသော လမ်းဖြစ်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အဆင့်မြှင့်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား

ဆက်လက်၍ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ ခေါင်လန်ဖူးမြို့နယ်တွင် ပြည်သူများ အားကိုးအားထားပြုသွားလာနေသည့် လော်ဝူးချီလာ အဝင်တံတားနှင့် အထွက်တံတားအား ၂၀၁၉-၂၀၂၀ တွင် ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လည်းကောင်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ 2 KR-2012 စီမံကိန်းသည် တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ စုဆောင်းရရှိငွေများအား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်မျှတသော စီမံခန့်ခွဲအုပ်ချုပ်မှုဖြစ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်၏ ၁၉၇၀ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမအသင်းများ ပိုင်ဆိုင်သည့်မြေနှင့် အခြားပိုင်ဆိုင်မှုများကို ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမအသင်းတချို့က စီမံခန့်ခွဲကာ အကျိုးအမြတ်ခံစားနေမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြန်လည်စစ်ဆေးပြီး ၁၉၇၀ ပြည့်နှစ် သမဝါယမအသင်းများ၏ ပိုင်ဆိုင်မှုများကို မူလပိုင်ဆိုင်သူများအတွက် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်များ နွေစပါးစိုက်ပျိုးရေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မိုင် ၃၀ စိမ်းလန်းစိုပြည်ရေး စီမံကိန်းအတွက် ရေကို အချိန်အခါမီ လုံလောက်စွာ သိုလှောင်ထိန်းသိမ်း ဖြန့်ဝေပေးနိုင်ရန်အတွက် စစ်ပင်ဆိပ်ချောင်းတွင် ရေတံခါးတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့ပြင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ၏ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေသေးသည့် ၁၅ မိုင် ၆ ဖာလုံ ကို ၂၀၁၉-၂၀၂၀ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု ထင်းကွင်း-လယ်မီး-နန့်ဟူး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူးသစ်သားတံတား (၁၇၅ x ၁၄ x ၂၂) ပေအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံ-နားပွဲ-မောင်းတုန်းလမ်းမှ ကျန်ရှိနေသော လမ်းမိုင် ခြောက်မိုင်ခန့်အား မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ တင်သွင်းသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းထွန်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဝင် ဦးငြိမ်းသစ်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန်အတွက် ကော်မတီအတွင်းရေးမှူး ဦးဖုံးတိန့်က အဆိုတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

## ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၂ ခုရှိပြီး ဥပဒေကြမ်း ခုနစ်ခုကို အတည်ပြုနိုင်ခဲ့

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသည် ယနေ့ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ ယခုကာလအတွင်း အစည်းအဝေး ကျင်းပရက် ၁၃ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၉၇ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၇၅၇ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဝမ်းနည်းကြောင်းအဆိုတစ်ခုအပါအဝင် အဆို ခြောက်ခု တင်သွင်းခဲ့ပြီး မှတ်တမ်းတင် အဆိုတစ်ခုနှင့် ဆက်လက်ဆွေးနွေးရန် ကျန်အဆို ငါးခုတို့ ဖြစ်ပါကြောင်း၊ ဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၂ ခုရှိပြီး ဥပဒေကြမ်း ခုနစ်ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၅ ခု ကျန်ရှိပါကြောင်း။

ယခုအစည်းအဝေးကာလအတွင်း တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး ကတိသစ္စာပြုခြင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီတို့တွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို ကော်မတီများတွင် လေ့လာသူများအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကိုလည်း ယနေ့အတည်ပြုနိုင်ခဲ့ပါကြောင်း၊ သုတေသနဆိုင်ရာဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ဦးချင်းစုံစမ်းမေးမြန်းမှု ၄၃ ခု ပြန်ကြားပေးခြင်းနှင့် သုတေသနစာတမ်းတို ၁၂ စောင်ကို ဖြန့်ဝေနိုင်ခဲ့ပါကြောင်း။

## ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် ဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲသွားကြရမည်

မိမိတို့ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် မိမိတို့အားလုံးသည် ဘက်စုံကဏ္ဍစုံတွင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် အဓိကကျပါကြောင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန်ထိန်းညှိ၍ ညီညွတ်မျှတစွာ ဆောင်ရွက်ကြရေးသည် အရေးကြီးလှပါကြောင်း၊ ဥပဒေပြုရေးကဏ္ဍတွင်လည်း ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးနိုင်သည့် ဥပဒေများရေးဆွဲ ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည့် ဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲသွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟူ၍ မိမိတို့၏ နိုင်ငံတော်အခြေခံမူများတွင် ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒ ထင်ဟပ်စေရန် ဆောင်ရွက်ကြရာတွင် တိုင်းရင်းသားပြည်သူအားလုံး အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရန် စိတ်ရင်းစေတနာမှန်ဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

## အကျိုးသက်ရောက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက ကျရာကဏ္ဍမှ မလွဲမသွေ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရမည်

ယခုအခါ မိမိတို့နိုင်ငံသည် ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှု ပြဿနာများစွာနှင့် ရင်ဆိုင်နေရသည့် အချိန်အခါသမယတွင် ကမ္ဘာအနှံ့ကူးစက်ပြန့်ပွားနေသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID -19) ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ကြေညာထားသည့်ကာလနှင့်လည်း ကြုံတွေ့နေရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပြီး ရောဂါကာကွယ်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ပြည်သူများအပေါ် ထိုရောဂါ၏ အကျိုးသက်ရောက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များကလည်း ကျရာကဏ္ဍမှ မလွဲမသွေ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူသာလျှင်အဓိကဆိုသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် (COVID-19) နှင့် ပတ်သက်သည့် ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များကို နိုင်ငံတစ်ဝန်းလုံးလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး


ဒုတိယဝန်ကြီး ဦးသာဦး


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး

**နေပြည်တော် မတ် ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ၏ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးဖြစ်သော ဒလသင်္ဘောကျင်းရှိ အဆောက်အအုံများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရှေးဟောင်းသမိုင်းဝင် ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်ရေး ဆောင်ရွက်ပေးရန်နှင့် သမိုင်းတန်ဖိုးကြီးလှသော သင်္ဘောကျင်းတစ်ခုလုံးကို ပြုပြင်မွမ်းမံထိန်းသိမ်းကာ ရေကြောင်းသမိုင်းပြတိုက် သို့မဟုတ် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ဒလသင်္ဘောကျင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည့်အပြင် ဆက်စပ်ဧရိယာများတွင် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့်အစီအစဉ်များကိုပါ ဆက်လက်ဆောင်ရွက်သွားရန်ရှိသည့်အတွက် ဒလသင်္ဘောကျင်းရှိ အဆောက်အအုံများကို ရှေးဟောင်းသမိုင်းဝင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရန် အစီအစဉ်မရှိပါကြောင်း၊ သို့ရာတွင် လက်ရှိဂိုဒေါင်အဖြစ် အသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံတွင် Blue Plaque ကပ်ထားနိုင်ရေးနှင့် သင်္ဘောကျင်းအတွင်း ရေကြောင်းသမိုင်းပြတိုက်အဖြစ် ထားရှိရေးအစီအမံများနှင့် ပတ်သက်၍ Feasibility Study ဆောင်ရွက်မည့်ကုမ္ပဏီအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ Yangon Heritage Trust နှင့် မဲဆန္ဒနယ်ကိုယ်စားပြု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်သွားစေမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ၏ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်နယ်မြေရှိ တက္ကသိုလ်ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်တို့တွင် နေထိုင်သော ပြည်သူများသည် တရားဝင်အခွန်အခများ ပေးဆောင်နေကြသော်လည်း ရပ်ရွာစည်ပင်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှု မရှိခြင်း၊ ဘဏ္ဍာငွေလျာထားမှု မရှိခြင်းတို့ကြောင့် အခက်အခဲဒုက္ခမျိုးစုံ ခံစားနေရပါသဖြင့် မည်သည့်အချိန်တွင် နိုင်ငံတော်ဘဏ္ဍာဖြင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ထည့်သွင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြိတ်ခရိုင် မြိတ်မြို့ ကလွင်နယ်မြေရှိ တက္ကသိုလ်ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်တို့တွင် နေထိုင်သော ပြည်သူများ၏အကျိုးငှာ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ ချင်းပြည်နယ် ပလက်ဝမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံဟောင်းကို ပြန်လည်ပြုပြင်မွမ်းမံပေးရန်နှင့် RCC နှစ်ထပ်ကျောင်းဆောင်အသစ်တစ်ခုကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာဦးစီးဌာနအနေဖြင့် ပလက်ဝမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင်ရှိသည့် ပေ (၃၉၀ x ၃၀) သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်ဆောင် တစ်ဆောင်အား ပြင်ဆင်နိုင်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းရေးစရိတ် (၀၄၀၂) အဆောက်အဦ ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေး အစီအစဉ်အရ စိစစ်လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ပေ (၁၃၀ x ၃၀) RCC နှစ်ထပ်ဆောင်တစ်ဆောင် အသစ်ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၀– ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေးစာရင်းတွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ ထည့်သွင်းလျာထား စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ပေါက်ပင်ကျေးရွာအုပ်စု နဂါးတွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် သတ်မှတ်သည့်မူသည် အထက်တန်းအဆင့် ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ နှင့် အထက်ရှိခြင်း သို့မဟုတ် သွားလာရေးခက်ခဲသည့် တောင်တန်း၊ မြစ်၊ ချောင်း၊ ပေါများသည့်ဒေသ သို့မဟုတ် မြေပြန့်ဒေသဖြစ်ပါက အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းနှင့် ၁၀ မိုင်အထက် ကွာဝေးရမည်ဖြစ်ပါကြောင်း။

မုံရွာမြို့နယ် နဂါးတွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် ဦးစားပေးကျောင်းအနေဖြင့် အဆင့်တိုးမြှင့်ပေးရန် စိစစ်ရာ အထက်တန်းအဆင့်ကျောင်းသားဦးရေ စုစုပေါင်း ၁၃၂ ဦးရှိသည့်အတွက် သတ်မှတ်ဦးရေ ၂၀၀ မပြည့်မီပါကြောင်း၊ အကွာအဝေးသည်လည်း ၁၀ မိုင် ရှိရမည်ဖြစ်သော်လည်း သုံးမိုင်သာ ရှိသည့်အတွက် သတ်မှတ်ချက်နှစ်ခုစလုံးနှင့် ကိုက်ညီခြင်းမရှိပါကြောင်း၊ ထို့ကြောင့် ကျောင်းအဆင့်တိုးမြှင့်ပေးရန် ဦးစားပေးစာရင်းတွင် ပါဝင်ခြင်းမရှိပါကြောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖြစ်သည့်အတွက် အထက်တန်းပညာရပ်များကို ဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းရှိပါကြောင်း ဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ ပခုက္ကူမြို့တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော ရွှေချောင်းချောင်းကို ရေလမ်းကြောင်း တည်ငြိမ်စေပြီး ရေတိုက်စား၊ ကမ်းပြိုခြင်းမှ ကာကွယ်ရန် အမှတ်(၃)ရပ်ကွက်တွင် ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက လည်းကောင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် RC နှစ်ထပ်ကျောင်းဆောင်အသစ်ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ ကိုယ်ပိုင်ကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ စနစ်တကျ၊ စည်းကမ်းတကျရှိကြောင်း သက်ဆိုင်ရာအဆင့်ဆင့်မှ မည်သို့ကြီးကြပ်တင်ပြကာ မည်သို့သဘောထားမှတ်ချက် အကြောင်းကြားထားကြောင်း သိရှိလိုခြင်း မေးခွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် လက်ဆက်ကျေးရွာအုပ်စု စိန်ကန့်လန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(RTC) ကျောင်းမြေနေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး (၆၀x၃၀) ပေ RC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးဝင်းကြိုင်၏ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးနီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ ရခိုင်ပြည်နယ် စစ်တွေမြို့ စက်ရုံစုရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ကျောင်းဝင်းခြံပတ်လည်အား အုတ်တံတိုင်းကာရံပေးရန် သို့မဟုတ် လုံခြုံခိုင်မာသော ခြံစည်းရိုးတစ်မျိုးမျိုးကာရံပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးအား ခုတင် (၂၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေးဦး၏ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ သူနာပြုနှီးနွှယ် ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်းကြီးကို သူနာပြုသင်တန်းကျောင်းကြီးအဖြစ် အမည်ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်၌ ပြောင်းလဲပေးမည်ကို သိရှိလိုခြင်း မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ ချင်းပြည်နယ် မင်းတပ်မြို့နယ်မှ (၂၃)မိုင်၊ အေးသာယာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသာမြို့သစ် အားကစားကွင်းအား တိုင်းအဆင့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်လှငွေး (ခေါ်) ဒေါ်အုန်းကြည်က ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

## ကြက်ခြေနီ အမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က ကြက်ခြေနီ အမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ယင်းအဆိုကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂) သန်းကျော်ကို ပြည်ပမှ တင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့်ရောသုံးသည့် အီသနော လောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန်စသည့် ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit) ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော အီသနော (ခေါ်) ရေမဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးစီစဉ်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဝင်းဇော်က အဆိုသည် တစ်နိုင်ငံလုံးရှိ အီသနောရော ဓာတ်ဆီလောင်စာသုံးစွဲသည့် စက်အမျိုးမျိုးကို အသုံးပြုနေသည့် ပြည်သူများနှင့် ရောင်းဝယ်ဖောက်ကားသူများကို အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အစိုးရအနေဖြင့် အဆိုကို အကောင်အထည်ဖော်သည့်အခါတွင် လက်ရှိမူဝါဒများ၊ ကျင့်သုံးဆဲဥပဒေများနှင့်အညီ လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့်ကို အမြန်ဆုံးစီမံချမှတ် ဆောင်ရွက်နိုင်ရေးသည် လက်တွေ့ဖြစ်နိုင်ခြေ ရှိ၊ မရှိကို သုံးသပ်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

နိဂုံးချုပ်အနေဖြင့် လွှတ်တော်ရပ်နားထားစဉ်ကာလတွင် မိမိတို့ကို ရွေးချယ်တာဝန်ပေးလိုက်သည့် မဲဆန္ဒနယ်အသီးသီးမှ မဲဆန္ဒရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံကို အလေးထားမှတ်သားနားထောင်ကြပါ။ ဒေသဖွံ့ဖြိုးရေးကိစ္စများတွင် စေတနာအပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။ ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်ကြပါ။ ပြည်ထောင်စုကိုသာ မျက်နှာမူပြီး ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများမထားဘဲ ပြည်သူ့အကျိုးအတွက် ဦးစားပေးပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါ။ အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ် ကာကွယ်မြှင့်တင် ဆောင်ရွက်ကြပါ။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူနှင့်အတူ ပူးပေါင်းကာကွယ်ဆောင်ရွက်ပေးကြပါဟု မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

*စာမျက်နှာ ၇ မှ*

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ပြန်လည်ဖြေရှင်းဆွေးနွေးရာတွင် အဆိုနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကအဖွဲ့အစည်းများကို အီသနော (ခေါ်) ရေမဲ့အရက်အား သင့်တော်မည့် ရာခိုင်နှုန်းအချိုးအစပ်ဖြစ်သည့် ၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကို ဓာတ်ဆီဖြင့်ရောနှောသုံးရန် လုပ်ပိုင်ခွင့်အမိန့်ကို ၂၀၀၉ ခုနှစ်ကတည်းက ထုတ်ပြန်ဆောင်ရွက်ထားပြီးဖြစ်ခြင်း၊ လက်ရှိအခြေအနေတွင်လည်း နည်းပညာစံချိန်စံညွှန်းနှင့် ကိုက်ညီအောင် ဆောင်ရွက်အဆိုပြုလျှောက်ထားလာမည့် ကိစ္စရပ်တိုင်းအား စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီးနောက် ခွင့်ပြုရန် အခွင့်အလမ်းများ ရှိနေပြီဖြစ်ခြင်းတို့ကြောင့် အစိုးရအနေဖြင့် ယင်းလုပ်ပိုင်ခွင့်အမိန့်ကို ထပ်မံထုတ်ပေးရန် လိုအပ်ခြင်းမရှိပါသောကြောင့် အဆိုကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဆိုရှင် ဦးမောင်မောင်အုန်းက အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုသာ လက်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲ ၃၆ မဲ၊ ကန့်ကွက်မဲ ၉၄ မဲနှင့် ကြားနေမဲ ၂၆ မဲဖြစ်၍ ကန့်ကွက်မဲများသဖြင့် ဦးမောင်မောင်အုန်း၏ အဆိုကို အတည်မပြုကြောင်း ကြေညာသည်။

## ကြယ်ပွင့်ပြမေးခွန်း ၁၀၅ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၂၄၄ ခု တို့ကို မေးမြန်းခဲ့

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၇ ရက်မှ မတ် ၂၅ ရက်အထိ အစည်းအဝေးကျင်းပရက် ၁၃ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၀၅ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၂၄၄ ခု တို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးမောင်မောင်အုန်း၏ မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့်ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန်စသည့် ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit) ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော အီသနော(ခေါ်) ရေမဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်း အချိုးအဆအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့်ထုတ်ပြန်ပေးခြင်း (Mandate) ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးစီစဉ်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကိုလွှတ်တော်က အတည်မပြုကြောင်း ကြေညာခဲ့ပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်း၊ ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့် ကြက်ခြေနီ အမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့သော မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းသည့် ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေး တင်သွင်းသည့် ၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ခဲ့ပါကြောင်း။

နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ၊ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ၊ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီး ပြန်လည်ကြားနာနိုင်ရန် ဥပဒေကြမ်းကော်မတီသို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများအနေဖြင့် ဥပဒေကြမ်းကော်မတီ ၁၃ ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ သုံးကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ကိုးကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ သုံးကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ တစ်ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ခြောက်ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ နှစ်ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီခြောက်ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ခြောက်ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီကိုးကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကိုးကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီလေးကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရှစ်ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ လေးကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီငါးကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ ၁၀ ကြိမ် စုစုပေါင်းကော်မတီအစည်းအဝေး ၉၈ ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ၁၅ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတိုခုနစ်စောင် ထုတ်ဝေခဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲများ (Debate)ကို နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ၁၅ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို ခုနစ်စောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးက သိရှိလိုသည့် သတင်းအချက်အလက်မေးမြန်းမှု ၂၈ ခုအနက် ၁၄ ချက်ကို ရှာဖွေပေးခဲ့ပြီးဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။ **အောင်ရဲသွင်**

---

# ဝါးခယ်မ မြို့မဈေး ယာယီပိတ်မည်ဆိုသော သတင်းမှာ ကောလာဟလ သတင်းသာဖြစ်

**ဝါးခယ်မ မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ မြို့မဈေး ယာယီပိတ်မည်ဆိုသောသတင်းမှာ ကောလာဟလ သတင်းသာဖြစ်ပြီး ယနေ့နံနက်တွင် ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်။

“ဈေးပိတ်မယ်ဆိုတဲ့ သတင်းက ဘယ်သူက ဘယ်လိုစခဲ့လဲမသိဘူး။ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး ပြောနေကြတာပဲ။ ကျွန်တော်က ကျုံထရိတ်ကျေးရွာမှာနေတာ။ ပြီးခဲ့တဲ့ ရက်ကတည်းက ဈေးပိတ်မယ်၊ ဈေးပိတ်မယ်နဲ့ ပြောနေကြတာပဲ။ ဈေးဆိုင်တွေကို မေးကြည့်တော့လည်း တိတိကျကျမသိဘူး”ဟု ကျုံထရိတ်ကျေးရွာမှ ဦးနိုင်နိုင်စိုးက ပြောသည်။

“ဒီသတင်းကတော့ ပြောနေကြတာပါပဲ။ ကျွန်တော်ကော ကျွန်တော့်ဝန်ထမ်းတွေကိုကော ကောလာဟလသတင်းတွေနဲ့ ပတ်သက်ပြီး လက်လှမ်းမီသလောက် ဖြေရှင်းကြဖို့ ပြောထားပါတယ်။ တစ်စုံတစ်ခု ညွှန်ကြားချက်ရခဲ့ရင်လည်း ချက်ချင်းဆိုသလို ပြည်သူတွေ သိရှိအောင် အသိပေးဆောင်ရွက်သွားမှာပါ။ အခုလည်း မြို့မဈေးမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေး အသိပညာပေးဗီနိုင်းတွေ၊ လက်ဆေးကန်တွေ တပ်ဆင်ထားရှိတာမျိုး၊ ဆေးဖျန်းတာတွေ၊ လက်ကမ်းစာစောင်တွေ၊ သရုပ်ပြတာတွေနဲ့ အသိပညာဖြန့်ဝေတာမျိုးလည်း ဝန်ထမ်းတွေက ဆောင်ရွက်ပေးထားပါတယ်။ ပြည်သူတွေအနေနဲ့လည်း သတင်းအမှားတွေကို ချင့်ချိန်ယုံကြည်ကြဖို့ တိုက်တွန်းလိုပါတယ်”ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးက ပြောသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

---

*○ကျောဖုံးမှ*

လောက်စာလုံးခန့် မိုးသီးများကြွေကျခဲ့ပြီး အေးမြသာယာအုပ်စုအတွင်းမှ ဆိုင်းဂျာဘွမ်ကျေးရွာတွင် အရွယ်အစားပိုကြီးသည့် မိုးသီးကြွေကျခဲ့မှုကြောင့် အိမ်ခြေ ၁၉၃ လုံးခန့် အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။

နေအိမ်အမိုး ပျက်စီးဆုံးရှုံးမှု စာရင်းများပြုစုပြီး ကူညီထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်/ကျေးစာရေး ဦးကျော်ဟန်က “နေအိမ်အမိုး ပျက်စီးဆုံးရှုံးမှု အများဆုံးကတော့ ဆိုင်းဂျာဘွမ်ကျေးရွာပါပဲ။ ကျန်တဲ့ရွာတွေက ထူးထူးခြားခြား ပျက်စီးတာ မရှိပါဘူး။ ဒီရွာမှာက အာလူးသီးလောက်အလုံးတောင် ပါတယ်လို့ ပြောကြပါတယ်။ တချို့အိမ်တွေဆို ဆန်ခါပေါက်တွေလို ဖြစ်သွားပါတယ်။ သွပ်အသစ်အထူတွေ မိုးထားတဲ့ အိမ်တွေလောက်ပဲ ကျန်တာ” ဟု ပြောသည်။

ဆိုင်းဂျာဘွမ်ကျေးရွာမှ ဒေါ်အေးက “တစ်ရွာလုံးနီးပါးပါပဲ။ အမိုးတွေလည်း ရစရာကို မရှိတော့ဘူး။ ကွမ်းသီးလုံးလောက် အလုံးတွေကျတာဆိုတော့ ဘယ်ခံနိုင်တော့မလဲ။ ပြန်မိုးနိုင်တဲ့သူတွေက ပြန်မိုးကြတာပေါ့။ ပြန်မမိုးနိုင်တဲ့သူတွေက ဒီအတိုင်း ငုတ်တုတ်ပါပဲ။ သားတွေလည်း မိုးညှင်းဘက်ခရီးလွန်နေတော့ ကျွန်မက ဘာဆက်လုပ်ရမလဲ မသိသေးပါဘူး။ မနေ့ကတည်းက အုပ်ချုပ်ရေးအဖွဲ့တွေက စာရင်းတွေ လိုက်ကောက်နေတာပဲ။ စာရင်းတော့ ပေးလိုက်ပါပြီ”ဟု ပြောသည်။

ဖားကန့်မြို့နယ်တွင် ယခုနှစ် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းကလည်း ဆယ်မိနစ်ခန့်ရွာသော မိုးနှင့်အတူ မန်ကျည်းစေ့ခန့် မိုးသီးများ ကြွေကျခဲ့သေးပြီး ကြီးမားသည့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခြင်းမရှိခဲ့ဘဲ ကျေးရွာအချို့တွင် ပလတ်စတစ်ကော်ပြား အကြည်အချို့နှင့် မိုးကာတဲအချို့သာ ပျက်စီးခဲ့ကြောင်း သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**



# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၄-၁-၂၀၂၀ ရက်နေ့မှ ၂၅-၃-၂၀၂၀ ရက်နေ့ထိ) (၂၅-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

## ကမ္ဘာတစ်ဝန်း၌ COVID-19 ရောဂါဖြစ်ပွားမှု ၁၉၅ နိုင်ငံဖြစ်လာပြီး အတည်ပြုလူနာ ၃၇၅၄၉၈ ဦးနှင့် သေဆုံးသူ ၁၆၃၆၂ ဦးရှိလာ

၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၄-၃-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၃၀) နာရီအချိန် ရရှိသော သတင်းအချက်အလက်များအရ ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့် နယ်မြေဒေသစုစုပေါင်း - (၁၉၅) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၃၇၅,၄၉၈) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၁၆,၃၆၂) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၄) %

ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| (၁) | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၁,၇၆၇ | ၃,၂၈၃ |
| (၂) | အီတလီ | ၆၃,၉၂၇ | ၆,၀၇၇ |
| (၃) | အမေရိကန်ပြည်ထောင်စု | ၄၂,၁၆၄ | ၄၇၁ |
| (၄) | စပိန် | ၃၃,၀၈၉ | ၂,၁၈၂ |
| (၅) | ဂျာမနီ | ၂၉,၂၁၂ | ၁၂၆ |
| (၆) | အီရန် | ၂၄,၈၁၁ | ၁,၉၃၄ |
| (၇) | ပြင်သစ် | ၁၉,၆၁၅ | ၈၆၀ |
| (၈) | ကိုရီးယားသမ္မတနိုင်ငံ | ၉,၀၃၇ | ၁၂၀ |
| (၉) | ဆွစ်ဇာလန် | ၈,၀၁၅ | ၆၆ |
| (၁၀) | United Kingdom | ၆,၆၅၄ | ၃၃၅ |

မှတ်ချက်။ ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော နိုင်ငံများအား ရွေးချယ်ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

- ဓာတ်ခွဲအတည်ပြုလူနာ (၁,၀၀၀) ဦးမှ (၆,၅၀၀)ဦး ကြားရှိသော နိုင်ငံ (၁၆) နိုင်ငံ –
  (နယ်သာလန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ နော်ဝေ၊ ဩစတြေးလျ၊ ပေါ်တူဂီ၊ ဆွီဒင်၊ ဘရာဇီး၊ တူရကီ၊ မလေးရှား၊ ဒိန်းမတ်၊ ကနေဒါ၊ အစ္စရေး၊ ချက်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နှင့် အိုင်ယာလန်)
- ဓာတ်ခွဲအတည်ပြုလူနာ (၅၀၀) ဦးမှ (၁,၀၀၀)ဦး ကြားရှိသော နိုင်ငံ (၁၅) နိုင်ငံ –
  (ပါကစ္စတန်၊ လူဇင်ဘတ်၊ ထိုင်း၊ အီကွေဒေါ၊ ဆော်ဒီအာရေဗျ၊ ပိုလန်၊ ချီလီ၊ ဖင်လန်၊ ဂရိ၊ အိုက်စလန်၊ အင်ဒိုနီးရှား၊ ရိုမေးနီးယား၊ အိန္ဒိယ၊ စင်ကာပူနှင့် ကာတာ)
- ကမ္ဘာပေါ်တွင် နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၁၁၇ ) နိုင်ငံ/ ဒေသရှိပါသည်။

၂။ (၃၀-၁-၂၀၂၀) ရက်နေ့မှ (၂၅-၃-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ –

- သံသယနှင့် စောင့်ကြည့်လူနာ စုစုပေါင်း (၂၇၅)ဦးရှိပြီး ၎င်းတို့အနက် –
  - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၂၁၂) ဦး
  - ဓာတ်ခွဲနမူနာ ပေးပို့ဆဲနှင့် စစ်ဆေးဆဲ - (၆၁) ဦး

၃။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ –

- ရောဂါပိုးတွေ့ရှိရသူ – (၃) ဦး (စောင့်ကြည့်လူနာ – ၂ ဦး၊ Facility Quarantine – ၁ ဦး)
- ထိုလူနာ (၃)ဦးသည် နိုင်ငံပြင်ပမှ ကူးစက်လာသူများ (Imported Case) ဖြစ်ပါသည်။ ၎င်းတို့အနက် (၂) ဦးကို ရန်ကုန်မြို့၊ အထူးကုဆေးရုံ (ဝေဘာဂီ)တွင်လည်းကောင်း ကျန် (၁)ဦးအား ချင်းပြည်နယ်၊ တီးတိန်မြို့နယ်ပြည်သူ့ဆေးရုံတွင်လည်းကောင်း သီးခြားထားရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများနှင့် ဟိုတယ်/ အဆောက်အဦများတွင် (၃၁-၁-၂၀၂၀)ရက်နေ့မှ (၂၅-၃-၂၀၂၀)ရက်နေ့အထိ အသွားအလာကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူ စုစုပေါင်း (၅၀၄) ဦးရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများ (Hospital Quarantine)

- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ - ၆၇ ဦး
- ဝေဘာဂီအထူးကုဆေးရုံ - ၅၉ ဦး
- ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိဆေးရုံများ - ၃၄ ဦး

Hotel Quarantine - ၁၅၈ ဦး

Facility Quarantine - ၁၈၆ ဦး

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်ဆံသူများအားလုံးအား အမြန်ဆုံးရှာဖွေစုံစမ်းဖော်ထုတ်ပြီး အသွားအလာကန့်သတ်ခြင်း ပြုလုပ်လျက်ရှိသည့်အပြင် ကျန်းမာရေးအသိပညာပေးခြင်း၊ မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ အကြံပြုချက်များအား လူတိုင်းတိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်စီးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၃-၂၀၂၀) ရက်နေ့၊ နံနက် (၀၁:၀၀) နာရီ

၁။ အင်္ဂလန်နိုင်ငံမှ (၂၁-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံ၊ သုဝဏ္ဏဘုမိလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဝင်ရောက်လာခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် နေထိုင်နေသည့် မြန်မာနိုင်ငံသား အသက်(၂၆)နှစ်အရွယ် အမျိုးသားသည် ကိုယ်ပူဖျားနာခြင်းနှင့် ချောင်းဆိုးခြင်းရောဂါလက္ခဏာများဖြင့် (၂၃-၃-၂၀၂၀) ရက်နေ့၌ အင်းစိန်ပြည်သူ့ဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် သီးသန့်ခန်းတွင်ထားရှိ၍ (isolation) စောင့်ကြပ်ကုသမှုခံယူခဲ့ပါသည်။

အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာအား (၂၄-၃-၂၀၂၀) ရက်နေ့တွင် ရယူခဲ့ပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့ခဲ့ရာ (၂၄-၃-၂၀၂၀) ရက်နေ့တွင် စစ်ဆေးခဲ့သည့် ဓာတ်ခွဲအဖြေအရ COVID-19 ရောဂါပိုးတွေ့ရှိ(တွေ့ရှိ) ရပါသည်။ **(ဇယား – ၁)**

အဆိုပါ လူနာအား အင်းစိန်ပြည်သူ့ဆေးရုံတွင် သီးခြားထားရှိ (isolation) ၍ စနစ်တကျ စောင့်ကြပ်ကုသလျက်ရှိပြီး (၂၄-၃-၂၀၂၀) ရက်နေ့ညတွင် စစ်ဆေးချက်အရ ၎င်း၏ ကျန်းမာရေးအခြေအနေမှာ သက်သာလျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအရ အဆိုပါ အမျိုးသားထံမှ ဓာတ်ခွဲနမူနာအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ဆက်လက်ပေးပို့၍ အတည်ပြုချက်ရယူသွားမည်ဖြစ်ပါသည်။

အဆိုပါ အမျိုးသားနှင့် ထိတွေ့ခဲ့သူများအားလုံးကို စုံစမ်းဖော်ထုတ်၍ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

၂။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ ဇယား(၂)တွင် ပါဝင်သော စောင့်ကြည့်လူနာ (၂)ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း(မရှိကြောင်း) တွေ့ရှိရပါသည်။ **(ဇယား – ၂)**

၃။ ထို့အပြင် ဝေဘာဂီအထူးကုဆေးရုံတွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ခံယူနေသူ (၁၂) ဦး၊ မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတဇေတဝန်တောရ ဆေးကိန္နရာရာမကျောင်းတိုက်တွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ခံယူနေသူ (၆၀)ဦး၊ တာမွေ မြို့နယ်ရှိ AYA Bank သင်တန်းကျောင်းတွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ခံယူနေသူ (၃၇)ဦးနှင့် ညောင်ရွှေမြို့နယ် ပြည်သူ့ဆေးရုံတွင် အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ခံယူနေသူ (၁) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း(မရှိကြောင်း) တွေ့ရှိရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား-၁

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၅-၃-၂၀၂၀) ရက်နေ့၊ နံနက် (၀၁:၀၀) နာရီ

| စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာစဝင် | ယခုဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | ဆေးရုံစတင်တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 03 | ၂၆ နှစ် | ကျား | အင်္ဂလန်နိုင်ငံ | အင်းစိန် ပြည်သူ့ဆေးရုံကြီး | ၂၃-၃-၂၀၂၀ | တွေ့ရှိ |

ဇယား-၂

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံစတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲအဖြေ |
|---|---|---|---|---|---|---|
| ၁ | ၂၃ နှစ် | ကျား | ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် | မြိုင်ကြီးငူတိုက်နယ်ဆေးရုံ | ၂၂-၃-၂၀၂၀ | မတွေ့ရှိပါ |
| ၂ | ၅၂ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် | ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ |

# အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသူ နေထိုင်သည့်လမ်းကို ခေတ္တပိတ်ထား

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသူ နေထိုင်သည့်လမ်းကို ၁၄ ရက် ပိတ်ထားမည်ဖြစ်ကြောင်း ကွင်းမွေး(၁/၂/၃)လမ်းအပိုင် ရာအိမ်မှူး ဦးစောယာထော်ထံမှ သိရသည်။

"ကွင်းမွေး (၃)လမ်းကိုတော့ ခေတ္တပိတ်ထားတယ်။ ရောဂါပြန့်ပွားမှာစိုးတာကြောင့်ပါ။ နေထိုင်သူက အိမ်ငှားနေသူတွေပါ။ လက်ရှိတော့ မိသားစုခုနစ်ယောက်ရှိတယ်။ အိမ်ထဲကနေ အိမ်အပြင်မထွက်ဖို့ ၁၄ ရက် သတ်မှတ်ထားပါတယ်။ လိုအပ်မယ့် ရေသန့်နဲ့ စားသောက်စရာတွေ ပို့ပေးဖို့လည်း စီစဉ်နေပါတယ်။ လူနာကိုတော့ ဝေဘာဂီ Quarantine မှာ စောင့်ကြပ်ကြည့်ရှုထားပါတယ်" ဟု ပြောသည်။

အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနက လမ်းကို ၁၄ ရက် ပိတ်ရန် ညွှန်ကြားလာသည့်အတွက် ပိတ်ထားရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



ပိတ်ထားသည့် ကွင်းမွေး (၃)လမ်းကို တွေ့ရစဉ်။

# Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | | |
|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

**နေပြည်တော် မတ် ၂၅**

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထု တစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ (၂၅) ရက်နေ့ ညနေ ၃နာရီခွဲအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

| | | **ကျပ်သိန်းပေါင်း** |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ | ၁,၀၀၀.၀၀ |
| ၂။ | ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ | ၁၀၀.၀၀ |
| ၃။ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ | ၁,၀၀၀.၀၀ |
| ၄။ | မောင်ဝိတ် (Sae Paing Development Limited) | ၃,၀၀၀.၀၀ |
| ၅။ | C B Bank | ၁,၀၀၀.၀၀ |
| ၆။ | ရွှေသံလွင်မီဒီယာ Co.,Ltd | ၁,၀၀၀.၀၀ |
| ၇။ | Myanmar C.P Livestock | ၅၀၀.၀၀ |
| ၈။ | လေးကျွန်းသူဖောင်ဒေးရှင်း | ၁၆၈.၀၀ |
| ၉။ | U Ashok Kumar (Chairman), ASHRO MYANMAR LTD. | ၁၅၀.၀၀ |
| ၁၀။ | မြန်မာပိတောက်ဖောင်ဒေးရှင်း | ၁၀၀.၀၀ |
| ၁၁။ | ဒေါက်တာဦးကိုကို မိသားစု | ၁၀၀.၀၀ |
| ၁၂။ | RIT (1983) Intake Friends Group | ၈၈.၀၀ |
| ၁၃။ | United Tyre Group | ၅၀.၀၀ |
| ၁၄။ | Access Spectrum | ၅၀၀.၀၀ |
| ၁၅။ | မြန်မာ့ရိုးရာ သနပ်ဖက်လိပ် လုပ်ငန်းရှင်များ | ၃၅၀.၀၀ |
| ၁၆။ | မန်းအောင်ငြိမ်း ဖောင်ဒေးရှင်း | ၅၀.၀၀ |
| ၁၇။ | အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ | ၄၃.၀၀ |
| ၁၈။ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ | ၈၅.၈၀ |
| ၁၉။ | မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | ၁၀၀.၀၀ |
| ၂၀။ | Forever Group Co.,Ltd | ၂၀၀.၀၀ |
| | **စုစုပေါင်း** | **၉,၅၈၄.၈၀** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်းများ/စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၅–၃–၂၀၂၀) ရက်နေ့၊ ည (၉:၄၅) နာရီ**

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၂၅–၃–၂၀၂၀) ရက်နေ့၊ ည ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာ (၄၀) ဦး ၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။ **(ဇယား –၁)**

၂။ ယခုအခါ COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံ (၁၉၅) နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

၃။ ယနေ့ည ထပ်မံထုတ်ပြန်ရန် ဓာတ်ခွဲအဖြေမရှိတော့ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**(ဇယား –၁)**

### COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၅–၃–၂၀၂၀) ရက်နေ့၊ ည (၉:၄၅) နာရီ

| စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံစတင်တက်ရောက်သည့် ရက်စွဲ | COVID–19 ဓာတ်ခွဲအဖြေ |
|---|---|---|---|---|---|---|
| ၁ | ၃၁ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံ | ၂၂-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၂၀ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် | မိတ္ထီလာပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၂၀ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် | မိတ္ထီလာပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၃၄ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် | မိတ္ထီလာပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၅ | ၂၇ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် | မိတ္ထီလာပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၆ | ၈ လ | ကျား | မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် | မကွေး ပြည်သူ့ဆေးရုံကြီး | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၇ | ၃၃ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံကြီး | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၈ | ၃၆ နှစ် | ကျား | တနင်္သာရီတိုင်းဒေသကြီး၊ ရေးမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၉ | ၂၆ နှစ် | ကျား | ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၀ | ၆၀ နှစ် | ကျား | မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၁ | ၂၂ နှစ် | ကျား | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လယ်ဘူးမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၂ | ၃၇ နှစ် | ကျား | ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၃ | ၃၈ နှစ် | ကျား | ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၄ | ၃၃ နှစ် | ကျား | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၅ | ၂၈ နှစ် | ကျား | ကရင်ပြည်နယ်၊ ကျုံဒိုးမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၆ | ၁၈ နှစ် | ကျား | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၇ | ၂၉ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၈ | ၂၀ နှစ် | ကျား | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် | တာချီလိတ် ပြည်သူ့ဆေးရုံ | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၁၉ | ၃၇ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံကြီး | ၂၃-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၀ | ၁၇ နှစ် | မ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် | မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး | ၂၂-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၁ | ၂၁ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၂ | ၆၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၃ | ၂၅ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် | ဝေဘာဂီအထူးကု ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၄ | ၂ လ | မ | မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် | ခုတင် (၅၅၀) ကလေးဆေးရုံကြီး၊ မန္တလေးမြို့ | ၂၂-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၅ | ၂၁ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် | ကန်တော်နဒီ ဆေးရုံ | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၆ | ၂၈ နှစ် | ကျား | ကရင်ပြည်နယ်၊ ဘားအံမြို့နယ် | ဘားအံပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၇ | ၄၂ နှစ် | ကျား | ကရင်ပြည်နယ်၊ မြဝတီမြို့နယ် | မြဝတီ ပြည်သူ့ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၈ | ၇၄ နှစ် | ကျား | ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ | စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂၉ | ၂၄ နှစ် | ကျား | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် | ကလေးပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၀ | ၂၀ နှစ် | ကျား | စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ် | မန္တလေး ပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၁ | ၂၁ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည် | မန္တလေး ပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၂ | ၂၁ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် | မန္တလေး ပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၃ | ၂၂ နှစ် | ကျား | ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ် | မန္တလေး ပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၄ | ၁၈ နှစ် | ကျား | မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် | မန္တလေး ပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၅ | ၃၅ နှစ် | မ | မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် | မန္တလေးပြည်သူ့ ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၆ | ၃၉ နှစ် | ကျား | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် | မြိတ် ပြည်သူ့ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၇ | ၂၆ နှစ် | ကျား | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ် | ပုသိမ် ပြည်သူ့ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၈ | ၂၆ နှစ် | မ | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ် | ပုသိမ် ပြည်သူ့ဆေးရုံကြီး | ၂၄-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃၉ | ၅၄ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | အင်းစိန် ပြည်သူ့ဆေးရုံကြီး | ၁၆-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄၀ | ၅၉ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | အင်းစိန် ပြည်သူ့ဆေးရုံကြီး | ၂၂-၃-၂၀၂၀ | မတွေ့ရှိပါ။ |

## ရောဂါဖြစ်ပွားတဲ့ ဒေသက ပြန်လာရင် –

- ဒေသဆိုင်ရာ ဌာနများကို မဖြစ်မနေ သတင်းပို့ပါ။ ခရီးသွားရာဇဝင်ကို ပြောပြပါ။
- ပြန်လည်ရောက်ရှိပြီး (၁၄)ရက်အတွင်း သတ်မှတ်သောနေရာတွင် သီးသန့်ခွဲခြား နေထိုင်ပါ။
- မိသားစုများနဲ့ ရောနှောနေထိုင်ခြင်း မပြုရ။
- အသုံးပြုသော ပစ္စည်းများကို သီးခြားထားပါ။

(စိုးရိမ်ပြီး ပုန်းကွယ်ရှောင်တိမ်း မနေပါနဲ့။)



## ကာကွယ်ဆေး ရှိပြီလား –

ယခုအချိန်အထိတော့ ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်နိုင်တဲ့ဆေး မရှိသေးပါဘူး။ ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိကိုယ်တိုင်ရော၊ သူတစ်ပါးကိုပါ ရောဂါကာကွယ်နိုင်ပါမယ်။



## စိုးရိမ်ရလား –

ရောဂါကူးစက်ခံရသူတွေထဲမှာ ၄.၄ ရာခိုင်နှုန်း ကွယ်လွန်ခဲ့တယ်။ ကွယ်လွန်သူ အများစုက ရောဂါအခံရှိသူ၊ ကိုယ်ခံအားနည်းသူ၊ ကုသမှု ခံယူခြင်း နောက်ကျသူတွေပါ။ ဌာနအသီးသီးက ထုတ်ပြန်တဲ့ ကျင့်ဝတ်တွေကို တစ်ဦးချင်းစီက လိုက်နာရင် အောင်မြင်စွာ ထိန်းချုပ်ကာကွယ်နိုင်မှာပါ။



## ကိုယ်ချင်းစာပါ –

အစိုးရိမ်လွန်ပြီး ကြိုတင်ပိုမိုဝယ်ယူစုဆောင်းခြင်းကို ဆင်ခြင်ပါ။ မိသားစုအတွက် အမှန်တကယ်လိုအပ်တဲ့ ပမာဏကိုပဲ ဝယ်ယူပါ။ အခြားသူတွေအတွက် ချန်ထားပေးပါ။



apk
20200324

အသေးစိတ်သိရန်

# ဆော်ဒီ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ တစ်ဦးစတင်ပေါ်ထွက်


နာခေါင်းစည်းတပ်ဆင်သွားလာနေသည့် ဆော်ဒီပြည်သူများကို တွေ့ရစဉ်။

**ရီယာ့ဒ် မတ် ၂၅**
ဆော်ဒီအာရေဗျနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၇၆၇ ဦးအထိမြင့်တက်လာခဲ့ပြီး သေဆုံးသူ တစ်ဦးစတင်ပေါ်ထွက်လာခဲ့ကြောင်း ဆော်ဒီကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရောဂါကူးစက်ခံရမှုကြောင့် အနောက်ပိုင်းမက်ဒီနာ မြို့ရှိ အာဖဂန်နိုင်ငံသား ဒေသခံတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း မတ်၂၄ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၅ ဦးရှိလာပြီး တစ်ရက်အတွင်း အမြင့်ဆုံးအရေ အတွက်သို့ရောက်ရှိခဲ့သည်။

ပင်လယ်ကွေ့ဒေသအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုအမြင့်ဆုံးဖြစ်သည့် ဆော်ဒီအာရေဗျသည် ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရဏ်တက်ချိန်မှ နေဝင်ချိန်အထိ အပြင်မထွက်ရအမိန့်ကို မတ် ၂၃ ရက်တွင် စတင် ထုတ်ပြန်ခဲ့သည်။

အာရပ်ကမ္ဘာ၏ အကြီးဆုံးစီးပွားရေး အင်အားစုဖြစ်သည့် ဆော်ဒီသည် ရုပ်ရှင်ရုံများ၊ ဈေးဝယ်ကုန်တိုက်များ၊ စားသောက်ဆိုင်များအားလုံးကိုပိတ်ထားခဲ့ပြီး လေယာဉ် ခရီးစဉ်များကို ရပ်နားထားခဲ့ကာ တစ်နှစ်ပတ်လုံးဘုရားဖူး ခရီးစဉ်များကို ရပ်နားထားခဲ့သည်။

ဆော်ဒီဘုရင့်နိုင်ငံအနေဖြင့် ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရသည့် အဝင်အထွက်ပိတ်ဆို့မှုနှင့် ရေနံဈေးကျဆင်း မှုတို့၏ ထိုးနှက်ချက်များကို ရင်ဆိုင်နေရသည်ဖြစ်ရာ ဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် ပိုမိုခက်ခဲသည့်အခြေအနေ တစ်ခုကို ရင်ဆိုင်ရနိုင်ကြောင်း ဘုရင်မင်းမြတ် ဆယ်လ်မန် က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# နိုင်ငံအတွင်း ဝင်ခွင့်မရသည့်အတွက် အယ်လ်ဂျီးရီးယားမှ ခရီးသည်များ အစ္စတန်ဘူလေဆိပ်၌ သောင်တင်နေ

**အစ္စတန်ဘူလ် မတ် ၂၅**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု ကြောင့် အယ်လ်ဂျီးရီးယားနိုင်ငံမှ ခရီးသည်၁၀၀၀ခန့်သည်အစ္စတန်ဘူလ် လေဆိပ်၌ သောင်တင်နေကြောင်း အဆိုပါလေဆိပ် အော်ပရေတာက ယမန်နေ့တွင်ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယားက အဆိုပါ ခရီးသည်များကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မပြုကြောင်း လေဆိပ် တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။ တူရကီနိုင်ငံက အယ်လ်ဂျီးရီးယားနိုင်ငံအနေဖြင့် အဆိုပါခရီးသွားများအား နေအိမ်သို့ ပြန်ခွင့်ပြုရန် တိုက်တွန်းထားသည်။


အစ္စတန်ဘူလ်လေဆိပ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံမှ ခရီးသည်များကို တွေ့ရစဉ်။

အိုင်ဂျီအေ၊ တူရကီကြက်ခြေနီ အဖွဲ့၊ တူရကီလေကြောင်းလိုင်းနှင့် ဟာဗက်စ် ဘတ်စ်ကားကုမ္ပဏီတို့က အယ်လ်ဂျီးရီးယား ခရီးသွား ၁၀၀၀ ကျော်ကို ရက်အတန်ကြာသည်အထိ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း အော်ပရေတာက တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

တူရကီနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၃၄၃ ဦးထပ်မံ တိုးပွားလာမှုကြောင့် ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၈၇၂ ဦး ရှိလာကာ သေဆုံးသူ ၄၄ ဦးအထိရှိလာ ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက မတ် ၂၄ ရက် တွင် ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ်အရေး ဂျီ – ၂၀ ဘဏ္ဍာရေးအကြီးအကဲများဆွေးနွေး

**တိုကျို မတ် ၂၅**
ကိုရိုနာဗိုင်းရပ်စ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရန် ဂျီ-၂၀ နိုင်ငံများမှ ဘဏ္ဍာရေး ဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် ယခုရက်ပိုင်းအတွင်း တယ်လီဖုန်းဖြင့် အရေးပေါ်ဆက်သွယ်ဆွေးနွေးမှုပြုလုပ်ခဲ့သည်။ ဂျပန် ဘဏ္ဍာရေးဝန်ကြီး တာရောအာစိုနှင့် ဗဟိုဘဏ်ယာယီဥက္ကဋ္ဌ ဟာရုဟိကိုခုရိုး ဒါတို့လည်း အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဂျီ – ၂၀ နိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်သည့် နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုကြောင့် ပေါ်ပေါက်လာမည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို လွန်စွာစိုးရိမ်ပူပန်လျက်ရှိ ကြောင်း၊ ဂျီ – ၂၀ နိုင်ငံများက ယင်းကိစ္စနှင့်ပတ်သက်၍ အရေးကြီးသည့် နေရာမှ ပါဝင်ဆောင်ရွက်နေကြောင်း ဘဏ္ဍာရေးဝန်ကြီး တာရောအာစိုက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

လက်ရှိအခြေအနေကိုကျော်လွှားရန် အဓိကကျသည့် အချက်မှာ ကိုရိုနာဗိုင်းရပ်စ်ကုသဆေးကို ဖော်ထုတ်နိုင်ရန်ဖြစ်ပြီး ဆေးဝါးဖန်တီးထုတ်လုပ်မှု ပိုမိုမြန်ဆန်စေရန် အားလုံးအတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နိုင်ငံများအားလုံးကို ၎င်းကတိုက်တွန်းပြောကြားလိုက်သည်။ ယင်းနောက်



ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရောအာစို

ကျန်းမာရေးဝန်ဆောင်မှုအားနည်းသည့် နိုင်ငံများကို ဂျီ – ၂၀ နိုင်ငံများက ကူညီပံ့ပိုးပေးသင့်ကြောင်း ထောက်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တိုကျို၌ ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူ ၄၀ ကျော်ရှိ

**တိုကျို မတ် ၂၅**
ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၂၅ ရက် တွင် ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက် ခံရသူ ၄၀ ကျော်ရှိကြောင်း တိုကျို မက်ထရိုပိုလီတန်အုပ်ချုပ်ရေးအဖွဲ့ နှင့် နီးစပ်သည့် သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ယင်းပမာဏသည် မြို့တော် တိုကျို၌ နေ့စဉ်ကူးစက်ခံရမှုများ အနက် အမြင့်ဆုံးပမာဏဖြစ်လာ ကြောင်း သိရသည်။

ကူးစက်ခံရသူများအနက် ၁၀ ဦး ခန့်မှာ ယခင်ရက်က သူနာပြုတစ်ဦးနှင့် လူနာတစ်ဦး ရောဂါကူးစက်ခံရ ကြောင်း အတည်ပြုခဲ့ရာနေရာဖြစ် သည့် လူနာဆောင်နှင့်ဆက်စပ်ကာ ဖြစ်ပွားခဲ့ကြောင်း အဆိုပါသတင်း ရင်းမြစ်ကပြောသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနိုင်ငံ ကူရီလ်ကျွန်းပေါ်၌ ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက်ထုတ်ပြန်

**ပေကျင်း မတ် ၂၅**
ရုရှားနိုင်ငံ ကူရီလ်ကျွန်း၌ မတ် ၂၄ ရက်က ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားခဲ့ကြောင်း သိရသည်။ ငလျင်လှုပ်ပြီးနောက် ပစိဖိတ် ဆူနာမီ သတိပေးစင်တာက ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း အမေရိကန် ဘူမိစစ်တမ်းအဖွဲ့က ပြောကြားခဲ့သည်။

ငလျင်သည် ကူရီလ်ကျွန်း အရှေ့တောင်ဘက်မှ ၂၁၉ ကီလိုမီတာအကွာ ခန့်တွင် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၉ မိနစ်က လှုပ်သွားခဲ့ခြင်းဖြစ်ကာ ငလျင်အနက် ၅၆ ဒသမ ၆၅ ကီလိုမီတာရှိကြောင်း သိရသည်။

ငလျင်လှုပ်ပြီးနောက် ထိခိုက်သေဆုံးမှုနှင့်ပျက်စီးဆုံးရှုံးမှုအခြေအနေကို မသိရှိရသေးပေ။

ငလျင်ဗဟိုချက်မ တည်ရှိရာ ကီလိုမီတာ ၁၀၀၀ အကွာအဝေးအတွင်း အန္တရာယ်ရှိသည့် ဆူနာမီလှိုင်းများဖြစ်ပေါ်နိုင်ကြောင်း ပစိဖိတ်ဆူနာမီသတိပေး စင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ကနဦးသတင်းဖော်ပြချက်များတွင် ငလျင်ပြင်းအား ၇ ဒသမ ၈ အဆင့်ဟု သိရသည်။ **ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရဖွယ်ရှိကြောင်း

## ဆွီဒင်နိုင်ငံမှ ရာသီဥတုအရေး တက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်ပြော

**စတော့ဟုမ်း မတ် ၂၅**
ဆွီဒင်နိုင်ငံမှ ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်က ၎င်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရဖွယ်ရှိနေကြောင်း မတ် ၂၄ ရက်တွင် ပြောကြားခဲ့သည်။ ဥရောပအလယ်ပိုင်းခရီးစဉ်မှ ပြန်လာပြီးနောက်တွင် ရောဂါကူးစက်ခံရသည့် လက္ခဏာအချို့ကို ခံစားလာရသည်ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့် ၁၀ ရက်ခန့်အကြာက ၎င်းအနေဖြင့် မောပန်းနွမ်းနယ်ခြင်း၊ ချမ်းတုန်ခြင်း၊ လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းများကို ခံစားခဲ့ရကြောင်း ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက် ဂရီတာသွန်းဘတ်က ပြောကြားခဲ့သည်။

ဥရောပအလယ်ပိုင်းမှ ပြန်ရောက်လာပြီးနောက် ယင်းလက္ခဏာများ ဖြစ်ပေါ်ခဲ့ကာ ၎င်းနှင့် ဖခင်ဖြစ်သူတို့မှာ ကြိုတင်ကာကွယ်သည့်အနေဖြင့် သီးခြားနေထိုင်လျက်ရှိကြောင်း ၎င်းကပြောသည်။

ဆွီဒင်နိုင်ငံ၌ မတ် ၂၄ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာ ၂၂၇၂ ဦးရှိကြောင်း အတည်ပြုခဲ့သည်။

ကျန်းမာရေးစစ်ဆေးမှု မခံယူရသေးသော်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရခြင်း ဖြစ်နိုင်ချေများကြောင်း ဂရီတာသွန်းဘတ်က ပြောကြားခဲ့ သည်။

**အေအက်ဖ်ပီ**


ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘတ်

## ကိုရိုနာဗိုင်းရပ်စ်ကိုကာကွယ်ရန် ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံခန့် အိမ်တွင်း၌နေထိုင်

**နယူးဒေလီ မတ် ၂၅**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကိုကာကွယ်ရန် အိန္ဒိယနိုင်ငံ၏ ဘီလီယံချီရှိသည့်လူဦးရေအား မတ် ၂၄ ရက်မှစပြီး ရက်သတ္တသုံးပတ်ကြာ အလုံပိတ် (အိမ်တွင်း၌သာနေရန်) ကြေညာခဲ့ပြီးနောက် ယခုဆိုလျှင် ကမ္ဘာတစ်ဝန်း အိမ်တွင်း၌နေထိုင်သူသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၅ ရက်ကဖော်ပြသည်။

အမေရိကန်နိုင်ငံရေးသမားများက ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်စီးပွားရေးထိခိုက်လာသည်ကို တုံ့ပြန်ရန် အရေးပေါ်ထောက်ပံ့ငွေအစီအစဉ်ဖြစ်သည့် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံခွင့်ပြုရန်လည်း သဘောတူခဲ့သည်။

အမေရိကန်အထက်လွှတ်တော်နှင့် အိမ်ဖြူတော်တို့သည် အမေရိကန်စီးပွားရေးတစ်ခုလုံး၏ အကြမ်းဖျင်းအားဖြင့် ၁၀ ရာခိုင်နှုန်းခန့်ရှိသည့် အရေးပေါ်ထောက်ပံ့ငွေကို သဘောတူခဲ့သည့်အတွက် ငွေကြေးဈေးကွက်သည်လည်း မြင့်တက်လာခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ပြည်ထောင်စုသည် ဧပြီလလယ်လောက်အထိ ယခုလိုပုံစံအတိုင်းဆက်လက်သွားနိုင်ကြောင်းနှင့် ကမ္ဘာ့ခေါင်းဆောင်များကလည်း ကိုရိုနာဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရန် ကန့်သတ်ချက်များကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဒုတိယလူဦးရေအများဆုံး ၁ ဒသမ ၃ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံသည် ၎င်း၏ပြည်သူများအား အိမ်တွင်း၌ ရက်သတ္တသုံးပတ်ကြာနေထိုင်ရန် တိုက်တွန်းထားသည်။

ယခုဆိုလျှင် ကမ္ဘာ့လူဦးရေပေါင်း ၂ ဒသမ ၆ ဘီလီယံခန့် အိမ်တွင်း၌ နေထိုင်နေကြကြောင်း၊ အိန္ဒိယနိုင်ငံသားတိုင်းကို ကယ်တင်ရန်နှင့် မိမိနှင့် မိမိ မိသားစုကို ကယ်တင်ရန် အိမ်တွင်း၌နေထိုင်ရန်လိုကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

အေအက်ဖ်ပီ



ဗန်ကောက်ရှိ ဗစ်ဟာဘာဒီဆေးရုံတွင် ဆေးဝန်ထမ်းများ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ထားသည်ကို တွေ့ရစဉ်။

## ကိုရိုနာဗိုင်းရပ်စ်ကိုကိုင်တွယ်ဖြေရှင်းရန် မွန်ဂျေအင်းနှင့်ထရမ့် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေး

**ဆိုးလ် မတ် ၂၅**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို မည်သို့ကိုင်တွယ်မည်နည်းဆိုသည့်ကိစ္စရပ်နှင့်ပတ်သက်၍ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၅ ရက်က ဖော်ပြလိုက်သည်။



အမေရိကန်သမ္မတထရမ့်နှင့် မွန်ဂျေအင်းတို့ကို အစည်းအဝေးတစ်ခုတွင် တွေ့ရစဉ်။

အရှေ့အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်အပေါ်တုံ့ပြန်ရာတွင် ၎င်း၏နည်းဗျူဟာများကြောင့် နိုင်ငံတကာ၏ အာရုံစိုက်ခြင်းကို ခံရသည်။

တောင်ကိုရီးယား သမ္မတ မွန်ဂျေအင်း၏ သမ္မတရုံး၏ ကိုရိုနာဗိုင်းရပ်စ်အပေါ် ကိုင်တွယ်ပုံနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတက ချီးကျူးကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်ပြည်ထောင်စုကို ကူညီပေးနိုင်ရန်နှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို ပို့ပေးရန် မွန်ဂျေအင်းကိုလည်း တိုက်တွန်းပြောကြားလိုက်ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက မိမိနိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အကောင်းဆုံး ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အတူ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက စပိန်ဝန်ကြီးချုပ်ကိုလည်း ဖုန်းဖြင့်ပြောဆိုဆွေးနွေးခဲ့ကြောင်း သိရသည်။ မွန်ဂျေအင်းက စပိန်ဝန်ကြီးချုပ် ပီထရိုဆန်ချက်ကို မိမိတို့အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် အတွေ့အကြုံများအားလုံးကို မျှဝေသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် ရက်သတ္တပတ်အနည်းငယ်အတွင်း မကြုံစဖူးကျဆင်းလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## နယူးဇီလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာအသစ် ၅၀ ထပ်မံတွေ့ရှိပြီးနောက် အရေးပေါ်အခြေအနေကြေညာ

**ဝယ်လင်တန် မတ် ၂၅**

နယူးဇီလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်အတည်ပြုလူနာ ၅၀ တွေ့ရှိပြီးနောက် အရေးပေါ်အခြေအနေကြေညာလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မတ် ၂၅ ရက်က ဖော်ပြလိုက်သည်။

နိုင်ငံတော်အရေးပေါ်အခြေအနေကို ပြည်သူ့ကာကွယ်ရေးဝန်ကြီး ပီးနီဟီနဲက ပြည်သူ့ကာကွယ်ရေး အရေးပေါ်ပုဒ်မ ၂၀၀၂အရ ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း ပြည်သူ့ကာကွယ်ရေး အရေးပေါ်စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဆာရာစတူးဘလက်က ပြောကြားလိုက်သည်။

မမျှော်လင့်နိုင်သော ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာလိုက်ရခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုနှေးကွေးအောင် ထိုသို့လုပ်ဆောင်လိုက်ခြင်းဖြစ်ကြောင်းနှင့် ဆိုးကျိုးကိုလျှော့ချလိုက်ခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားလိုက်သည်။ နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်စဉ်အသစ်ပေါင်း ၅၀ တွေ့ရှိပြီးနောက် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်မှုပေါင်း ၂၀၅ခုအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

နယူးဇီလန်ပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရန် ကမ္ဘာ့အဆိုးရွားဆုံးကပ်ရောဂါကို ကာကွယ်ကြရန် ဝန်ကြီးချုပ် ဂျက်ဆင်ဒါ အာဒန်က လွှတ်တော်တွင်မိန့်ခွန်းပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံတော်တွင် သတိပေးအဆင့်-၄ ထုတ်ပြန်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်လျှော့ချနိုင်ရန် တစ်ဦးနှင့်တစ်ဦး ထိတွေ့ကိုင်တွယ်မှုနည်းပါးရေး ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ချားစ်မင်းသား ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ



**လန်ဒန် မတ် ၂၅**

ဘုရင်မကြီး အဲလိဇဘက်-၂၏သားတော် ဗြိတိန်တော်ဝင်ထီးနန်းအရိုက်အရာဆက်ခံမည့် ချားစ်မင်းသားသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရကြောင်း နှင့် စကော့တလန်တွင် ၎င်းကိုယ်တိုင် သီးခြားခွဲခြားနေထိုင်လျက်ရှိကြောင်း ၎င်း၏ ကလားရန့်နန်းတော်မှ မတ် ၂၅ ရက်က ကြေညာချက်ထုတ်ပြန်လိုက်သည်။

အသက် ၇၁နှစ်ရှိ ချားစ်မင်းသားသည် ကိုရိုနာဗိုင်းရပ်စ်လက္ခဏာများ တွေ့ရသော်လည်း ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။ ထို့အတူ အသက် ၇၂နှစ်ရှိ ကြင်ယာတော် ကာမီလာ (Duchess of Cornwall) ကိုလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရခြင်းမတွေ့ရှိခဲ့ကြောင်း နန်းတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

ချားစ်မင်းသားနှင့် ကြင်ယာတော် ကာမီလာတို့သည် စကော့တလန်ရှိ ဘာမိုရယ်ရဲတိုက်တွင် သီးခြားခွဲနေထိုင်လျက်ရှိကြောင်း ဆက်လက်ပြောကြားသည်။

ကလားရန့်နန်းတော်၏ထုတ်ပြန်ချက်တွင် အစိုးရနှင့် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်များအရ မင်းသားကြီးနှင့် ကြင်ယာတော်တို့သည် စကော့တလန်ရှိ ရဲတိုက်တွင် သီးသန့်နေထိုင်လျက်ရှိကြောင်း သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

## ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၅၀၀ နီးပါးထိရှိလာ

**မော်စကို မတ် ၂၅**

ရုရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အသစ်ဖြစ်ပွားမှု ၅၇ မှုရှိခဲ့ပြီး လတ်တလောတွင် စုစုပေါင်းအရေအတွက် ၅၀၀ နီးပါးအထိရှိလာကြောင်း တရားဝင်ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

ကိုရိုနာဗိုင်းရပ်စ်အသစ် ဖြစ်ပွားမှုသည် မော်စကိုရှိ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ၂၈ ခုအပါအဝင် ရုရှားနိုင်ငံ၏ ပြည်နယ်ပေါင်း ၁၄ ခုအတွင်း ဖြစ်ပွားလျက်ရှိကြောင်း ရုရှားစားသုံးသူ ကာကွယ်ရေးကြီးကြပ်မှုအဖွဲ့က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

သီးသန့်ခွဲခြား စောင့်ကြည့်လျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်အသစ်ဖြစ်ပွားသည့်လူနာများအားလုံးသည် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အတွင်းက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားရာ နိုင်ငံများသို့ သွားရောက်ခဲ့သူများဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ အားလုံးကိုလည်း အတည်ပြုချက်ရယူလျက်ရှိကာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုများပြုလုပ်လျက်ရှိကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ထုတ်ပြန်ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၅၀၀ နီးပါးရှိခဲ့ပြီး ၎င်းတို့ထဲတွင် ၂၂ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။

ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဟု သံသယဖြစ်ပွားသည့်လူနာပေါင်း ၁၅၀၀၀၀ နီးပါးရှိရာ ၎င်းတို့ကိုလည်း ဆေးဘက်ဆိုင်ရာအရ စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားရာနောက်ထပ် ဗဟိုချက်မနေရာတစ်ခု အမေရိကန် ဖြစ်လာနိုင်ဖွယ်ရှိ

ခြူးစန္ဒီနွေး




နယူးယောက်မြို့ ရှိ အမ်းဟာ့စ် ဆေးရုံရှေ့တွင် ဆေးစစ်ရန် တန်းစီနေကြသည့် လူများကိုမတ် ၂၄ ရက်ကတွေ့ရစဉ်။

ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံ ဟူပေပြည်နယ်မှာ နေထိုင်ကြတဲ့သန်း ၆၀ သောပြည်သူတွေဟာ ဝင်ခွင့် ထွက်ခွင့်ပိတ်ဆို့ခံထားရာကနေ အပြင်ထွက်ခွင့်ရကြတော့မှာပါ။ ဇန်နဝါရီလကုန်ပိုင်းကစလို့ နှစ်လနီးပါးကြာ ဝင်ခွင့် ထွက်ခွင့်ပိတ်ဆို့ထားတာကို အဆုံးသတ်ပါတော့မယ်။ တရုတ်အစိုးရရဲ့တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခဲ့တယ်လို့ ယုံကြည်ကြပါတယ်။

**အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့**

ဟူပေပြည်နယ် မြို့တော်ဝူဟန်ကိုတော့ ဆက်လက်ပိတ်ဆို့ထားဦးမှာဖြစ်ပြီး ဧပြီ ၈ ရက်ကျမှ ဝင်ခွင့် ထွက်ခွင့်ပိတ်ဆို့ထားတာကို ဖြေလျှော့ပေးမှာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေလည်း ပြန်လည်စတင်တော့မယ်လို့ အစိုးရက ပြောပါတယ်။ ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးလိုက်တာကိုကြည့်ရင် တရုတ်အစိုးရဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်းကို အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့တယ်လို့ သိနိုင်ပါတယ်။

**ဆေးပစ္စည်းတွေ ပြတ်တောက်လုနီးဖြစ်**

ဥရောပတစ်လွှားနဲ့ အမေရိကန်မှာတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုတွေ ရှိနေတုန်းပါပဲ။ ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းတွေဟာလည်း ပြတ်တောက်လုနီးပါးရှိနေပါပြီ။ အစိုးရဆေးရုံတွေမှာလည်း လူနာတွေနဲ့ပြည့်နှက်နေပါတယ်။ ကမ္ဘာတစ်ဝန်းက အစိုးရအရာရှိတွေဟာလည်း သူတို့ရဲ့ နိုင်ငံသားတွေကို နေအိမ်အတွင်းမှာသာနေထိုင်ကြဖို့ အမိန့်ထုတ်ထားကြပါတယ်။ တရုတ်နိုင်ငံ ဟူပေပြည်နယ်မှာ ပထမဆုံးစတင်ဖြစ်ပွားစဉ်က ပြုလုပ်ခဲ့တဲ့အတိုင်း လူတွေအပြင်မထွက်ကြဘဲ နေအိမ်တွင်း၌သာနေဖို့ အမိန့်ထုတ်ခဲ့ကြတာပါ။

**စိန်ခေါ်မှုတွေ ရှိနေဆဲ**

အစပိုင်းမှာတော့ ဟူပေပြည်နယ်ကို ပိတ်ဆို့ထားတဲ့အပေါ် အပြည်ပြည်ဆိုင်ရာကရော ပြည်တွင်းကပါ တရုတ်အစိုးရကို ဝေဖန်ခဲ့ကြပါတယ်။ ဒါပေမယ့်လည်း လက်ရှိအခြေအနေမှာတော့ တရုတ်နိုင်ငံရဲ့ နည်းလမ်းဟာ မှန်ကန်တယ်ဆိုတာကို တခြားနိုင်ငံတွေကိုပြသနိုင်ခဲ့ပါတယ်။ ဟူပေပြည်နယ်မှာ ကန့်သတ်မှုတွေ ဖြေလျှော့ပေးလိုက်တာဟာ တရုတ်တစ်နိုင်ငံလုံးကို လွတ်လွတ်လပ်လပ် သွားလာခွင့်ပေးလိုက်တာတော့ မဟုတ်ပါဘူး။ အနီးအနားပတ်ဝန်းကျင်က မြို့တွေမှာတော့ ဟိုဟိုဒီဒီသွားလာဖို့ လွယ်ကူသွားတာပါ။ တရုတ်နိုင်ငံမှာ ခရီးသွားလာမှုတွေအရှိန်အဟုန်နဲ့ ပြန်လည်စတင်ဖို့၊ လုပ်ငန်းခွင်ပြန်ဝင်ကြဖို့နဲ့ ပုံမှန်နေထိုင်မှုဘဝပြန်ရဖို့တော့ စိန်ခေါ်မှုတွေရှိနေဆဲပဲလို့ ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ သုတေသီတွေက ပြောပါတယ်။ ထို့နောက် ဒုတိယမြောက်လှိုင်းလုံးအသစ်ကို သတိထားဖို့လိုတယ်လို့ ဟောင်ကောင်တက္ကသိုလ်က ရောဂါပိုးမွှားဗေဒဆိုင်ရာအကြီးအကဲ မာလစ်ပီရစ်က ပြောပါတယ်။ သတိထားပြီးစောင့်ကြည့်ဖို့ လိုအပ်သေးတယ်လို့ သူက ဆက်ပြောပါတယ်။

**ကျောင်းတွေပိတ်ထားဦးမယ်**

ကိုရိုနာဗိုင်းရပ်စ် ခြိမ်းခြောက်မှုအန္တရာယ်ကနေ လွတ်မြောက်သွားပြီလို့ ယူဆတာကတော့ လုံးဝမဟုတ်ပါဘူး။ ဒေသအတွင်း နောက်ထပ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတာမရှိတော့ ရက်အနည်းငယ်ကြာလာတဲ့အခါမှာ ကန့်သတ်မှုတွေ ဖြေလျှော့တော့မယ်လို့ ကြေညာခဲ့ပါတယ်။ ဟူပေပြည်နယ်မှာ ကန့်သတ်မှုတွေကို ဖယ်ရှားပေးလိုက်ပေမယ့် သိပ္ပံနည်းကျ အကဲဖြတ်မှုတွေ မလုပ်ရသေးမီ ကျောင်းတွေကိုတော့ ဆက်လက်ပိတ်ထားဦးမှာပါပဲ။ လုံခြုံစိတ်ချရပြီဆိုမှသာ ကျောင်းတွေကိုပြန်ဖွင့်ပေးမှာလို့ ဟူပေမြို့ အရာရှိတွေက ပြောပါတယ်။ နောက်ပြီး ဒေသခံအာဏာပိုင်တွေအနေနဲ့လည်း လူတွေတစ်ပြုံတစ်မကြီးခရီးသွားလာမှုတွေမဖြစ်ရအောင် ဂရုစိုက်ပေးဖို့ လိုအပ်ပါတယ်။ ဘာလို့လဲဆိုရင် နောက်ထပ်ကူးစက်ခံရမှု ဒုတိယမြောက်လှိုင်းလုံးအသစ် ရိုက်ခတ်လာမှာကို စိုးရိမ်ရတဲ့အတွက်ပါပဲ။

**ရှန်းကန်နေရဆဲ**

နိုင်ငံတစ်ဝန်းက စက်ရုံတွေဟာ ထုတ်လုပ်မှုတွေ ရပ်နားထားရပြီး လက်လီအရောင်းဆိုင်တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေဟာလည်း ကျဆင်းသွားခဲ့ပါတယ်။ ၂၀၂၀ အစောပိုင်းလတွေအတွင်း တရုတ်နိုင်ငံရဲ့ စီးပွားရေးဟာ ကျဆင်းသွားနိုင်တယ်လို့သုတေသီတွေကပြောပါတယ်။ ၁၉၇၆ခုနှစ်ကစလို့ အခုတစ်ကြိမ်ဟာ တရုတ်နိုင်ငံတွေရဲ့ ပထမဆုံးအကြိမ် စီးပွားရေးထိခိုက်ရခြင်းပါပဲ။ ဟူပေပြည်နယ်မှာ ကန့်သတ်မှုတွေဖယ်ရှားပေးလိုက်တဲ့အချိန် ဥရောပနဲ့ အမေရိကန်မှာတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုဟာ ရှန်းကန်နေရဆဲပါပဲ။

**ကူးစက်ခံမှုဗဟိုချက်မ ဖြစ်လာနိုင်**

အမေရိကန်ဟာ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားရာ နောက်ထပ်နေရာတစ်ခု ဖြစ်လာနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။ အမေရိကန်မှာ ကူးစက်ခံရမှုနှုန်းကတော့ သိသိသာသာမြင့်တက်နေဆဲပါပဲ။ အခုဆိုရင် အမေရိကန်မှာ ကူးစက်ခံရမှုနှုန်းတွေ မြင့်တက်လာနေတာကို တွေ့ရသလို ကူးစက်မှုဗဟိုချက်မ အသစ်တစ်ခုဖြစ်လာနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပြောရေးဆိုခွင့်ရှိသူ မာဂရက်ဟာရစ်က ပြောပါတယ်။

**အိန္ဒိယဝန်ကြီးချုပ်၏ ဆုံးဖြတ်ချက်**

ဒီအချိန်မှာပဲ အိန္ဒိယမှာတော့ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီဟာ နိုင်ငံထဲကို ၂၁ ရက်ကြာ ဝင်ခွင့်ထွက်ခွင့်ပိတ်ဆို့မှု ပြုလုပ်လိုက်ပါတယ်။ ကမ္ဘာပေါ်မှာ ဒုတိယလူဦးရေအများဆုံးနိုင်ငံကြီးကို အခုလို ပိတ်ဆို့မှုပြုလုပ်လိုက်တာပဲဖြစ်ပါတယ်။ ဒီပုံစံအတိုင်းဆက်သွားမယ်ဆိုရင် မေလလယ်လောက်ရောက်တဲ့အခါ လူဦးရေတစ်သန်းခန့်မှာ ဗိုင်းရပ်စ်ကူးစက်ခံရဖွယ်ရှိတယ်လို့ သုတေသီတွေက သတိပေးခဲ့တဲ့နောက်မှာတော့ ဝန်ကြီးချုပ်မိုဒီကအခုလိုပြုလုပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့တာပဲ ဖြစ်ပါတယ် ။

**အိမ်မှာပဲနေပါ**

ကိုရိုနာဗိုင်းရပ်စ်ကနေ မိမိကိုယ်ကိုကာကွယ်ဖို့ဆိုရင် လူတွေလုပ်ရမယ့်အလုပ်ကတော့ အိမ်ထဲမှာပဲနေဖို့ပါ။ ဘာတွေဖြစ်နေဖြစ်နေ အိမ်ထဲမှာပဲနေရမယ်လို့ ဝန်ကြီးချုပ်မိုဒီက ပြောပါတယ်။ ခရိုင်တိုင်း၊ မြို့နယ်တိုင်း၊ လမ်းတိုင်းမှာ ၂၁ ရက်ကြာပိတ်ဆို့မှုတွေလုပ်သွားမယ်။ ရွေးချယ်ရမယ့် တစ်ခုတည်းသောနည်းလမ်းကတော့ အပြင်မထွက်ဘဲ သီးခြားနေထိုင်ဖို့ပါပဲ။ ဒီနည်းလမ်းက ကိုရိုနာဗိုင်းရပ်စ်ကနေ လွတ်မြောက်နိုင်မယ့်နည်းလမ်းပါလို့ မိုဒီက ပြောပါတယ်။ အိန္ဒိယနိုင်ငံမှာ လက်ရှိအချိန်အထိတော့ ကူးစက်ခံရသူ ၄၈၂ ဦးရှိပြီး ကိုးဦးသေဆုံးခဲ့ပြီးပါပြီ။ ဒါပေမယ့်လည်း နောက်ထပ်လျင်လျင်မြန်မြန်ကြီးကူးစက်ပြန့်ပွားသွားမှာကို စိုးရိမ်နေကြပါတယ်။

**အီတလီမှာ သေနှုန်းကျဆင်း**

အီတလီနိုင်ငံမှာလည်း ဝင်ခွင့် ထွက်ခွင့်ပိတ်ဆို့မှုတွေ၊ ကန့်သတ်မှုတွေ တိုးမြှင့်လိုက်တဲ့အတွက် အကျိုးရလဒ်တွေရလာပါပြီ။ မကြာသေးမီရက်ပိုင်းအတွင်းက သေဆုံးမှုလျော့ကျလာပါတယ်။ မတ် ၂၁ ရက်မှာတော့ အီတလီမှာ သေဆုံးသူ ၇၃၉ ဦးရှိပြီး မတ် ၂၂ ရက်မှာတော့ သေဆုံးသူ ၆၅၁ ဦးရှိခဲ့ပါတယ်။ မတ် ၂၃ ရက်ရောက်တဲ့အခါမှတော့ ၆၀၀ အထိ လျော့ကျသွားပါတယ်။

**နေအိမ်မှာသာနေဖို့ တိုက်တွန်း**

အမေရိကန်နိုင်ငံမှာဆိုရင် လူပေါင်း ၄၆၄၅၀ ကူးစက်ခံထားရပြီး သေဆုံးသူ ၅၉၃ ဦးရှိတယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ အချက်အလက်တွေအရ သိရပါတယ်။ အမေရိကန်က ပြည်နယ်အုပ်ချုပ်ရေးမှူးတွေဟာလည်း ပြည်သူတွေကို နေအိမ်အတွင်း၌သာနေကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အမေရိကန်သမ္မတ ထရမ့်ကတော့ ကူးစက်ရောဂါကြောင့် ဘဏ္ဍာရေးဆိုင်ရာပြဿနာဖြစ်လာမှာကိုမလိုလားပါဘူး။ လာမယ့်သီတင်းပတ်များအတွင်း စီးပွားရေးပြန်စနိုင်ဖို့ မျှော်လင့်ထားပါတယ်။ **ကိုးကား - နယူးယောက်တိုင်းမ်စ်၊ သည်ဂါဒီယန်း**

> “အမေရိကန်ဟာ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားရာ နောက်ထပ်နေရာတစ်ခု ဖြစ်လာနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။ အမေရိကန်မှာ ကူးစက်ခံရမှုနှုန်းကတော့ သိသိသာသာမြင့်တက်နေဆဲပါပဲ။ အခုဆိုရင် အမေရိကန်မှာ ကူးစက်ခံရမှုနှုန်းတွေ မြင့်တက်လာနေတာကို တွေ့ရသလို ကူးစက်မှုဗဟိုချက်မ အသစ်တစ်ခုဖြစ်လာနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပြောရေးဆိုခွင့်ရှိသူ မာဂရက်ဟာရစ်က ပြော”

## နိုင်ငံတကာသတင်းတိုထွာ

### ဗြိတိန်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၈၀၀၀ ကျော်ရှိ

**လန်ဒန် မတ် ၂၅**

ဗြိတိန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် မတ် ၂၄ ရက် နံနက်ပိုင်းတွင် ၈၀၇၇ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဌာနက နောက်ဆုံးဖော်ပြသည့် အချက်အလက်များအရ သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် သေဆုံးသူ ၄၂၂ ဦးအထိရှိခဲ့ကြောင်း အဆိုပါဌာနက ဖော်ပြသည်။ ရောဂါကူးစက်ခံရသည့်လူနာများကို ကုသမှုဆောင်ရွက်ရန်အတွက် လန်ဒန်အရှေ့ပိုင်းရှိ ပြခန်းအဆောက်အအုံတစ်ခုကို ယာယီဆေးရုံအဖြစ်အသုံးပြုသွားမည်ဖြစ်ပြီး လူနာပေါင်း ၄၀၀၀ကို လက်ခံကာ ကုသမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

### တရုတ်နိုင်ငံက ဆေးဘက်ကျွမ်းကျင်ပညာရှင် တတိယအသုတ်ကို အီတလီသို့ စေလွှတ်

**ဖူကျို့ မတ် ၂၅**

ဥရောပနိုင်ငံတစ်ခုဖြစ်သည့် အီတလီ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် အထောက်အကူပြုရန် တရုတ်နိုင်ငံ ဖူကျန်းပြည်နယ် အရှေ့ပိုင်းမှ ဆေးဘက်ကျွမ်းကျင်ပညာရှင် ၁၄ ဦး ပါရှိသည့် အဖွဲ့တစ်ဖွဲ့ကို တရုတ်အစိုးရက မတ် ၂၅ ရက်တွင် စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့၌ ဖူကျန်းပြည်နယ်ရှိ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၊ ဆေးရုံအများအပြားမှ ကျွမ်းကျင်သူများအပြင် အမျိုးသားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနမှ ရောဂါဗေဒကျွမ်းကျင်ပညာရှင်များနှင့် အန်ဟွီပြည်နယ်မှ အဆုတ်ရောဂါဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည်။

အဆိုပါကျွမ်းကျင်ပညာရှင်များအဖွဲ့သည် ရောဂါကူးစက်မှုဖြစ်ပွားနေသည့် အီတလီနိုင်ငံ Tuscany ဒေသ၌ အဓိကလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# လှိုင်သာယာ၌ COVID-19 ကြိုတင်ကာကွယ်ရေးကော်မတီ ဖွဲ့စည်း

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကော်မတီတစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂၄ ရက်က စတင်ဖွဲ့စည်းခဲ့သည်။

အဆိုပါကော်မတီအနေဖြင့် မတ် ၂၄ ရက် နံနက်ပိုင်းက ပုသိမ်ကားလမ်းမကြီးပေါ် မှတ်တိုင်များနှင့် ဈေးများ၌ အသိပညာပေးစာစောင် တစ်သိန်း ဖြန့်ဝေခဲ့ပြီး ရပ်ကွက်၊ ကျေးရွာများတွင် နိုင်ငံခြားမှ ပြန်လာသူများအား ရပ်ကွက်အုပ်ချုပ်ရေးက စောင့်ကြည့်မှတ်တမ်းယူကာ ရရှိသည့်စာရင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးသွားမည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပြောသည်။

လက်ရှိအချိန်တွင် လှိုင်သာယာမြို့နယ်၌ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ ပြန်လည်ရောက်ရှိနေလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးသို့ ပြန်မည့်သူများမှာလည်း လှိုင်သာယာမှ ဖြတ်သန်းမည်ဖြစ်ရာ မြို့နယ်ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒဂုံ-ဧရာ အဝေးပြေးကားဝင်းအတွင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လက်ဆေးကန်များထားရှိခြင်းနှင့် စပီကာဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိုင်ငံခြားသား နေထိုင်မှုများသော ပန်းလှိုင်အိမ်ရာ၊ နဝဒေးဥယျာဉ်အိမ်ရာနှင့် FMI အိမ်ရာတို့တွင် နေထိုင်သည့် နိုင်ငံခြားသားများကိုလည်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဦးဆောင်၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆေးရုံမှာ လက်ဆေးကန်တွေထားရှိပြီး ပြည်သူကို အသိပညာပေးမှုတွေ ဆောင်ရွက်ထားပါတယ်။ နိုင်ငံခြားက ပြန်လာတဲ့သူတွေကိုလည်း ဆေးရုံမှာ စစ်ဆေးမှုတွေ လုပ်နေတယ်။ သူတို့ကိုစစ်ဆေးတဲ့အခါ ထားရှိဖို့ အခန်း ခုနစ်ခန်းလည်း ပြင်ဆင်ထားတယ်။ ၁၄ ရက်ထားရှိဖို့တော့ ပြင်ဆင်ထားတဲ့နေရာ မရှိသေးဘူး။ အခုထိတော့ အခက်အခဲ မရှိသေးပါဘူး။ ဌာနဆိုင်ရာတွေနဲ့ ကျွန်တော်တို့ ကျန်းမာရေးဌာန ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု လှိုင်သာယာပြည်သူ့ဆေးရုံအုပ် ဒေါက်တာဆန်းလွင်ဦးက ပြောသည်။

စက်မှုဇုန်အလုပ်သမား အများဆုံးရှိသော လှိုင်သာယာမြို့နယ်တွင် ကော်မတီအနေဖြင့် စက်မှုဇုန်များရှိ စက်ရုံလုပ်သားများနှင့် စက်ရုံပိုင်ရှင်များ၊ စက်မှုဇုန်ဥက္ကဋ္ဌများအား တွေ့ဆုံ၍ COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိ ပိုမိုထားရှိရန်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

စက်ရုံများတွင် ရောဂါကာကွယ်ရေးအတွက် စက်ရုံသို့ အဝင်တွင် ကိုယ်အပူချိန်တိုင်းစက်ဖြင့် တိုင်းတာခြင်းနှင့် လက်ဆေးကန်များထားရှိ၍ လက်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး ထမင်းစားဆောင်များသို့ ဝင်ရောက်ရာတွင်လည်း လက်ဆေးပြီးမှသာဝင်ရောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်သမား တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် ထားရှိရန်မှာမူ အထည်ချုပ်စက်ရုံများ၌ အခက်အခဲရှိနေကြောင်း၊ စက်ရုံအချို့မှာ ဧပြီလတစ်လကို လစာပေး၍ ခေတ္တပိတ်ရန် တင်ပြလာမှုများ ရှိလာကြောင်း ရွှေလင်ပန်း စက်မှုဇုန်ဥက္ကဋ္ဌဦးအေးသောင်းကပြောသည်။

ထို့အပြင် နိုင်ငံခြားမှဝင်ရောက်လာသော အလုပ်သမားများအတွက် စောင့်ကြည့်နေရာများ ပြင်ဆင်ထားသည့်နည်းတူ လှိုင်သာယာစက်မှုဇုန်မှ အလုပ်သမားများတွင် သံသယလူနာ ပေါ်ပေါက်ပါက ခေတ္တထားရှိရန် နေရာပြင်ဆင်ထားမှုလည်း လိုအပ်နေသေးကြောင်း၊ COVID-19 ကြောင့် စက်မှုဇုန်များ ပိတ်ထားရပါက အလုပ်သမားများ စားသောက်ရန် ဆန်များ အခမဲ့ဝေခြင်း၊ တစ်ဝက်ဈေးဖြင့် ဝေခြင်းနှင့် သုံးလကြာမှသာ ငွေပေးချေစေခြင်းတို့ကို စက်ရုံများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ **၁၆၄**

## ထန်းတပင်၌ ထိုင်းနိုင်ငံမှပြန်လာသူများအား ကျန်းမာရေးစစ်ဆေး

**ထန်းတပင် မတ် ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုများ မရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး နေရပ်သို့ ပြန်လည်ရောက်ရှိလာသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ အလုပ်လုပ်ကိုင်ခဲ့သည့် နေရာများနှင့် အမည်စာရင်း ကောက်ယူခြင်း၊ နေအိမ်များတွင် ၁၄ ရက် သီးခြားနေထိုင်ကြရန်နှင့် နှာစေး၊ ချောင်းဆိုး၊ လည်ချောင်းနာခြင်းများ ဖြစ်ပေါ်လာပါက မြို့နယ်ပြည်သူ့ဆေးရုံသို့ အမြန်ဆုံးလာရောက်ရန် အသိပညာပေးခြင်းတို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ လမင်းဦးဆောင်၍ မတ် ၂၄ ရက်က အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့သည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## တွံတေး၌ COVID-19 ကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ ဝေငှပေး

**တွံတေး မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၂၄ ရက်က မြို့တွင်း လူစည်ကားရာဖြစ်သော မြို့မဈေးနှင့် လမ်းဆုံလမ်းခွများ၌ ဆောင်ရွက်ခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

## မိတ္ထီလာ သီးကုန်း(၂၈၅)မိုင်၌ ထိုင်းနိုင်ငံမှပြန်လာသူများအား ကျန်းမာရေးစစ်ဆေး

**မိတ္ထီလာ မတ် ၂၅**

မိတ္ထီလာမြို့နယ်အတွင်း အမြန်လမ်းမကြီးပေါ်ရှိ သီးကုန်း(၂၈၅)မိုင် ယာဉ်ရပ်နားစခန်း၌ ထိုင်းနိုင်ငံမှ နေရပ်ပြန်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာညွန့်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများအဖွဲ့က COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းကို မတ် ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ်အစိုးရ၏ စီစဉ်ပေးမှုဖြင့် မြဝတီမြို့မှတစ်ဆင့် ခရီးသည်တင်မော်တော်ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာသော မိတ္ထီလာ၊ ဝမ်းတွင်း၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ ပျော်ဘွယ် မြို့နယ်များတွင် နေထိုင်သည့် ထိုင်းနိုင်ငံမှပြန်လာသူ အမျိုးသမီး ခုနစ်ဦးနှင့် အမျိုးသား ၂၉ ဦးတို့အား သီးကုန်း(၂၈၅)မိုင် ယာဉ်ရပ်နားစခန်း၌ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ Hand Gel ဖြင့် လက်များကို သန့်ရှင်းစေခြင်းနှင့် အမည်နှင့် နေရပ်လိပ်စာများ မှန်/မမှန် စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်နှိုးဆော်ထားသည့် အချက်များအတိုင်း လိုက်နာနေထိုင်ပေးကြရန် အသိပညာပေး မှာကြားခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

## မိုးမိတ်ခရိုင် ပြည်သူ့ဆေးရုံ၌ သီးသန့်လူနာခန်းအပါအဝင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထား

**မိုးမိတ် မတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် ပြည်သူ့ဆေးရုံ၌ COVID – 19 ရောဂါနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သံဃာ့ဆေးရုံကို သီးသန့် လူနာခန်း အဖြစ်ထားရှိရန် ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းများကို မတ် ၂၄ ရက်မှစ၍ ခရိုင်ရဲမှူး ဒုရဲမှူးကြီးသက်ကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေဝင်းလှိုင်တို့ ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ထွေ/အုပ်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိုးမိတ်မြို့၌ မြို့ဝင်မြို့ထွက်လမ်းများတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။ **မိုးမိတ်သား(စည်သူဌေး)**

## ပန်းဆိုးတန်း-ဒလ ချယ်ရီသင်္ဘောများနှင့် လက်မှတ်ရုံများ၌ ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မတ် ၂၅**

COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပန်းဆိုးတန်း-ဒလ ပြေးဆွဲနေသည့် ချယ်ရီသင်္ဘောများနှင့် လက်မှတ်ရုံများ၌ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ တာဝန်ရှိသူများ၊ ချယ်ရီသင်္ဘော ဝန်ထမ်းများနှင့် ဒလမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ မတ် ၂၃ ရက် ညပိုင်းက ဆောင်ရွက်ခဲ့သည်။



ဒလသင်္ဘောဆိပ်၌ ခရီးသည်များအား မတ် ၂၄ ရက်က တွေ့မြင်ရစဉ်။

"ဒီသင်္ဘောဆိပ်က အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူတွေ သွားလာနေကြတဲ့ ဆိပ်ကမ်းတစ်ခုဖြစ်ပါတယ်၊ ပန်းဆိုးတန်းနဲ့ ဒလ ကူးတို့ဆိပ်ကမ်းကနေ ချယ်ရီသင်္ဘော သုံးစီးနဲ့ နေ့စဉ် ခရီးသွားပြည်သူ ၂၆၀၀၀ ခန့်ကို အသွား/အပြန် ပို့ဆောင်ပေးလျက်ရှိပါတယ်၊ ဒါကြောင့် လက်ရှိအချိန်မှာ ဖြစ်ပွားနေတဲ့ ကမ္ဘာ့ကပ်ရောဂါလို့ ခေါ်နေကြတဲ့ COVID-19 ရောဂါ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ပိုးသတ်ဆေးဖျန်းခြင်း အစီအစဉ်ကို ဆောင်ရွက်တာဖြစ်ပါတယ်၊ ခရီးသည်တွေ အဆင်ပြေစေရေးအတွက် သင်္ဘောခရီးစဉ် ရပ်နားခြင်းမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမှာပါ။ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကိုလည်း ပုံမှန်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်က ပြောသည်။

ချယ်ရီသင်္ဘောများပေါ်မှ ဝန်ထမ်းများနှင့် ပန်းဆိုးတန်းနှင့် ဒလဘက် လက်မှတ်ရုံများရှိ ဝန်ထမ်းများသည် ခရီးသည်များနှင့် ထိတွေ့မှုများခြင်းကြောင့် ဝန်ထမ်းများအနေဖြင့်လည်း နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် လက်ဆေးခြင်းကို မကြာခဏပြုလုပ်ရန် ပြောကြားထားကြောင်း၊ လက်မှတ်ရုံအတွင်း ကျန်းမာရေးအသိပေး နှိုးဆော်ချက်များကိုလည်း အသံချဲ့စက်ဖြင့် ကြေညာပေးလျက်ရှိပြီး သင်္ဘောဆိပ်နှင့် လက်မှတ်ရုံတို့တွင် နေ့စဉ် သန့်ရှင်းရေးအတွက် အမှိုက်များရှင်းလင်းခြင်း၊ ရေဆေးခြင်းနှင့်အတူ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကိုပါ ပုံမှန်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လက်ထောက်အထွေထွေမန်နေဂျာက ဆက်ပြောသည်။

ထို့အတူ ဒလသင်္ဘောဆိပ်၌ မတ် ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ခရီးသွားပြည်သူများအား COVID-19 ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း မြင်တွေ့ရသည်။

ပန်းဆိုးတန်း-ဒလ ချယ်ရီသင်္ဘောခရီးစဉ်သည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ပြည်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများစွာအတွက် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် အဓိကကျသော ဝင်ပေါက်၊ ထွက်ပေါက်နေရာတစ်ခုဖြစ်ကာ ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် ချယ်ရီသင်္ဘော သုံးစီးဖြင့် တစ်ရက်လျှင် ၄၆ ခေါက် ပြေးဆွဲပေးလျက်ရှိပြီး တစ်ရက်လျှင် ပျမ်းမျှ ခရီးသည် ၂၆၀၀၀ ခန့်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ကျောက်ပန်းတောင်းမြို့နယ်၌ အလှူမင်္ဂလာပွဲများ ရပ်နားထားရန် မြို့နယ်သဘင်အစည်းအရုံးက ထပ်ဆင့် မေတ္တာရပ်ခံထား

**ကျောက်ပန်းတောင်း မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျင်းပရန်ရှိသည့် အလှူပွဲလမ်းများကို ရပ်နားထားကြရန်နှင့် ဇာတ်သဘင် ကြိုတင်ငှားရမ်းထားမှုများတွင်လည်း နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်း၍ ရက်ရွှေ့ဆိုင်းထားကြရန် ကျောက်ပန်းတောင်းမြို့နယ် သဘင်အစည်းအရုံးက ထပ်ဆင့်မေတ္တာရပ်ခံထားသည်။

မြို့နယ်သဘင် အစည်းအရုံး ဥက္ကဋ္ဌ ဦးမိုးကျော်က "ကျွန်တော်တို့ မြို့နယ်သဘင်အစည်းအရုံးအနေနဲ့ကတော့ နိုင်ငံတော်အစိုးရ ညွှန်ကြားချက်၊ တိုင်းဒေသကြီးအစိုးရနဲ့ မြို့နယ်က ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်သွားမှာပါ။ လောလောဆယ်တော့ ကျွန်တော်တို့ သဘင်အစည်းအရုံး(ဗဟို)ကလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်ကို ရည်ညွှန်းပြီး ထပ်ဆင့်ညွှန်ကြားချက် ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အဲဒီအကြောင်းကြားစာရပြီးနောက်နေ့ မတ် ၂၀ ရက်မှာ သဘင်ပညာရှင်တွေအားလုံးကို ခေါ်ယူတွေ့ဆုံပြီး သဘင်အစည်းအရုံး(ဗဟို)က ပေးပို့လာတဲ့စာကို ပြန်လည်ရှင်းလင်းပြီး ကျွန်တော်တို့မြို့နယ်အနေနဲ့ လက်ခံထားတဲ့ပွဲတွေကို ရပ်နားပြီး အလှူရှင်များနဲ့ နှစ်ဦးနှစ်ဖက် ပြေလည်အောင်ညှိနှိုင်းပြီး ရက်ရွှေ့ဆိုင်းထားကြဖို့ အသိပေး မေတ္တာရပ်ခံထားတာဖြစ်ပါတယ်"ဟု ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆိုင်းဝိုင်းပေါင်း ၆၅ ဝိုင်းခန့်ရှိ၍ ဆိုင်းအတီးပညာရှင်များကို တည်ထောင်သူ ဆိုင်းဆရာက ငွေအသုံးကြိုပေး စနစ်ဖြင့် တစ်နှစ်စာအတွက် စာချုပ်ထားရခြင်းဖြစ်ကြောင်း၊ ဆိုင်းဝိုင်း တစ်ပွဲလျှင် ကျပ်သိန်း ၃၀ မှ ၅၀ အထိဖြင့် လက်ခံကာ စရန်ငွေများ ရယူထားကြလေ့ရှိကြောင်း သိရသည်။

ဆိုင်းပညာရှင်တစ်ဦးဖြစ်သူ ဦးရွှေဗဒင်က "ကျွန်တော်က အခု တပေါင်း/တန်ခူးမှာကို ပွဲ ၁၈ ပွဲ လက်ခံထားတာ။ ဒါပေမယ့် အခုတော့ အလှူရှင်ရယ်၊ မင်းသမီးရယ်၊ ကျွန်တော်တို့ဆိုင်းအဖွဲ့ရယ် သုံးဦး သုံးဖလှယ် ညှိနှိုင်းပြီး ရက်ရွှေ့ယူရတာပေါ့ဗျာ၊ စရန်ငွေကိုတော့ ပြန်မပေးပါဘူး၊ ညှိနှိုင်းထားတဲ့ရက်မှာတော့ မဖြစ်မနေ ပြန်တီးပေးရမှာပေါ့၊ ကျွန်တော်က တစ်ပွဲကို နီးရင် ၂၈ သိန်းဝန်းကျင်နဲ့ ဝေးရင်တော့ ၄၅ သိန်း၊ သိန်း ၅၀ ယူပါတယ်၊ ဝိုင်းမှာက အဆိုရော၊ အတီးရော၊ နောက်ထရော အားလုံး ၂၅ဦးလောက်ပါတော့ သူတို့စားဖို့သောက်ဖို့ကလည်း ရှိသေးတယ်၊ ဒီတော့ စရန်ငွေကို ပြန်မပေးနိုင်ပါဘူး၊ နားလည်မှုနဲ့ပဲ ညှိကြရတာပေါ့"ဟု ဆိုင်းအနုပညာရှင်များ၏ အခြေအနေကို ရှင်းပြသည်။

ထို့အတူ ကျောက်ပန်းတောင်းမြို့နယ်အတွင်း တစ်ပင်တိုင်အငြိမ့်ကသည့် အနုပညာရှင်ပေါင်း ၇၀ ကျော်၊ ဘိသိက်ပညာရှင် ၁၅ ဦး၊ ဇာတ်အဖွဲ့ကြီးအနေဖြင့် ညီဇော်ဇာတ်နှင့် ရွှေပွဲမင်းဇာတ်ဟု နှစ်ဖွဲ့ရှိပြီး အလှူပွဲလမ်းနှင့် မင်္ဂလာဆောင်များတွင် မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးသည့် ဓာတ်ပုံ/ဗီဒီယို ပညာရှင်များမှာလည်း ၅၀ ခန့်ရှိကြောင်း၊ ဓာတ်ပုံ/ဗီဒီယို လုပ်ငန်းများမှာမူ ပွဲပြီးမှသာ ငွေယူကြသဖြင့် လက်ရှိတွင် စရန်ငွေရယူထားသူနည်းကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**မန္တလေး မတ် ၂၅**
COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။ **(ယာပုံ)**

တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က အမှာစကား ပြောကြားပြီး COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး တိုင်းဒေသကြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲလွင်နှင့် အတွင်းရေးမှူး ဒေါက်တာ သန်းသန်းမြင့်တို့က COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။



ယင်းနောက် တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် စားသောက်ကုန်လုပ်ငန်းရှင်များက ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီးခေတ္တဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဘားအံစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများတွင် COVID–19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိ

**ဘားအံ မတ် ၂၅**
ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီးဘေး ဘားအံစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများတွင် COVID–19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယမန်နေ့က ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီးနှင့်အဖွဲ့သည် အလုပ်သမား ၁၆၀၀ ခန့်ရှိသော Fulltex Company Limited အထည်ချုပ်စက်ရုံ၊ အလုပ်သမား ၁၁၀ ခန့်ရှိသော မဟာဘားအံ အထည်ချုပ်စက်ရုံ၊ အလုပ်သမား ၃၀ ကျော်ရှိသော Kyaw–3 ကော်ပစ္စည်းအမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်းများသို့ သွားရောက်၍ လုပ်ခလစာနှင့် ကုန်ကြမ်းရရှိမှုအခြေအနေ၊ အလုပ်သမားများဖျားနာမှုရှိပါက အကြောင်းကြားရန်၊ နစ်နာမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိနိုင်စေရန်၊ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး နေရပ်ပြန်လာသူများ လိုက်နာရမည့်အချက်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စက်ရုံ အလုပ်ရုံများသို့ ညွှန်ကြားချက်များကို စနစ်တကျ အတိအကျ လိုက်နာရန်နှင့် လက်တွေ့လိုက်နာဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ဘားအံစက်မှုဇုန်တွင် စက်ရုံအလုပ်ရုံပေါင်း ၂၂ ရုံ လည်ပတ်လျက်ရှိပြီး တည်ဆောက်ဆဲ ၁၅ ရုံရှိကာ အလုပ်သမားစုစုပေါင်း ၂၃၀၀ ခန့် အလုပ်လုပ်ကိုင်လျက် ရှိကြောင်း၊ COVID- 19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ချင်းပြည်နယ်အတွင်း COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့က သတင်းမီဒီယာသမားများအား တွေ့ဆုံရှင်းလင်း

**ဟားခါး မတ် ၂၅**
ချင်းပြည်နယ်အတွင်း COVID–19 ရောဂါနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်သည့် ပြည်သူလူထုထံသို့ မေတ္တာရပ်ခံပန်ကြားချက်နှင့် အများပြည်သူ သိရှိလိုက်နာဆောင်ရွက်ရန် အမိန့်ကြေညာစာအား ပြည်သူလူထုထံသို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပေးရှင်းလင်းခြင်းနှင့် မီဒီယာများ၏ သိလိုသည်များ ပြန်လည်ဖြေကြားခြင်းကို မတ် ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ထုတ်ပြန်ချက်နှင့်ပတ်သက်၍ တက်ရောက်လာကြသည့် မီဒီယာများအား ရှင်းလင်းပြောကြားပြီးနောက် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ပြည်နယ်အတွင်း ရောဂါကူးစက်မှုကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း စီမံဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက မော်တော်ယာဉ်လိုင်းများ အခြေအနေ၊ ပြည်သူများရောဂါပြန့်ပွားမှု တားဆီးကာကွယ်၊ ထိန်းချုပ်နိုင်ရေး ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်နေမှုများ အပါအဝင် သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခဲ့သည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

# COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းစောင့်ကြည့်ထိန်းချုပ်သွားမည်

**မြစ်ကြီးနား မတ် ၂၅**
COVID–19 ရောဂါပြန့်ပွားမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်ရပ်ကွက်၊ ကျေးရွာအဆင့်အထိ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ထိန်းချုပ်၊ ကာကွယ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းနှင့် တာဝန်ရှိသူတို့က မိမိတို့နိုင်ငံတွင် COVID–19 ရောဂါပိုးတွေ့ရှိပြီဖြစ်သောကြောင့် ပြည်နယ်အတွင်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းအဖွဲ့ငယ်များဖွဲ့စည်းပြီး ရပ်ကွက်၊ ကျေးရွာများအထိ ထိန်းချုပ်၊ ကာကွယ်နိုင်ရေး၊ အထူးသဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် မိမိတို့မှတစ်ဆင့် ပြည်သူအားလုံးက လုပ်ငန်းစဉ်အတွင်း ပူးပေါင်းပါဝင်လာရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား ထိန်းချုပ်စောင့်ကြည့်ရေး ဆောင်ရွက်သွားမည့်အစီအမံများ စသည်တို့ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ပြည်နယ်အစိုးရအဖွဲ့မှ နယ်စပ်ဂိတ် အဝင်အထွက်များကိုလည်း အထူးစောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၇၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၅ ကျပ် | ၅၄၀/၅၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၆၅ ကျပ် | ၅၅၅/၅၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၈၀/၄၅၀ ကျပ် | ၄၇၀/၅၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၂၀/၅၈၀ ကျပ် | ၆၁၅/၆၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၃၉ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၃၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၄၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၆ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၇၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၀၀၀ | ၃၁၀၁ | ၃၂၅၁၇၅၀၀ |
| MTSH | ၃၆၀၀ | ၃၅၅၀ | ၁၆၈၀၃ | ၆၀၁၃၄၁၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၆၄၇ | ၁၃၉၁၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၈၅ | ၂၃၃၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးမြန်မာ့လက်မှုပစ္စည်းများ (ထီး၊ ယွန်းထည်၊ လှည်း၊ လှေ၊ သင်္ဘော)

သိပ္ပံစာရေးဆရာကိုကိုအောင်

### ရှေးခေတ်မြန်မာ့ထီးလုပ်ငန်း

ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်တို့တွင် မြန်မာ့ထီးလုပ်ငန်းသည်လည်း စည်ပင်ထွန်းကားခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ရှေးခေတ်အခါများက ထီးလုပ်ငန်းကို အိမ်တွင်း လက်မှုလုပ်ငန်းငယ်အဖြစ် လုပ်ခဲ့ကြသည်။ သီပေါမင်းလက်ထက်တွင် နေပြည်တော်ဝန်းကျင်ရှိ မြို့ရွာများက တစ်နှစ်လျှင် ထီးမျိုးစုံတစ်သောင်းခန့် ထုတ်လုပ် ရောင်းချခဲ့ပြီး ထီးတစ်လက်လျှင် တစ်ကျပ်ခန့် ဈေးရှိခဲ့သည်။ ရှမ်းပြည်မှထွက်သော ရှမ်းထီးများက ပို၍ဈေးရပြီး တစ်နှစ်လျှင် ရှမ်းပြည်မှ ရှမ်းထီး ၆၀၀၀ ခန့်ကို ထုတ်လုပ် ရောင်းချခဲ့သည်။ ထီးဆယ်လက်လျှင် ၃၅ ကျပ်ခန့်ဈေး ရှိသည်။ ဝင်ငွေမနည်းလှသော အိမ်တွင်းစီးပွားရေး လက်မှုလုပ်ငန်းဟု ဆိုရမည်ဖြစ်သည်။

မြန်မာမင်းများလက်ထက်က ထီးသည် မင်းစိုးရာဇာ၊ သူဌေးသူကြွယ်နှင့် ရဟန်းတော်များ၏ အသုံးအဆောင်သာ ဖြစ်ခဲ့သည်။ သာမန်အရပ်သူ အရပ်သားများနှင့် တောသူတောင်သားတို့မှာ မိမိတို့ကိုယ်တိုင် ရက်လုပ်သော ခမောက်များကိုသာ အားထားခဲ့ကြရသည်။ မြန်မာတောင်သူလယ်သမားများသည် ကြိမ်၊ဝါးတို့ကို ကျင်လည်စွာ ကိုင်တွယ်တတ်ကြသည်။ လယ်ယာလုပ်ငန်း ရပ်နားချိန်များတွင် အိမ်သုံးအတွက် ခမောက်၊ ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ပလုံးနှင့် ဖျာများကို ရက်လုပ်ခဲ့ကြသည်။ စပါးကြိတ်၊ ဆန်ဖွပ်၊ မောင်းထောင်း၊ ရက်ကန်းရက်သော လုပ်ငန်းကဲ့သို့ပင် အိမ်တိုင်းလုပ်ဆောင်ရသော အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သည်။ နောက်ပိုင်းတွင် ခမောက်၊ ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ပလုံးနှင့် ဖျာများရက်လုပ်သော လက်မှုလုပ်ငန်းသည် အိမ်တွင်းသုံးမျှသာ မဟုတ်တော့ဘဲ တစ်ရွာမှတစ်ရွာသို့၊ တစ်နယ်မှတစ်နယ်သို့ တင်ပို့ရောင်းချရန် လုပ်ဆောင်လာသဖြင့် စီးပွားရေးလုပ်ငန်း တစ်ရပ်ဖြစ်လာတော့သည်။ သုံးကုန်ထုတ်လုပ်ရေး လက်မှုလုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။

### ယွန်းထည်လုပ်ငန်း

ထို့ပြင် ယွန်းအုပ်၊ ယွန်းခွက်၊ ဇျတ်၊ ဒေါင်းလန်း၊ ဖိနပ်စသည်တို့ထုတ်လုပ်သော အိမ်တွင်းလက်မှုလုပ်ငန်းများလည်း ရှိခဲ့သည်။ အိမ်သုံးနှင့်လုပ်ငန်းခွင်သုံးအတွက် လျှော်နှင့်အုန်းဆံတို့ကို အသုံးပြုကာ ကြိုးများကျစ်ခြင်း၊ လျှော်ကြိုးများဖြင့် ငါးဖမ်းရန် ပိုက်ကွန်စသည့် ကုန်ထုတ်ကိရိယာများ ထုတ်လုပ်ခြင်းစသော အိမ်တွင်း လက်မှုလုပ်ငန်းများလည်း ရှိခဲ့သည်။

မြန်မာမင်းများလက်ထက် တစ်နေရာမှတစ်နေရာသို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်၊ ကူးသန်း ရောင်းဝယ်ရန်နှင့် သွားလာရန်တို့အတွက် ပခုံးထမ်း၊ နွားဝန်တင်၊ လားဝန်တင်၊ လှည်း၊ လှေများကို အသုံးပြု ခဲ့ကြသည်။ တောတောင်ထူထပ်ပြီး ကြမ်းတမ်းသော လမ်းခရီးများတွင် နွားဝန်တင်၊ လားဝန်တင်များကိုသုံး၍ မြေပြန့်ဒေသများတွင် ပခုံးထမ်းဖြင့်လည်းကောင်း၊ လှည်းများဖြင့်လည်းကောင်း သယ်ယူပို့ဆောင် ရောင်းဝယ် ဖောက်ကားခဲ့ကြသည်။ ထို့ကြောင့်ပင် လှည်းလုပ်သော လက်သမားပညာရပ်နှင့်လုပ်ငန်းမှာ အရေးပါခဲ့သည်။

### လှည်းနှင့် လှည်းယဉ်များ

စိုက်ပျိုးသီးနှံများကို ရိတ်သိမ်းပြီးနောက် သယ်ယူရန်အတွက်နှင့် သစ်ဝါးများခုတ်ပြီး သယ်ယူရန်အတွက် လှည်းတစ်ခုတည်းကိုသာ အားထားခဲ့ကြသည်။ ထိုလုပ်ငန်းခွင်သုံး လှည်းများမှာ လှည်းကြမ်းများဖြစ်ကြသည်။ အိမ်တိုင်းလိုလို၌ လှည်းရှိရန် လိုမည်ဖြစ်သော်လည်း လှည်းကို ကိုယ်တိုင်လုပ်နိုင်သည်မဟုတ်၍ လှည်းလုပ်တတ်သူထံမှ ဝယ်ယူကြရသလို လှည်းဘီးများကိုလည်း ဝယ်ယူကြရသည်။ ကျေးလက်တောရွာများ၌ အမျိုးသားတိုင်းလိုလိုပင် အကြမ်းစား ခုတ်ထစ်တပ်ဆင်ရုံမျှသော လက်သမားအတတ်ကို တတ်မြောက်ကြသည်။ ထို့ကြောင့်ပင် များသောအားဖြင့် အိမ်သုံး လုပ်ငန်းခွင်သုံး လှည်းကြမ်းများကို အိမ်နီးချင်းများ၏အကူအညီဖြင့် တည်ဆောက် ကြလေ့ရှိသည်။

မြို့ပေါ်သုံးနှင့်အလှသုံး လှည်းယာဉ်ကျော့ကျော့များကိုမူ လုပ်ငန်းကျွမ်းကျင်သူများကသာ ထုတ်လုပ်နိုင်ကြသည်။ အလှူအတန်းနှင့် ပွဲလမ်းသဘင်ရှိသည့်အခါများတွင် တစ်ရွာမှတစ်ရွာသို့ လှည်းများဖြင့် စုပေါင်းသွားလာကြသဖြင့် လှည်းများဝိုင်းဖွဲ့ကာ စခန်းချ ရပ်နားကြသည်ကို ကျေးလက်တောရွာများ၌ ယခုထိတိုင် တွေ့မြင်နိုင်သေးသည်။ လှည်းသည် မြန်မာတောင်သူလယ်သမားတို့၏ စီးပွားဖက်ကုန်ထုတ်ပစ္စည်းပင် ဖြစ်သည်။ မြန်မာမင်းများလက်ထက်တွင် သယ်ယူပို့ဆောင်ရေးယာဉ်ဖြစ်သော လှည်းပြုလုပ်သည့်လုပ်ငန်းမှာ အရေးပါလှသော လက်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။

### ရေလမ်းခရီးနှင့် လှေများ

ပင်လယ်ကမ်းစပ်နှင့် မြစ်နီးချောင်းနား နေသူများအတွက်မူ လှေသည် အရေးကြီးသော ပို့ဆောင်ရေး ရေယာဉ်ဖြစ်သည်။ တစ်ဖက်ကမ်းမှ အခြားတစ်ဖက်ကမ်းဆီသို့ တစ်နေရာမှ အခြားတစ်နေရာဆီသို့ သွားလာရန်၊ ကုန်ပစ္စည်းများ သယ်ယူတင်ပို့ရန်၊ ငါးဖမ်းသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် လှေကြီးလှေငယ်များရှိရန် လိုအပ်သည်။

အရှေ့တောင်အာရှဒေသတွင် သစ်လုံးထွင်းလှေကို ကျောက်ခေတ်သစ်အတွင်း လွန်ခဲ့သောနှစ်ပေါင်း ၇၀၀၀ ကျော်လောက်ကပင် အသုံးပြုနေကြပြီဖြစ်သည်။ ပင်လယ်သွားဖောင်တွဲလှေကို လွန်ခဲ့သောနှစ် ၆၀၀၀ ခန့်က အသုံးပြုတတ်ခဲ့ကြသည်။ အရှေ့တောင် အာရှဒေသများမှ မြောက်ဘက်ရှိ ဂျပန်ကျွန်းအထိ ပင်လယ်ခရီးသွားခဲ့ကြသည်ဟု သမိုင်းပညာရှင်များက ယူဆကြသည်။ အရှေ့တောင်အာရှမှ ခလေ့များသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က အနောက်ဘက်ရှိ မာဒါဂါစကာကျွန်းအထိ ပျံ့နှံ့သွားကာ မြေထဲပင်လယ်ဝန်းကျင် ဒေသများနှင့် အဆက်အသွယ် ရခဲ့ကြသည်ဟုလည်း ဆိုသည်။

မြန်မာနိုင်ငံ၌လည်း မြစ်နီးချောင်းနားတွင်နေထိုင်ပြီး ရေလမ်းခရီးကိုသာ အသုံးပြုသူများသည် ရှေး အစောပိုင်းကာလတွင် သစ်ပင်ကိုခုတ်လှဲ၍ ဓား၊ ပဲကွပ်၊ ဆောက်စသည်တို့ဖြင့် အခေါင်းထွင်းထားသော သစ်လုံးထွင်းလှေများကို အသုံးပြုခဲ့ကြသည်။ နောက်ပိုင်းတွင် လုပ်ငန်းကျွမ်းကျင်မှုက တစ်စတစ်စ တိုးတက်လာသောအခါ လုံးထွင်း လှေဝမ်းကို မီးဖြင့်ဖြန့်၍စပ်တင်ကာ ဝန်ပိုတင်နိုင်သော လှေကြီးများကို တည်ဆောက်ခဲ့ကြသည်။

### မြန်မာ့သမိုင်းမှ စစ်လှေတပ်များ

မြန်မာမင်းများ လက်ထက်က လှေကြီးလှေငယ်များသည် အရပ်သုံးနှင့် လုပ်ငန်းခွင်သုံးမျှသာမကဘဲ စစ်သုံးအတွက်လည်း အရေးပါခဲ့သည်။ ထို့ကြောင့်ပင် လှေလုပ်ငန်းမှာ စီးပွားဖြစ်လက်မှုလုပ်ငန်းဟု ဆိုရမည်ဖြစ်သည်။ သာမန်လှေငယ်များမှသည် ရှစ်တန်ကျော်တင်ဆောင်နိုင်သော သမ္ဗန်ကြီးများ၊ စပ်လှေချုပ်လှေ၊ ကတ္တူလှေ၊ ပိန်းကောစသော ကုန်သည်လှေကြီးများ၊ သားလှေ၊ ငှက်လှေ၊ ရဲလှေ၊ လွန်းကြင်လှေစသည်တို့နှင့် ရဲမက် ၁၀၀ မှ ၁၅၀ ကျော် တင်ဆောင်နိုင်သော စစ်လှေကြီးများကိုပါ ရှေးမြန်မာတို့ တည်ဆောက်နိုင်ခဲ့ကြသည်။

တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့က စစ်ချီရာ၌ လည်းကောင်း၊ အလောင်းမင်းတရားလက်ထက်က ဟံသာဝတီကို တိုက်ခိုက်သိမ်းသွင်းရာ၌လည်းကောင်း လှေတပ်များ ပါဝင်ခဲ့သည်။ မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများသည် စစ်လှေကြီးများကို တည်ဆောက်ဆက်သွင်းရကာ ရွာသားများက လှေအမှုထမ်းများ ဖြစ်ကြရသည်။ ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းလက်ထက်တွင် ပေ ၈၀ မှ ၁၀၀ ကျော်အထိရှည်၍ ၈ ပေခန့်ကျယ်ဝန်းသော စစ်လှေကြီးများရှိခဲ့ပြီး လူ ၅၀ ကျော်တို့က လှော်ခတ်ကြရသည်။ ချင်းတွင်းမြစ်အောက်ပိုင်းရှိ ကျောက်မျက်နှင့် အနီးဝန်းကျင် ကျေးရွာများသည်လည်းကောင်း၊ ရွှေဘိုသစ်ဆိမ့်ကြီး ကျေးရွာမှလည်းကောင်း စစ်လှေကြီးတစ်စင်းစီ ဆက်သရပြီး လှေအမှုထမ်းကြရသည်။ အောက်မြန်မာနိုင်ငံတွင်လည်း ဟင်္သာတ၊ သာရဝေါ၊ သန်လျင်၊ ဒလစသည်တို့မှာ စစ်လှေကြီးများနှင့် လှေအမှုထမ်းများထွက်ရာ ဒေသများ ဖြစ်ကြသည်။

မြန်မာနိုင်ငံ အထက်ပိုင်း၊အလယ်ပိုင်းနှင့် အောက်ပိုင်းကို ဆက်သွယ်ထားသည့် တစ်ခုတည်းသော ရေလမ်းခရီးမှာ ဧရာဝတီမြစ်ကြီးဖြစ်သည်။ အောက်မြန်မာနိုင်ငံမှ ငါးပိ၊ ငါးခြောက်၊ ဆားစသောထွက်ကုန်များကို အထက်အညာဒေသသို့ တင်ပို့ရန်နှင့် အညာဒေသထွက်ကုန်များကို မြန်မာနိုင်ငံအောက်ပိုင်းရှိ မြို့ရွာများသို့ ပို့ဆောင်ရန် ကုန်တင်လှေကြီးများ၊ ပိန်းကောကြီးများသည် ၁၇ ရာစု အလယ်ခန့်ကပင် ဧရာဝတီမြစ်ရိုးတစ်လျှောက် စုန်ဆန် ကူးသန်း လျက် ရှိနေခဲ့ကြသည်။

ဝန်ကြီးပဒေသရာဇာ၏ ပိန်းကောရှင်နှင့် ကုန်တင်လှေကြီး တျာချင်းများက အထင်အရှား သက်သေခံလျက်ရှိသည်။ ၁၉ ရာစု အလယ်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သော ကရောဖွတ်က ပခုက္ကူဆိပ်ကမ်းတွင် ကုန်တင်လှေကြီးငယ်ပေါင်း ၁၅၀ ခန့် ဆိုက်ကပ်လျက်ရှိသည်ကို မြင်တွေ့ရကြောင်း၊ ယင်းတို့အနက် အကြီးဆုံး ၂၀ စင်းမှာ မြန်မာကုန်သည်ကြီးများ၏ ကုန်တင်လှေကြီးများ ဖြစ်ကြောင်း သူ၏မှတ်တမ်းတွင် ရေးသားထားခဲ့သည်။

မြစ်တွင်းသွား ကုန်တင်လှေကြီးများသည် လူအားထက် လေအဟုန်ကို ပို၍ အားထားအသုံးပြုသော ရွက်လှေကြီးများဖြစ်ကြသည်။ စင်စစ်အားဖြင့် ဟံသာဝတီ ဘုရင့်နောင်ခေတ်ကတည်းက အင်းဝကိုဗဟိုပြုသော မြောက်ပိုင်းမှ ကုန်သည်များနှင့် မြစ်ဝကျွန်းပေါ်မှ ကုန်သည်များသည် ဟံသာဝတီ၊ ဒလ၊ သန်လျင်၊ မုတ္တမ၊ တနင်္သာရီ စသော ဆိပ်ကမ်းမြို့များတွင် လှေကြီးလှေငယ်များဖြင့် လာရောက် ရောင်းဝယ်ဖောက်ကားလျက် ရှိနေခဲ့ကြပြီဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ရွာများသည်လည်း ကူးသန်းသွားလာရေးနှင့် ရောင်းဝယ်ဖောက်ကားရေးအတွက် လှေကြီးလှေငယ်အမျိုးမျိုးကို အသုံးပြုကြရသည်ဖြစ်၍ လှေလုပ်၊ လှေစပ်၊ လှေဆောက်သော လုပ်ငန်းမှာ များစွာ တွင်ကျယ်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

### ကျွန်းသစ်ဖြင့် သင်္ဘောတည်ဆောက်မှု

ဥရောပနိုင်ငံများမှ ကုန်သည်များနှင့် စွန့်စားသွားလာသူများသည် ၁၅ ရာစုအကုန် ၁၆ ရာစု၏ အဦးအစကပင် မြန်မာနိုင်ငံရှိ ပဲခူး၊ မုတ္တမ၊ သန်လျင်တို့သို့ ဝင်ထွက်သွားလာလျက်ရှိနေကြပြီဖြစ်သည်။ ဤသည်တို့ကို အကြောင်းပြု၍ မြန်မာ့ကျွန်းသစ်ဖြင့် သင်္ဘောတည်ဆောက်မှုက ထွန်းကားထင်ရှားလာခဲ့သည်။ အေဒီ ၁၈၀၀ ခန့်တွင် မြန်မာတို့၏ သင်္ဘောတည်ဆောက်သောလုပ်ငန်းမှာ ခိုင်မာစွာတည်ရှိနေခဲ့သည်။

ရှေးမြန်မာမင်းများသည် နိုင်ငံတော်အတွင်းမှ ထွက်ရှိသော ရွှေငွေ၊ကျောက်သံပတ္တမြားနှင့် ကျွန်းသစ်များကို ပြည်ပသို့ ထုတ်ယူခွင့်မပြုခဲ့ကြပေ။ ထို့ကြောင့်ပင် နိုင်ငံခြားသားကုန်သည်များက အပြန်ခရီးတွင် ကျွန်းသစ်ဖြင့်တည်ဆောက်အပ်သော မြန်မာ့လက်ရာသင်္ဘောများကို ဝယ်ယူသယ်ဆောင်သွားခဲ့ကြသည်။ သန်လျင်နှင့် ရန်ကုန်ဆိပ်ကမ်းတွင် မြန်မာလက်သမားများ တည်ဆောက်သော သင်္ဘောများက ဂင်္ဂါမြစ်ဝ သို့မဟုတ် ဘုံဘေတွင်တည်ဆောက်သည့် သင်္ဘောများထက် လက်ရာပြောင်မြောက်ကာ ကောင်းမွန်သေသပ်သည်ဟု နိုင်ငံခြားသားမှတ်တမ်းများက ဖော်ပြခဲ့သည်။

ထိုစဉ်က သင်္ဘောအများစုကို သန်လျင်ဆိပ်ကမ်း၌ တည်ဆောက်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ ရန်ကုန်ဆိပ်ကမ်းရှိ သင်္ဘောတည်ဆောက်သည့် လုပ်ငန်းများက ပိုမိုထင်ရှားလာခဲ့သည်။ ပြည်မြို့အနီးတွင်လည်း သင်္ဘောတည်ဆောက်သည့်လုပ်ငန်း ရှိခဲ့သည်ဟု ဆိုကြသည်။ သင်္ဘောတည်ဆောက်သော လက်သမားများမှာ မြန်မာတိုင်းရင်းသားများသာဖြစ်ကြကာ နည်းပညာကို ပြင်သစ်တို့ထံမှရခဲ့သည်ဟု ဆိုသည်။ ၁၇ ရာစု အတွင်းက သန်လျင်တွင် ပြင်သစ်တို့၏ ရောင်းဝယ်ရေးနှင့် သင်္ဘောတည်ဆောက်ရေးစခန်း ရှိခဲ့သည်။

ဗဒုံမင်းလက်ထက် ၁၇၉၅ ခုနှစ်တွင် ဗြိတိသျှကိုယ်စားလှယ် ဆိုင်း(မ်)(စ်)လာရောက်စဉ်က ရန်ကုန်သင်္ဘောကျင်းတွင် တန် ၈၀၀ မှ တန် ၁၀၀၀ ရှိ သင်္ဘောကြီးများ တည်ဆောက်နေသည်ကို တွေ့ခဲ့ရကြောင်း သူ၏မှတ်တမ်းတွင် ဖော်ပြထားသည်။ လက်ရာ အလွန်ပြောင်မြောက်ပြီး သေသပ် ကောင်းမွန်သည်ဟုလည်း ချီးကျူးစကားဆိုထားသည်။ ပြင်သစ် မှတ်တမ်းများကလည်း ရန်ကုန်တွင် သင်္ဘောအများအပြား တည်ဆောက်ခဲ့ကြောင်း၊ တန် ၁၅၀၀ သင်္ဘောကြီးအထိ အရွယ်အစားအမျိုးမျိုး တည်ဆောက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

မြန်မာ့ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းသည် အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီးသည့် အချိန်တွင်လည်း ဆက်လက်ရှင်သန်လျက် ရှိနေခဲ့သည်။ ဗြိတိသျှတို့ လက်အောက် ကျရောက်ပြီးနောက် ၁၈၃၄ ခုနှစ်မှ ၁၈၇၇ ခုနှစ်များအတွင်း မော်လမြိုင်ဆိပ်ကမ်းမှ ကျွန်းသားသင်္ဘော ၁၄၆ စင်း တည်ဆောက်ခဲ့သေးသည်။ စတီးဘရားသား ကုမ္ပဏီ၏ မှတ်တမ်းများကလည်း ၁၈၅၀ ပြည့်နှစ်ဝန်းကျင်က တန် ၁၀၀၀ ကျော် သင်္ဘောကြီးများ တည်ဆောက်ခဲ့ကြောင်း ဖော်ပြထားသည်။ ကပ္ပတိန်ဖော့(စ်)ကလည်း မြန်မာတို့၏ လှေသင်္ဘောတည်ဆောက်သည့် လုပ်ငန်းကျွမ်းကျင်ပုံ၊ လက်စွမ်းထက်ပုံ၊ လက်ရာကောင်းပုံကို ချီးကျူးလျက် မြန်မာတို့သည် လုံးထွင်းလှေငယ်မှစ၍ ပေ ၆၀ ကျော်ရှည်သော ရှစ်တန်လှေကြီးများအထိ ဆောက်လုပ်နိုင်ကြသည်ဟု ၁၈၇၈ ခုနှစ်က မှတ်တမ်းတင်ထားခဲ့သည်။

မြန်မာ့လှေလုပ်ငန်းနှင့် သင်္ဘောတည်ဆောက်သည့် လုပ်ငန်းမှာ ပြည်တွင်း၌ သာမက ပြည်ပနိုင်ငံများသို့တိုင် ပျံ့နှံ့ကျော်စော ထင်ရှားခဲ့သည်။ မြန်မာမင်းများလက်ထက် တစ်လျှောက်တွင် လှေ၊ သင်္ဘောတည်ဆောက်သည့် လုပ်ငန်းများသည် စားဝတ်နေရေးဆိုင်ရာ ပြဿနာတို့ကို ဖြေရှင်းပေးနိုင်သော စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်းမျှသာမက နိုင်ငံတော်ကာကွယ်ရေးနှင့် စစ်ရေးလိုအပ်ချက်ကိုပါ တာဝန်ယူဖြည့်ဆည်းပေးခဲ့သော လုပ်ငန်းကြီးလည်းဖြစ်ပေသည်။ ထိုမျှ အရေးပါလှသော လက်မှုလုပ်ငန်းကြီးသည် ၁၉ ရာစုနောက်ပိုင်းတွင် သံထည်သင်္ဘောများ၊ မီးသင်္ဘောများ ပေါ်ထွန်းလာသည့်အချိန်တွင် မှေးမှိန်တိမ်ကောသွားခဲ့သည်။ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း မှေးမှိန်တိမ်ကောသွားသော်လည်း မြစ်ချောင်းများအနီးနှင့် ပင်လယ်ကမ်းခြေတွင် နေထိုင်သူ ပြည်သူတို့အတွက်မူ ကူးသန်းသွားလာရေးနှင့် ငါးဖမ်းလုပ်ငန်းများအတွက် လှေကြီးလှေငယ်များကို ယခုထိတိုင် အသုံးပြုနေကြရသေးသည်ဖြစ်ရာ လှေတည်ဆောက်သည့်လုပ်ငန်းမှာ ဆက်လက်ရှင်သန်နေဆဲပင် ဖြစ်တော့သည်။ ။

"တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့က စစ်ချီရာ၌ လည်းကောင်း၊ အလောင်းမင်းတရားလက်ထက်က ဟံသာဝတီကို တိုက်ခိုက်သိမ်းသွင်းရာ၌လည်းကောင်း လှေတပ်များ ပါဝင်ခဲ့သည်။ မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများသည် စစ်လှေကြီးများကို တည်ဆောက်ဆက်သွင်းရကာ ရွာသားများက လှေအမှုထမ်းများ ဖြစ်ကြရသည်။ ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းလက်ထက်တွင် ပေ ၈၀ မှ ၁၀၀ ကျော်အထိရှည်၍ ၈ ပေခန့်ကျယ်ဝန်းသော စစ်လှေကြီးများရှိခဲ့ပြီး လူ ၅၀ ကျော်တို့က လှော်ခတ်ကြရသည်။ ချင်းတွင်းမြစ်အောက်ပိုင်းရှိ ကျောက်မျက်နှင့် အနီးဝန်းကျင် ကျေးရွာများသည်လည်းကောင်း၊ ရွှေဘို သစ်ဆိမ့်ကြီးကျေးရွာမှ လည်းကောင်း စစ်လှေကြီးတစ်စင်းစီ ဆက်သရပြီး လှေအမှုထမ်းကြရသည်။"

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၅)

# မြန်မာနိုင်ငံအမျိုးသမီးများ



မောင်စာဂ

တတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီးကို ယခု ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပသွားရန်ရှိပါသည်။ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ရွေးကောက်ပွဲများတွင် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်မှုအခန်းကဏ္ဍ မည်သို့ရှိသနည်း။ သမိုင်းကြောင်းဖြစ်စဉ် အနှစ်ချုပ်မျှဝေပါရစေ။

**အမျိုးသမီးများနှင့် ရွေးကောက်ပွဲ**

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရလည်းကောင်း၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်အတူ လွှတ်တော်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံခွင့်ရှိကြသည်။ အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကလည်း ၁၉၂၉ ခုနှစ်မှစ၍ မြန်မာအမျိုးသမီးများ လွှတ်တော်သို့ အရွေးခံခွင့်ရရှိခဲ့ကြသည်။

**ပထမဦးဆုံး မြန်မာအမျိုးသမီးမင်းတိုင်ပင်အမတ်**

မြန်မာနိုင်ငံ၏ လွှတ်တော်သမိုင်းကို ပြန်ကြည့်လျှင် အင်္ဂလိပ်ကိုလိုနီခေတ်က ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများတွင်ပင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနည်းတူ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြသည်ကို တွေ့ရသည်။ ၁၉၂၉ ခုနှစ်တွင် ၉၁ ဌာနအုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲကျင်းပစဉ်က အမျိုးသမီး အမတ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်သူ ကိုးဦးရှိသည်။ ယင်းကိုးဦးအနက် မော်လမြိုင်မှ အမတ်လောင်း ဒေါ်နှင်းမြသည် အရွေးခံရသဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအမျိုးသမီး မင်းတိုင်ပင်အမတ်ဖြစ်လာခဲ့သည်။ ဒေါ်နှင်းမြသည် မွန်တိုင်းရင်းသူဖြစ် ပြီး ဝံသာနုဂျီစီဘီအေ ဥက္ကဋ္ဌ ဦးချစ်လှိုင်၏ နှမအရင်းဖြစ်သည်။

**တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ**

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အောင်ဆန်း အက်တလီ စာချုပ်အရ ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ နယ်ခြားဒေသများမှ အမတ် ၄၄ ဦးအပါအဝင် စုစုပေါင်း ၂၅၄ ဦး ရွေးကောက်တင်မြှောက်ခံရသည်။ ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသည့် အမတ်များထဲတွင် အမျိုးသမီးအမတ်များအဖြစ် ဒေါ်လှရှင်၊ ဒေါ်စောရွှေနှင့် ဒေါ်ခင်လှတို့ သုံးဦးပါဝင်သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်၊ ဦးရာဇတ်၏ဇနီး ဒေါ်ခင်ခင်၊ ဦးဘချို၏သမီး ဒေါ်ခင်နု၊ သခင်မြ၏ဇနီး ဒေါ်ခင်ညွန့်တို့သည် သက်ဆိုင်ရာမဲဆန္ဒနယ်များမှ လွှတ်တော်အမတ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

**ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲများ**

ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲများကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည်။ ၁၉၅၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်တို့တွင် ကျင်းပသော ရွေးကောက်ပွဲများအတွက် အမျိုးသမီးအမတ်လောင်းများ ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် တစ်ဦး၊ လူမျိုးစုလွှတ်တော်မဲဆန္ဒနယ်တွင် တစ်ဦး ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၅၆ ခုနှစ်တွင် ကျင်းပသော ရွေးကောက်ပွဲအတွက် အမျိုးသမီး အမတ်လောင်းများ ၁၄ ဦးဝင်ရောက်ယှဉ်ပြိုင်ရာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် တစ်ဦး၊ လူမျိုးစု လွှတ်တော်မဲဆန္ဒနယ်တွင် သုံးဦး ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၆၀ ပြည့်နှစ်တွင် ကျင်းပသော ရွေးကောက်ပွဲအတွက် အမျိုးသမီးလွှတ်တော် အမတ်လောင်းများ ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် တစ်ဦး၊ လူမျိုးစု လွှတ်တော်မဲဆန္ဒနယ်တွင် နှစ်ဦး ရွေးကောက်တင်မြှောက် ခံရသည်။

**လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲများ**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲများကို ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပခဲ့သည်။ ရွေးကောက်ပွဲ စုစုပေါင်းလေးကြိမ် ကျင်းပခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပုံစံမဟုတ်ပါ။ တစ်ပါတီစနစ်ရွေးကောက်ပွဲဖြစ်သည်။ ပြည်သူ့လွှတ်တော် တစ်ရပ်တည်းသာရှိသည်။ ၁၉၇၃ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ်ရွေးကောက်ပွဲတွင် အမျိုးသမီး ရှစ်ဦး၊ ၁၉၇၇ ခုနှစ်တွင် ဒုတိယအကြိမ်ကျင်းပသော ရွေးကောက်ပွဲ၌ အမျိုးသမီး ၁၃ ဦး၊ ၁၉၈၁ ခုနှစ်တွင် ကျင်းပသော တတိယအကြိမ်ရွေးကောက်ပွဲ၌ အမျိုးသမီး ၁၄ ဦး၊ ၁၉၈၅ ခုနှစ်တွင် ကျင်းပသော စတုတ္ထအကြိမ်ရွေးကောက်ပွဲ၌ အမျိုးသမီး ၁၆ ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ အချို့အမျိုးသမီးများမှာ နှစ်ကြိမ်၊ သုံးကြိမ် စသည်ဖြင့် ဆက်၍ရွေးကောက်တင်မြှောက်ခံရသည်။

**၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ**

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းသော ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများအရ ကျင်းပခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအဖြစ် ကျင်းပခဲ့သည်။ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပသော ရွေးကောက်ပွဲများမှာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဖြစ်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဟူ၍ လွှတ်တော်သုံးရပ်အတွက် ကျင်းပခဲ့သည်။

ပထမအကြိမ်လွှတ်တော်သက်တမ်းအတွက် ၇-၁၁-၂၀၁၀ ရက်နေ့က အထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပြည်သူ့လွှတ်တော်အတွက် ၃၂၅ နေရာတွင် ၁၄ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၁၆၈ နေရာတွင် ခြောက်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အတွက် ၆၆၁ နေရာတွင် ၂၄ ဦးနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် ၂၉ နေရာတွင်တစ်ဦး ရွေးကောက်တင်မြှောက်ခံရသည်။ ယင်းသက်တမ်းအတွင်း ၁-၄-၂၀၁၂ ရက်နေ့က လစ်လပ်လွှတ်တော်မဲဆန္ဒနယ် စုစုပေါင်း ၄၅ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ရာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး ရွေးကောက်တင်မြှောက်ခံရသည်။

> “လွှတ်တော်ရွေးကောက်ပွဲများတွင် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်မှုမြှင့်တင်ရေးကို နိုင်ငံရေးပါတီများက လက်တွေ့ဆောင်ရွက်နိုင်ကြသည်။ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် အမျိုးသမီးများ တိုးမြှင့်ပါဝင်နိုင်ရေး စိစစ်ရွေးချယ်ကြရပါမည်။ ပါတီကိုယ်စားပြုမဟုတ်သည့် အမျိုးသမီးများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်း တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပါသည်”

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ၈-၁၁-၂၀၁၅ ရက်နေ့က လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ် စုစုပေါင်း ၁၁၅၀ နေရာတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့လွှတ်တော်အတွက် ၃၂၃ နေရာတွင် ၄၄ ဦး၊ အမျိုးသားလွှတ်တော်အတွက် ၁၆၈ နေရာတွင် ၂၃ ဦး၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အတွက် ၆၃၀ နေရာတွင် ကိုယ်စားလှယ် ၇၉ ဦးနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ် ၂၉ နေရာတွင် ငါးဦး ရွေးကောက် တင်မြှောက်ခံရသည်။ ယင်းသက်တမ်းအတွင်း ၁-၄-၂၀၁၇ ရက်နေ့က လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာအတွက် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ရွေးကောက်တင်မြှောက်ခံရပြီး ၃-၁၁-၂၀၁၈ ရက်နေ့က လစ်လပ်လွှတ်တော် မဲဆန္ဒနယ် ၁၃ နေရာအတွက် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခံရခြင်း မရှိခဲ့ပါ။




**အမျိုးသမီးများပါဝင်မှု မြှင့်တင်ကြပါစို့**

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ရွေးကောက်ပွဲများတွင် အမျိုးသမီးများပါဝင်ယှဉ်ပြိုင် အရွေးခံမှုများရှိခဲ့သော်လည်း ရာနှုန်းအားဖြင့် နည်းပါးလျက်ရှိနေပါသေးသည်။ ယနေ့အချိန်အခါတွင် ကျားနှင့် မ မခွဲခြားရေး၊ တန်းတူညီမှုဖြစ်စေရေးကို ပို၍လိုလားတောင့်တနေကြသည်။ အထူးသဖြင့် လွှတ်တော်ရွေးကောက်ပွဲများတွင် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်မှု ပိုမိုမြင့်မားလာစေချင်ကြသည်။ အဖွဲ့အစည်းပေါင်းစုံက အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ပြုလုပ်နေကြသည်။ တွန်းအားပေးနေကြသည်။

**အဓိကရည်မှန်းချက်**

အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုနှင့်စပ်လျဉ်း၍ ကျား၊မ တန်းတူညီမှုရှိခြင်းသည် အရေးပါသော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တစ်ခုဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားကြသည်။ အခြားသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက်ပါ အစွမ်းထက်သော နည်းလမ်းတစ်ခုဖြစ်သည်ဆိုသောအချက်ကို မြန်မာနိုင်ငံ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ( ၂၀၁၃ - ၂၀၂၂ ) တွင် အဓိကရည်မှန်းချက်အဖြစ် ထားရှိကြောင်း တွေ့ရသည်။

**နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ**

လွှတ်တော်ရွေးကောက်ပွဲများတွင် အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်မှုမြှင့်တင်ရေးကို နိုင်ငံရေးပါတီများက လက်တွေ့ ဆောင်ရွက်နိုင်ကြသည်။ လွှတ်တော်အသီးသီး အတွက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် အမျိုးသမီးများ တိုးမြှင့်ပါဝင်နိုင်ရေး စိစစ်ရွေးချယ်ကြရပါမည်။ ပါတီကိုယ်စားပြုမဟုတ်သည့် အမျိုးသမီးများ အနေဖြင့်လည်း မိမိတို့တစ်ဦးချင်း တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြပါသည်။ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်းများသည် ပြည်သူတို့နှင့် ထိတွေ့ကာ ရွေးကောက်တင်မြှောက်ခံရနိုင်ရေး စွမ်းအားရှိသမျှ စည်းရုံးမှုပြုကြရပါမည်။


ဤသို့ဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ဆပွားတိုးမြင့်လာမည်ဟု မျှော်လင့်မိကြောင်းပါ။

- **ရွေးကောက်ပွဲတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်လောင်း များများပါဝင်ယှဉ်ပြိုင်နိုင်ကြပါစေ၊**
- **ယှဉ်ပြိုင်သူ အမျိုးသမီးကိုယ်စားလှယ်လောင်းများအားလုံး ရွေးကောက်တင်မြှောက်ခံနိုင်ကြပါစေ၊**
- **ပြည်သူနှင့်နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာများကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ။**

# တောင်ငူ(၅၂)မြို့ အပိုင်း (၂)

**သောင်းကေတု**

ယခင်တစ်ပတ်က တောင်ငူ (၅၂) မြို့စာရင်းကိုဖော်ပြခဲ့ပြီး တောင်ညိုမြို့အကြောင်းတင်ပြခဲ့ပါသည်။ တောင်ငူ (၅၂) မြို့၏ မြောက်ဘက်အစွန်ဆုံးမြို့မှာ ညောင်လွန့်ဖြစ်သည်။ တပ်ကုန်းမြို့နယ် ပြည်ထောင်စုနယ်မြေ တွင်ပါဝင်သည်။ သက္ကရာဇ် ၈၄၇ ခုနှစ် မင်းကြီးညိုတောင်ငူကို ဆက်ခံစဉ်က အင်းဝဘုရင် ဒုတိယမင်းခေါင်ထံသို့ လက်ဆောင်ပဏ္ဏာဆက်က တောင်ငူထီးနန်းကို ဆက်ခံသည့်အကြောင်း လျှောက်တင်သည်။ ဒုတိယမင်းခေါင်က ပုန်ကန်နေသူ ညီတော်ရမည်းသင်းစား မင်းရဲကျော်စွာ၏ ပိုင်နက်ကို တိုက်ခိုက်စေ၍ ပေါင်းလောင်းမြစ်အရှေ့မြောက်ဘက် စပါးတောင်း၊ အိုင်ပုကိုတိုက်ခိုက်သည်။ ငစိန်အင်းမ၊ တန်တီတိုင်နိုင်၍ ဆင်မြင်းသုံ့ပန်းများစွာရ၏။ မွန်ပြည်ကျောစပ်ကိုစုံစမ်းလေသော် ကတ်ကျေး ကြောင်ပြာစားကို စီးချင်းနိုင်၍ သုံ့ပန်းအများရသည်။ ထိုအချိန်ကာလမှစ၍ ရေလွဲ ၅ ခရိုင်၊ ရွှေမြို့၊ ကင်းသာ၊ ညောင်လွန့်၊ ငွေယ်ကုန်း (လယ်ဝေး)ကျောက်ချက်ပြကောင်းနှင့် တောင်ဘက်ရှိ ကတ်ကျေးကြောင်ပြာတို့သည် တောင်ငူပိုင်နက်တွင် ပါဝင်လာခဲ့သည်။



ညောင်လွန့်ရွာ၌ တည်ထားကိုးကွယ်သည့် ရသေ့တောင်ဦးခန္တီ အိမ်တော်ရာဘုရား။

**ညောင်လွန့်မြို့**

ညောင်လွန့်မြို့သည် တပ်ကုန်းမြို့နယ်ထဲတွင် ပါဝင်သည်။၁၁၄၆ ခုနှစ် ဘိုးတော်ဘုရားလက်ထက် ကောက်ယူသော စစ်တမ်းတွင် ညောင်လွန့်သူကြီး ငမောင်က ဤကဲ့သို့ထွက်ဆိုသည်။

ကျွန်တော်၏ဘေး ငတလိုင်း၊ သူ၏သား ငအောင်စံထွန်း၊ သူ၏သား ငပု၊ သူ၏သား ကျွန်တော် ငမောင်တို့ အစဉ်အတိုင်း အုပ်ချုပ်ခဲ့ပါသည်။ နယ်မြေအကျယ်အဝန်းမှာ အရှေ့ကို တစ်တိုင်ကွာ နဝင်းချောင်း တစ်ဖက် ညောင်ကိုင်းမြေနှင့် ကျောခိုင်း၊ အရှေ့တောင်ကို တစ်တိုင်ခွဲကွာ စအုံနှင့် နဝင်းချောင်းဆုံ၊ တလိုင်းသေမြေနှင့် ကျောခိုင်း၊ တောင်ကို တစ်တိုင်ခွဲကွာ ကြို့ပင်သာ၊ တလိုင်းသေမြေနှင့် ကျောခိုင်း အနောက်မြောက်ဘက် နှစ်တိုင်ကွာ သစ်ငုတ်ပလ္လင်အထိ တစ်ဖက် နွားထိုးမြေနှင့် ကျောခိုင်း၊ မြောက်ကို နှစ်တိုင်ကွာ ကြို့ချောင်းတစ်ဖက် ရမည်းသင်းမြေနှင့် ကျောခိုင်း၊ အရှေ့မြောက်တစ်တိုင်ခွဲကွာ ကြို့ချောင်းနှင့် နဝင်းချောင်းဆုံရာ တစ်ဖက်၊ တောင်ဘိုကန်တူးမြောင်းပေါ်ရှိ ကံရိုးကြီးရွာနှင့် ကျောခိုင်း၊ ဤနယ်အတွင်းရှိ ကျေးရွာများကို ထုံးတမ်းစဉ်လာအတိုင်း အုပ်ချုပ်ရပါသည်။ ရှေးအခါက ဤနယ်သားများသည် ကင်းစခန်းများတွင် ကင်းသားတာဝန်ထမ်းခဲ့ကြသည်။ ကင်းသားများကို အခွန်ကောက်ခံခြင်းမပြုပါ။ ကျန်ကျေးရွာသားများ၏ တရားကွမ်းဘိုး၊ အကောက်အစားများကို တောင်ငူမြို့ရုံးတော်သို့ ဆက်သွင်းရပါသည်။ အရှင့်ခမည်းတော် (အလောင်းဘုရား)နှင့် ယခုလက်ထက်တိုင်အောင် ကင်းစခန်းများမထားရှိတော့ပါ။ တောင်ငူမြို့ရုံးတော်က စီမံသည့်အတိုင်း ကင်းသားဟောင်းများကို အုပ်ချုပ်ပါသည်။ အသည်၊ အလာ၊ ဝင်နေကပ္ပါးတို့ကို အခြားသူကြီးများကဲ့သို့ စီမံအုပ်ချုပ်ရပါသည်။

ညောင်လွန့်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့က ရောက်ခဲ့သည်။ တပ်ကုန်းမြို့မြောက်ဘက်ရှိ စည်ကားသောကျေးရွာတစ်ခုဖြစ်သည်။ လမ်းအနောက်ဘက်တွင် ရသေ့ကြီး ဦးခန္တီတည်ခဲ့သော မဟာမြတ်မုနိရုပ်ပွားတော်ကြီးကို ဝင်ရောက်ဖူးမြော်သည်။ ညောင်လွန့်အနောက်ဘက် နှစ်တိုင်ခန့်ဝေးသော ရွာသာတွင် ရသေ့ကြီးဦးခန္တီ၏ အိမ်တော်ရာ စေတီရှိသည်။ ညောင်လွန့်၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ညောင်လွန့်တောရကျောင်းတိုက်ရှိသည်။ ညောင်လွန့်ဆရာတော် ဦးမေဒဝီမှာ ရဟန္တာဖြစ်သည်ဟု ယုံကြည်ကြသည်။ ဧက ၂၀၀ ခန့်ကျယ်ဝန်းသော တောအုပ်ကြီးအတွင်းတွင် စေတီပုထိုးကျောင်းဆောင်များဖြင့် အေးချမ်းဆိတ်ငြိမ်သော တောရကျောင်းကြီးဖြစ်ပါသည်။

**ရွှေမြို့**

ရွှေမြို့သည် ရန်ကုန် - မန္တလေး ရထားလမ်းပေါ်ရှိ မြို့တစ်မြို့ဖြစ်သည်။ ၂၀၁၈ ခုနှစ်က သွားရောက်လေ့လာခဲ့ရာ ယခုဘူတာရှိ ရွှေမြို့သည် ၁၈၈၉ခုနှစ် ရထားလမ်းဖောက်မှ တည်ထားခြင်းဖြစ်ပြီး မူလနေရာကို မသိခဲ့ရပေ။ ဆင်သေချောင်းအနောက်ဘက်လမ်းတွင် ရွှေမြို့ကြီးဟုခေါ်သော ဘုန်းကြီးကျောင်းတိုက်တစ်ခုရှိသည်။ ရွှေမြို့ (ဘူတာ)ရှိ မြို့ဒိပ်ကျောင်း ဆရာတော်က တောင်ဘက်မှာ နန်းတော်ရာလယ်ကွင်းရှိသည်ဟု လမ်းညွှန်သဖြင့် တောင်ဘက် တစ်မိုင်ခန့်ဝေးသော ထိုနေရာကို သွားကြသည်။ သာမန်လယ်ကွင်းတစ်ခုသာဖြစ်ပြီး မည်သည့်အထောက်အထားမှ မတွေ့ရပေ။ ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီးတွင် ဘိုးတော်ဘုရားလက်ထက် ယိုးဒယားသို့စစ်ချီရာ၌ ရွှေမြို့မှာ စခန်းချ ညအိမ်ရပ်နားကြောင်း ဖော်ပြထားသည်ကို သတိရသည်။ ဤနေရာတွင် စခန်းချသဖြင့် နန်းတော်ရာလယ်ကွင်းဟုခေါ်သည်ဟု ယူဆပါသည်။



ကင်းသာရွာ၌ တည်ထားကိုးကွယ်သည့် နန်းဦးဘုရား။

၁၁၄၆ ခုနှစ် စစ်တမ်းတွင် ရွှေမြို့သူကြီး ငကြိုင်က အောက်ပါအတိုင်းထွက်ဆိုပါသည်။ ရွှေမြို့ကို ဘေးဘိုးစဉ်အဆက် အုပ်ချုပ်လာကြောင်း၊ နယ်နိမိတ်အပိုင်းအခြားမှာ အရှေ့ကို တစ်တိုင်ကျော်ကွာ ဆင်သေချောင်းအထိ တစ်ဖက်ကြည်တောင်မြေ၊ သာကီဝင်မြေနှင့် ကျောခိုင်း၊ တောင်ကို တာတစ်သောင်းကျော်ကွာ ချောင်းဖြူကြီးထိ၊ တစ်ဖက်ကျောက်ချက်မြေနှင့် ကျောခိုင်း၊ အနောက်တောင်ကို နှစ်တိုင်ကွာ ချောင်းမကြီးထိ တစ်ဖက် ကြက်သား မြို့မြေ၊ တောင်ညိုမြေနှင့် ကျောခိုင်း၊ အနောက်မြောက်ကို ငါးတိုင်ခန့်ကွာ ဆင်သေချောင်းအထိ၊ တစ်ဖက် တစ်လိုင်းသေမြေနှင့် ကျောခိုင်း၊ အရှေ့မြောက်ကို နှစ်တိုင်ကွာ ဆင်သေချောင်းနှင့် နဝင်းချောင်းဆုံထိ တစ်ဖက် တလိုင်းသေမြေ၊ ကင်းသာမြေနှင့် ကျောခိုင်း၊ မြို့သူကြီး ငသက်ထွန်း လက်ထက်တွင် ငသက်ထွန်းကို ရွှေမြို့ကင်းခေါင်းညီ ငသက်တင်ကို ငါးစိမ်းကင်းခေါင်းအဖြစ်နှင့် ၎င်းရွှေမြို့ကင်း ငါးစိမ်းကင်း၊ ကင်းနှစ်ရပ်ဖွဲ့၍ ကင်း ၂ ကင်းသား၊ လေးသား၊ ဝင်နေကပ္ပါးလူတို့ကို အုပ်ချုပ်စီရင်စောင့်နေ ထမ်းရွက်ရသည်။ ခမည်းတော်ဘုရား (အလောင်းဘုရား)လက်ထက်မှသည် ရွှေလက်ထက်တော်တိုင်အောင် ကင်းမရှိပါ။ သူကြီးအရာနှင့် တောင်ငူမြို့က ခန့်ထားရာ နာခံထမ်းရွက်ရသည်။ ကင်းသား၊ လေးသားများကို အခွန်ကောက်ခံခြင်းမရှိပါ။ တရားကွမ်းဘိုး အကောက်အစား စီရင်ရသည်များကို အရာတော် တောင်ငူမြို့ ရုံးတော်မှ ဆက်သွင်းရကြောင်း ရွှေမြို့သူကြီးထွက်ဆိုချက် တင်ဆက်ပါသည်ဟု စစ်တမ်းတွင်ဖော်ပြပါသည်။

**တလိုင်းသေ**မှာ တပ်ကုန်းမြို့နယ်တွင် ညောင်လွန့်နှင့် ရွှေမြို့ကြားတွင် တည်ရှိသည်။ ၁၁၄၆ ခုနှစ်က ကဆုန်လဆန်း ၉ ရက်နေ့၊ တလိုင်းသေသူကြီး ငထွန်းထွက်ဆိုသည်မှာ ကျွန်တော်၏ဘေး ငသက်တင် ကြီးစိုးစီရင်သည်။ မရှိလျှင်သား ငထွားစော၊ သားငရွှေထင်၊ သားကျွန်တော် ငထွန်းဆက်ခံကြီးစိုးသည်။ တလိုင်းသေရွာသည် အရှေ့ကို ၅၀၀ တွင်းကွာ၊ နဝင်းချောင်းထိ ၊ တစ်ဖက် ညောင်ကိုင်းမြေနှင့် ကျောခိုင်း၊ အရှေ့တောင် နှစ်တိုင်ကွာ နဝင်းဆင်သေချောင်းဆုံထိ ၊ တစ်ဖက်တောင်ဘလုမြေနှင့်ကျောခိုင်း၊ တောင်ကို တစ်တိုင်ကွာ ဆင်သေချောင်းအထိ ၊ တဘက်ရွှေမြို့မြေနှင့် ကျောခိုင်း၊ အနောက်တောင်ကို တစ်တိုင် ၅၀၀ တွင်းကွာ ဆင်သေချောင်းအထိ၊ တစ်ဖက် ရွှေမြို့မြေနှင့် ကျောခိုင်း၊ အနောက်ကို တတိုင် ၅၀၀ တွင်းကွာ ဆင်သေချောင်း မြောက်မျိုက်ချောင်းဝအထိ၊ တဘက်ညောင်လွန့်မြေနှင့် ကျောခိုင်း၊ မြောက်ကို တစ်တိုင် ၅၀၀ တွင်းကွာ ကြို့ပင်သာအထိ၊ တစ်ဖက် ညောင်လွန့်မြေနှင့် ကျောခိုင်း၊ အရှေ့မြောက်ကို တစ်တိုင် ၅၀၀ တွင်းကွာ ကြုတ်ပင် နဝင်းချောင်းအထိ၊ တစ်ဖက် ညောင်လွန့်မြေနှင့် ကျောခိုင်း နယ်ရှစ်ရပ်အတွင်း ကင်းမြေ ကင်းရွာဖြစ်၍ အခွန်အရပ်ကောက်ခံခြင်းမရှိ၊ တရားကွမ်းဘိုးကောက်စား စီရင်ရသည်များကို အရာတော်တောင်ငူရုံးတော်မှာ ဆက်သွင်းရကြောင်း ရှေးအစဉ်မှာ ကင်းနှင့်အစဉ်စောင့်နေ ထမ်းရွက်ရိုး၊ ခမည်းတော်ဘုရားလက်ထက်တော်ကသည် ရွှေလက်ထက်တော်တိုင် ကင်းမရှိ ကျေးရွာသူကြီးတကာ နည်း၊ နယ်တွင်းနေလေးသား၊ ကင်းသား၊ အသည်း အလာလူတို့ကို စီရင်၍ တောင်ငူမြို့က ခန့်ထားရာ ထမ်းရွက်ရကြောင်း စစ်တမ်းတွင် ထွက်ဆိုသည်။

**ကင်းသာမြို့**

တပ်ကုန်းမြို့နယ်တွင် ပါဝင်သည့် ပင်လောင်းလမ်းခွဲမှ မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။ ရှေးကမြို့ရိုး အစိတ်အပိုင်းတချို့ကို ရွာ၏မြောက်ဘက်တွင် တွေ့ရသည်။ အနောက်ဘုန်းကြီးကျောင်းထဲရှိ စေတီအား မင်းငယ်ကျော်ထင် တည်ထားကြောင်း ကမ္ပည်းကျောက်စာတွေ့ရသည်။ ကင်းသာသည် ရှေးဟောင်းရွာကြီးတစ်ခုဖြစ်ပြီး ရှမ်းပြည်နယ် ပင်လောင်းဘက်မှ ဆင်းသော တောင်ကြား မဟာဗျူဟာမြောက်သောနေရာတွင် တည်ရှိသည်။ တောင်ငူခေတ်ဦးပိုင်း ကရင်ဘ (တောင်ငူ ၄ ဆက်မြောက်)မင်းသည် မူလက ရမည်းသင်းအရှေ့ဘက်ထီးလှိုင်ရွာတွင် နေထိုင်သည်။ ထီးလှိုင်ဆရာတော်က တောင်အရပ်သို့ပြောင်းလျှင် ကောင်းစားမည်ဟောသဖြင့် ကင်းသာသို့ပြောင်းရွှေ့သည်။ ထိုမှ တစ်ဆင့် ကဲလင်းရွာအရှေ့ဘက် တောင်ပေါ်တွင် နေထိုင်သည်။ ခရင်းချောင်းအထက် ခရင်းမြို့ဟောင်းတွင် နေထိုင်ရင်း လူသူအင်အားများပြားလာသည်။ အေဒီ- ၁၂၇၈ တွင် သဝန်ညီနောင်တို့သည် ခပေါင်းချောင်းဖျားတွင် တောင်ငူမြို့ကို စတင်တည်ထောင်ကြသည်။ ကရင်ဘကို စည်းရုံးသိမ်းသွင်းပြီး ထောင်မှူးရာထူး ပေးအပ်သည်။ သူ၏အကူအညီဖြင့် ၁၂၇၉ ခုနှစ်တွင် တောင်ငူကြီးမြို့ကို တည်ထောင်ခဲ့သည်။

မင်းငယ်ကျော်ထင်မှာ တောင်ငူမင်းဆက် (၂၄)ဆက်မြောက် မင်းဖြစ်သည်။ အင်းဝ မင်းရဲကျော်စွာနှင့် တန်ဆောင်းမိဖုရား စောမင်းလှတို့၏ သားတော်ဖြစ်သည်။ အင်းဝကို မိုးညှင်းမင်းတရား နန်းတက်စဉ်က မင်းငယ်ကျော်ထင်ကို ဖမ်းဆီးပြီး ရေနံ့သာမြို့တွင် အကျယ်ချုပ်ဖြင့်ထားသည်။ ထိုမှ ထွက်ပြေးလွတ်မြောက်ပြီး ပင်လယ်မြို့တွင် အခိုင်အမာနေသည်။

*စာမျက်နှာ ၂၁ သို့*



## မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း ယာယီပိတ်

**မန္တလေး မတ် ၂၅**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကျောက်မျက်ရတနာ ရောင်းဝယ်ရေး စခန်းကို ယမန်နေ့ကစတင်၍ ယာယီ ပိတ်ထားကြောင်း ကျောက်မျက် ရတနာရောင်းဝယ်ရေးစခန်း အကျိုး တော်ဆောင်ကော်မတီမှ သိရသည်။

"ကျန်းမာရေးဝန်ကြီး ဌာနက ညွှန်ကြားသလိုတော့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ။ ကျန်းမာရေး အရ ကျောက်ဝိုင်းကို မနက်အစောကြီး ကတည်းက ဆေးဖျန်းတာမို့ လူစု လူဝေးခွဲနေတာပါ။ ကျောက်ဝိုင်းသူ ကျောက်ဝိုင်းသားတွေ အတွက်က တော့ဘယ်နည်းနဲ့ဖြစ်ဖြစ် ရောင်းဝယ် ဖောက်ကားစေချင်တယ်။ အခုကာလ က ကမ္ဘာနဲ့ချီ ဆောင်ရွက်နေရတာ ဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေး ဌာနက ညွှန်ကြားတဲ့အတိုင်း ဆောင် ရွက်ပေမယ့်အားလုံးကို ကောင်း အောင် ပြန်လည်ဖွင့်လှစ်ဖို့ ကြိုးစား ပေးပါ့မယ်" ဟု မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ် ရေးစခန်း အကျိုးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက ပြောသည်။

မဟာအောင်မြေ ကျောက်မျက် ရတနာ ရောင်းဝယ်ရေးစခန်းသည် မြန်မာပြည်ကိုယ်စားပြု ပြည်တွင်း ကျောက်မျက်ဈေးကွက်ကြီးတစ်ခု ဖြစ်ကာ ပြည်တွင်း၊ ပြည်ပရောင်းဝယ် လုပ်ကိုင်သူများဖြင့် စည်ကားလျက် ရှိရာ နေ့စဉ် အဝင်အထွက် လူပေါင်း တစ်သိန်းကျော် ရှိကြောင်းနှင့် မန္တလေးတွင် အစားအသောက်များ အခက်အခဲရှိလာပါက မန္တလေး ကျောက်မျက်လုပ်ငန်းရှင်များအသင်း မှ သက်သာဈေးနှုန်းများဖြင့် ဆန်၊ ဆီ၊ ဆားများရောင်းချရန် စီစဉ်ထားရှိ ကြောင်း သိရသည်။

"ကျွန်တော် ဒီကိုရောက်ရောက် ချင်းသိရတာက ယာယီကျောက်ဝိုင်း လေး ရပ်ဆိုင်းလိုက်တဲ့အကြောင်း၊ ပြီးတော့ အတွင်းထဲမှာ ပိုးသတ်ဆေး တွေ ဖျန်းနေတာကိုလည်း တွေ့ရပါ တယ်။ ကျောက်ဝိုင်းကို မှီတင်းနေထိုင် ကျောက်အရောင်းဝယ်လုပ်ကိုင်နေ ကြတဲ့ လူတွေက များပါတယ်။ အသက်အန္တရာယ်ထက်တော့ တခြား ဟာတွေ မစွန့်စားသင့်ပါဘူး" ဟု ကျောက်အရောင်းဝယ် လုပ်ကိုင်သူ ဦးငယ်က ပြောသည်။

လတ်တလောတွင် မန္တလေး မြို့ပေါ်ရှိ စားသောက်ဆိုင်၊ လက်ဖက် ရည်ဆိုင်နှင့် ခေါက်ဆွဲဆိုင်များကို ဆိုင်ထိုင်စား ရောင်းချခြင်း မပြုလုပ် ကြရန်နှင့် ပါဆယ်သာ ရောင်းချကြရန် မတ် ၂၄ ရက်က ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးများမှ ဈေးဆိုင်များသို့ ညွှန်ကြားစာများ ထုတ်ထားကြောင်း နှင့် မန္တလေးတက္ကသိုလ်၊ ရတနာပုံ တက္ကသိုလ်အပါအဝင် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိတက္ကသိုလ်အများစု ယာယီပိတ်ထားကြောင်း သိရသည်။

**ထိပ်ထားနိုင်(ပြန်/ဆက်)**

## ဓာတ်အားလိုင်းတည်ဆောက်စဉ် ပျက်စီးခဲ့သည့် သီးနှံများအတွက် လျော်ကြေးပေးအပ်

**ဗန်းမော် မတ် ၂၅**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားပို့လွှတ် ရေးစီမံကိန်း(မြောက်ပိုင်း)၏ ဗန်းမော်-နဘား ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း တည်ဆောက်စဉ် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံစိုက်တောင်သူများအား နစ်နာမှု လျော်ကြေးပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာရုံး(၁)ရွှေစာရံမှ ဗန်းမော်မြို့နယ်အတွင်း ဗန်းမော်- နဘား ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း Foundation လုပ်ငန်းနှင့် ချဉ်းကပ်လမ်းဖောက် လုပ်စဉ် နှစ်ရှည်ပင်၊ သီးနှံပင်မျိုးစုံနှင့် ရာသီသီးနှံပျက်စီးမှုများအတွက် သက်ဆိုင်ရာခြံပိုင်ရှင်များနှင့် တောင်သူ ၃၃ ဦးအား လျော်ကြေးငွေကျပ် ၂၂၆၈၀၀၃၆ ကို ဒုတိယအကြိမ်အဖြစ် ပေးအပ်ခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဧည့်လမ်းညွှန်သင်တန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အွန်လိုင်းမှ သင်ကြားပေးနေ

**ရန်ကုန် မတ် ၂၅**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြား မှုဦးစီးဌာနက ဖွင့်လှစ်သည့် ဧည့်လမ်း ညွှန်သင်တန်းများကို COVID -19 ရောဂါကြောင့် ကျောင်းများ၌ သင်ကြားခြင်းကို ပိတ်ထားပြီး အွန်လိုင်းစနစ်ဖြင့် သင်ကြားပေးနေ ကြောင်း ယင်းဝန်ကြီးဌာနမှ သိရ သည်။

"လောလောဆယ် COVID - 19 ကြောင့် ကျောင်းမှာ လူစုဝေးသင်ကြား တာကို ရပ်ထားပြီး အွန်လိုင်းကသင်ဖို့ လုပ်နေပါတယ်။ မန္တလေးမှာ ဒေသ ဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း အပတ်စဉ် ၅၀ နဲ့ ရန်ကုန်မှာ ဧည့်လမ်း ညွှန်အခြေခံသင်တန်း အပတ်စဉ် (၆၁) တို့ကို ဖွင့်နေတာ။ တစ်တန်းကို လူ ၈၀ ကျော်ခန့် ရှိပါတယ်။ ပထမ အလွယ်ဆုံးပလက်ဖောင်းကဖေ့ဘုတ် မှာ group တွေဖွဲ့ပြီး သင်တယ်။ အီးမေးနဲ့ သင်တန်းက power point lecture note တွေ၊ ကျောင်းသားတွေ ဆီပို့ပေးပါတယ်။ နောက်တစ်ခုက ဝန်ကြီးဌာန www.tourism.gov.mm website ကနေပြီး training forum မှာ သင်တာရှိမယ်။ Google class- room ကနေ ကြိုးစားပြီးသင်သွားဖို့ ရှိပါတယ်။ မန္တလေးမှာဆို ပြီးခဲ့တဲ့ အပတ်က သင်ပေးနိုင်တဲ့ဆရာတွေနဲ့ စနေပါပြီ။ ရန်ကုန်မှာက ဒီတစ်ပတ်ထဲ မှာလုပ်ဖို့ပြောထားပါတယ်။ ရသာ ကွန်ဒိုနဲ့ ဗိုလ်ဆွန်ပက်လမ်းက ကျောင်းတွေမှာ အင်တာနက်တို့ သင်ကြားရေး အထောက်အကူပစ္စည်း တွေ ပေးထားပြီးသားပါ။ လက်တွေ့ သင်ရတဲ့ Housekeeping တို့လို သင်တန်းတွေက နောက်တော့ သင်မှာပါ" ဟု ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာန ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်က ပြော သည်။

အွန်လိုင်းမှတစ်ဆင့် သင်ကြားရာ တွင် ဆရာ ဆရာမများ၏ သင်ကြား ပို့ချမှုများ၊ Reference video website link များ၊ Presentation power point များကို ကျောင်းသားကျောင်းသူများ ၏လူမှုကွန်ရက် Facebook ၊ Viber ၊ Gmail အကောင့်များသို့ ပေးပို့ပြီး Assignment နှင့် Quiz questions များ၊ Group work များ ပြုလုပ်ခြင်း အပြင် သင်ကြားမှု၊ သင်ယူမှုများကို Evaluate လုပ်သွားမည်ဖြစ်ကြောင်း Centre for Tourism Development နှင့် သင်တန်းကျောင်းများက ကြေညာ ထားသည်။ ထိုမှတစ်ဆင့် Google classroom နှင့် www.tourism.gov.mm ၏ training forum တွင်သင်တန်း သား သင်တန်းသူများ စုပေါင်းဆွေးနွေး လေ့လာနိုင်ရန် စီစဉ်ပေးမည်ဟု သိရ သည်။

အွန်လိုင်းပညာရေး ဥပဒေကို ရေးဆွဲအတည်ပြုလျက်ရှိပြီး ရန်ကုန် တက္ကသိုလ်နှင့် ပုဂ္ဂလိကကျောင်းများ ကလည်း အွန်လိုင်းမှ ဘာသာရပ် များစွာကို သင်တန်းများ ပို့ချလျက် ရှိကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

## နိုင်ငံနယ်နိမိတ်မျဉ်း မယ်ဆိုင်မြစ် ချောင်းတစ်လျှောက် စောင့်ကြပ်ကြည့်ရှုနိုင်ရေး ကွင်းဆင်းစစ်ဆေး

**တာချီလိတ် မတ် ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်းဆက်သွယ်ထားသော ချစ်ကြည်ရေးတံတား(၁) ကို မတ် ၂၂ ရက်က စတင်ပိတ်လိုက်ပြီးနောက် နယ်စပ် မျဉ်းအဖြစ်တည်ရှိသော မယ်ဆိုင်မြစ်ချောင်းတစ်လျှောက် ခိုးဝင်သူများနှင့် COVID-19 ကူးစက်ရောဂါမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူများက မတ် ၂၃ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ ဒုတိယ မြို့နယ်ရဲမှူး အောင်ဆန်းဦး နှင့် တာဝန်ရှိသူများက မြစ်ချောင်းတစ်လျှောက် လူများဖြတ်ကူးတတ်သော နေရာများ၌ သွားရောက်ကြည့်ရှု စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ က လှည့်ကင်းများဆောင်ရွက်ရန် မှာကြားခဲ့သည်။

မတ်၂၃ ရက်ကထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်လာသော တရား မဝင်မြန်မာအလုပ်သမား ၉၂ ဦးတွင် ၁၁ ဦးကို ဆေးရုံတွင်သီးခြားခွဲထုတ်ကာ စောင့်ကြည့်လူနာအဖြစ် ထားရှိပြီးနောက် ယခုကဲ့သို့ ခိုးဝင်သူများမှ COVID- 19 ကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်မှုအဖြစ်ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရ သည်။

**ယာဆေး(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

အင်းဂတပ်များ၏ တိုက်ခိုက်မှုကြောင့် ထွက်ပြေးပြီး ရမည်းသင်းမြို့ကို သိမ်းယူ သည်။ တရုတ်တပ်များက အင်းဂဘုရင်ဘက် မှ ကူညီတိုက်ခိုက်သဖြင့် ကင်းသာသို့ ပြေးသည်။ ကင်းသာမှာ ရမည်းသင်းနှင့် နီးသဖြင့် ကြေက်တောင်သို့ ပြေးသည်။ ကြေက်တောင်မှာ ယခုကျည်တောင်ပင် ဖြစ် သည်။ ထိုမှတစ်ဆင့် တောင်ငူဘုရင် မင်းခေါင်ငယ်ကို လုပ်ကြံကာ တောင်ငူတွင် နန်းတက်ခဲ့သည်။ ၁၁၄၆ စစ်တမ်းတွင် ကင်းသာသည် ရွှေမြို့နှင့် တလိုင်းသေ အရှေ့ဘက်တွင် တည်ရှိကြောင်းသာပါရှိ ပြီး ပိုင်နက်အကျယ်အဝန်းများအသေးစိတ် ဖော်ပြထားခြင်းမရှိပါ။ သို့ရာတွင် တောင်ငူ သမိုင်း၌ မကြာခဏပါဝင်သော ထင်ရှား သောဒေသတစ်ခုဖြစ်ပါသည်။



ရွှေမြို့ရှိ ဆင်သေချောင်းကူးတံတား။

### ကျောက်ချက်

ကျောက်ချက်သည် ယခုနေပြည်တော်၊ ဘောဂသီရိကားဝင်း မြောက်ဘက်တွင် တည်ရှိသည်။ တောင်ငူစစ်တမ်းတွင် သူကြီး ငရွှေပြည်က ထွက်ဆိုရာတွင် ကျွန်တော်၏ ဘေးငသော် ကြီးစိုးစီရင်သည်။ သားငစံ၊ မြေးငရွှေပြည် အစဉ်အတိုင်းအုပ်ချုပ်သည်။ ကျောက်ချက်နယ်သည် အရှေ့ကိုသုံးတိုင် ကွာပေါ်ရဲဂအထိတစ်ဖက် ကြည်တောင်မြေ နှင့် ကျောခိုင်း၊အရှေ့တောင်ကို ၃ တိုင်ကွာ၊ မအူပင်အထိ၊ တစ်ဖက် လောမြေနှင့် ကျောခိုင်း၊ တောင်ကို တစ်တိုင်ကျော်ကွာ အလျင်လို ကန်အထိ၊ တစ်ဖက်ဝက္ကမူမြေနှင့် ကျောခိုင်း၊ အနောက်ကို နှစ်တိုင်ကျော်ကွာ၊ ကြို့ပင်ညီနောင်၊ မယ်ဇလီပင်ဆိပ်အထိ၊ တစ်ဖက် ကြက်သားမြို့မြေနှင့်ကျောခိုင်း၊ အနောက်ကို သုံးတိုင်ကွာ ချောင်းမကြီး၊ ဇီဂကျွဲတဲအထိ၊ တစ်ဖက်ကြက်သား မြို့မြေ နှင့် ကျောခိုင်းအနောက်မြောက်ကို သုံးတိုင် ကွာ ရိုးစက်စက်၊ တည်ပင်ကုန်း၊ ငရဲ သစ်ငုတ်အထိ တစ်ဖက်လယ်သာမြေနှင့် ကျောခိုင်း မြောက်ကိုနှစ်တိုင်ကွာ ကျောက်ပုံ၊ ကျောက်တန်းလူသွားလမ်း၊ လုလင်ကွမ်း စိုက်အထိ၊ တစ်ဖက်ရွှေမြို့မြေနှင့် ကျောခိုင်း၊ အရှေ့ မြောက်ကို နှစ်တိုင်ကွာ ကမ္ဗဝါဆိပ် ကြက်ဆူ အိုင်အထိ၊ တစ်ဖက်တောင်ဝင်းမြေနှင့် ကျောခိုင်း ဤနယ် ၈ ရပ်အတွင်းကင်းမြေ ကင်းရွာဖြစ်၍ အခွန်အတုတ် ရေးမှတ်ရိုးမရှိ၊ အကောက်အစား တရားကွမ်းဘိုး ကောက်စား စီရင်ရသည်ကို အရာတော်တောင်ငူရုံးမှာ ဆက်သွင်းရိုး၊ စစ်ရေးလက်နက်ကိုင် မင်းမှုမင်းခင်းပေါ်ရှိလျှင် တောင်ငူရုံးတော်က ခန့်ထားရာ နာခံဆောင်ရွက်ရကြောင်းထွက် ဆိုပါသည်။

### ကြည်တောင်

ကြည်တောင်သည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ၁၁၄၆-ခုနှစ် စစ်တမ်းတွင် ကြည်တောင်သူကြီးငမြတ်သာဝိုင်းက ထွက်ဆို ရာတွင် ကြည်တောင်ရွာကို ဇေယျာရန္တမိတ် ကြီးစိုးစီရင်သည်။ငင်းမရှိလျှင် သားသူရဲမိတ် လှ၊ သားငတော၊သားလကျာခင်မွန်၊ သားငကြွက် သားမဏိသဝန်၊ ငင်း၏ညီ ငဝင်း၊ ငဝင်းအိုမင်း မစွမ်းလျှင် မြေးကျွန်တော် ငမြတ်သာဝိုင်းက အစဉ်အတိုင်း ဆက်ခံအုပ်ချုပ်ပါသည်။ ကြည်တောင်နယ်သည် အရှေ့ကို ၂ တိုင်ကွာ ဂုံညင်းနွယ်တောင်၊ ကျောက်ပြုတ်တောင်၊ နံချိုတောင်၊ ကျောက်လုံးကြီး တောင်အထိ တစ်ဖက်ဘန်းနုငယ်မြေနှင့် ကျောခိုင်း၊ အရှေ့ တောင်ကို ၃ တိုင်ကွာ တောင်စည်အင်းအထိ တစ်ဖက် လောမြေနှင့်ကျောခိုင်း၊ တောင်ကို ၄ တိုင်ကွာ မအူပင်ဆိပ် မြစ်စို့အင်း၊ သရက် ၉ ပင်၊ နတ်ရေတွင်းအထိတစ်ဖက် လောမြေနှင့် ကျောခိုင်း၊ အနောက်တောင်ကို ၅ တိုင်ကွာ နတ်သူရဲ၊ သံသည်ရွာ ရွှေတွင်းရုံတိုင်၊ ဆင်သေ ချောင်း လှည်းကူးဆိပ်အထိတစ်ဖက်ဝက္ကမူ မြေနှင့် ကျောခိုင်း၊ အနောက်ကို ၂ တိုင်ကွာ ကြက်ကြီး၊ ကြက်ငယ်သရက်ပင် မောင်နမ ကောက်ကောက်စင်းစင်းအထိ တစ်ဖက်တောင် ဝင်းမြေနှင့် ကျောခိုင်း၊ အနောက်မြောက်ကို ၅ တိုင်ကွာ ကာမလုဇင်ပြွန်ပင်၊ ဆင်သေ မြောင်း အင်းဝန်းအထိ တစ်ဖက်ရွှေဘေးမြေနှင့် ကျောခိုင်း၊ မြောက်ကို ၅ တိုင်ကွာကျောက်ထရံ ခတက်ချောင်း၊ ကသောင်းကောက်ချောင်း၊ အရာတော်တော ခွေးအင်း၊ ကြေင်းအိုင်အထိ၊ တစ်ဖက်ဖိုခွန်မြေနှင့် ကျောခိုင်း၊ အရှေ့မြောက် ကို၅ တိုင်ကွာသဲသာကျောက်၊ ထံပတ်ကျောက်၊ ချောင်းလုံးအထိ တစ်ဖက်မည်းပေါက်ကရင် မြေနှင့်ကျောခိုင်း၊ သည်နယ်ရှစ်ရပ်ကို ဇေယျ ရန္တာမိတ်ကသည် မဏိသဝန်တိုင် ရွာစားအရာ နှင့်စား၍ ဤအမှုတော်ကိုထမ်းရွက်ရပါသည်။ ယင်းကသည်ကျွန်တော်တိုင် သူကြီးအရာနှင့် စီရင်ထမ်းရွက်ရသည်။ နယ်အတွင်းငွေခွန် သားတို့ လုပ်ဆောင်သည့် လယ်ယာကိုင်း သစ်ဆေးများကို အခွန်မရ၊ ကျန်အသည် ဝင်နေကပွါးသားတို့ လုပ်ဆောင်သည်မှာ ကျွဲတရှည်းလျှင် အခွန်စပါး(၁၀)တင်း ဝန်စား (၁)တင်း၊ ရေးစား (၂) ပြည်၊ သူကြီးစား(၁) တင်း၊ ကွက်စား(၁)တင်း အခွန်တော်ကို တောင်ငူကျီတော်မှာ ချင်သွင်းရိုး၊ ကိုင်းလုပ် သူတို့မှာ ဓားမတစ်စင်းခွန်မငွေ ရွက်နီ(၁) ကျပ်၊ သစ်ဆေးခွန် အထက်တိုး(၁)ကျပ်၊ အောက်တိုး (၂)ကျပ်၊ ခွန်မ(၁၀)ကျပ် အခွန်တော်ငွေကို တောင်ငူရုံးတော်မှာ ဆက်သွင်း၊ အကောက်အစားတရားကွမ်းဘိုး စီရင်ကောက်စားသည်များကို အရာတော် ဆက်ကာ ငွေခွန်တော်ကို ငွေခွန်ခေါင်းတို့က ကောက်ခံ၍ ဆိုင်ရာသို့ ဆက်သွင်းသည်။ အသည်အလာဝင်နေကပွါးတို့ကို သူကြီး ကစီရင်၍ တောင်ငူမြို့က ခန့်ထားရာ နာခံထမ်းရွက်ရသည်ဟု ထွက်ဆိုပါသည်။

ရှေးအခါက ကျည်တောင်ကို ပြကောင်း ဟုလည်းခေါ်သည်။ ယခုကျည်တောင်ခေါမ နေရာဖြစ်သည်။ ဤဒေသသည် မင်းကြီးညို လက်ထက်ကတည်းက တောင်ငူမြို့၏အပိုင် နယ်မြေများဖြစ်လာခဲ့သည်။ ကုန်းဘောင် ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ကောက်ယူသော စစ်တမ်းတွင် တောင်ငူ(၅၂) မြို့အဖြစ် ဖော်ပြသည်။ ညောင်ရမ်းခေတ်တွင် ရွှေမြို့ကင်း၊ ညောင်လွန့်၊ ငါးစိမ်းကင်း၊ ကျောက်ချက် စသောမြို့များတွင် လေးသည် တော်များ ကင်းစခန်းများချထားရာ ဒေသ ဖြစ်သည်။ ဤစစ်တမ်းတွင် အလောင်းမင်း တရား လက်ထက်မှစ၍ ဘိုးတော်ဘုရား လက်ထက်တိုင်အောင် ကင်းစခန်းများ မရှိ သည်ကို သိရသည်။

**ကျမ်းကိုး ။ ။ တောင်ငူရာဇဝင်**
**(ဦးပွားတည်းဖြတ် ၁၉၂၄)**
**တောင်ငူစစ်တမ်း (၁၁၄၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၃)ရက်)**
**စာရေးကြီး လကျ်ာကျော်ထင်နှင့် မြို့စာရေး၊ ပုညတေဇ၊ မြင်းခေါင်း ဗလကျော်စွာတို့၏ထွက်ဆိုချက်။**

# လူနှင့် တိရစ္ဆာန်အကြား COVID-19 အပြန်အလှန် ကူးစက်မှုမဖြစ်စေရန်အတွက် အထူးသတိပြုရန်လိုအပ်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**Novel Coronavirus (COV) အစ**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့၌ လူတွင် အမည်မဖော်ထုတ်နိုင်သော အဆုတ်ရောင်ရောဂါဖြစ်ပွားတွေ့ရှိခဲ့ပြီး များမကြာမီ တရုတ်အာဏာပိုင်များက Novel Coronavirus (COV) အသစ်ကြောင့် ဖြစ်သောရောဂါဟု သတ်မှတ်နိုင်ခဲ့ကြသည်။ တရုတ်နိုင်ငံရှိ ပြည်နယ်အများစု၏ ရောဂါဖြစ်ပွားမှုနှင့် အခြားသောနိုင်ငံများတွင် ရောဂါဖြစ်ပွားမှု၏ အရင်းအမြစ်သည် တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့သို့ ခရီးသွားခဲ့ကြောင်းနှင့် ကူးစက်ခံသူများမှာ တိရစ္ဆာန်အရှင်များ အပါအဝင် သား/ငါး ရောင်းချသည့် (Sea food Market) ဈေးများနှင့် ဆက်စပ်မှုရှိကြောင်း အစီရင်ခံစာများအရ သိရှိရသည်။ နိုင်ငံတကာ ဗိုင်းရပ်စ်အမျိုးအစားခွဲခြားရေးကော်မတီမှ COV ကို SARS COV2 ကဲ့သို့ သိပ္ပံအမည်အရ COVID – 19 ဟု သတ်မှတ်ခဲ့ကြသည်။

**Coronavirus ဆိုသည်မှာ**

Coronavirus သည် RNA ဗိုင်းရပ်စ် မျိုးရင်းတွင် ပါဝင်သည်။ Coronavirus ၏ ပုံစံသည် lipid enveloped ကို ဆူးချွန်ပုံစံ ပရိုတင်း (spike protein) များဖြင့် ဝန်းရံထားပြီး “corona”(crown) ပုံစံဖြစ်နေသောကြောင့် Coronavirus ဟု ခေါ်ခြင်းဖြစ်သည်။ လူတွင် Coronavirus ကူးစက်မှုကို ၁၉၆၀ ပြည့်နှစ်များမှ စတင်သိရှိလာခဲ့ပြီး Coronavirus မျိုးကွဲ Alpha, Beta, Gamma နှင့် Delta လေးမျိုးရှိကြောင်း သိရှိရသည်။

ယနေ့ အချိန်ထိ လူသားများနှင့် အများအားဖြင့် လင်းနို့အပါအဝင် အချို့တိရစ္ဆာန်များတွင် Coronavirus ကြောင့် ရောဂါဖြစ်ပွားနိုင်သည်ကို တွေ့ရသည်။ အချို့သော Alpha နှင့် Beta Coronavirus အမျိုးအစားများသည် လူတွင်သာ ကူးစက်မှု တွေ့ရှိရသည်။ တစ်ခါတစ်ရံ တိရစ္ဆာန်တွင်ဖြစ်သော Coronavirus သည် ဗီဇပြောင်းခြင်း (gene mutation) စွမ်းရည်များ ရရှိကာ လူတွင် စတင်ကူးစက်ခံရပြီးနောက် လူအချင်းချင်းကူးစက်ဖျားနာတတ်သော SARS– Severe Acute Respiratory Syndrome (ကြောင်ကတိုးမှတစ်ဆင့် လူသို့ ကူးစက်ခြင်း) နှင့် MARES– Middle East Respiratory Syndrome (ကုလားအုပ်မှ တစ်ဆင့် လူသို့ ကူးစက်ခြင်း) ကဲ့သို့သော ဗိုင်းရပ်စ်အသစ်များ ဖြစ်ပေါ်နိုင်သည်။ SAR COV–2 (ကိုဗစ်–၁၉) သည်လည်း ဗီဇပြောင်း (gene mutation) Coronavirus အသစ်ဖြစ်သည်။ (zoonotic) ဗီဇပါရှိသည့် လူအချင်းချင်း လျင်မြန်စွာ ကူးစက်နိုင်သော ကမ္ဘာ့ကပ်ရောဂါဖြစ်လာပြီဖြစ်သည်။

**ကိုဗစ်နိုင်တီး (COVID–19) ကမ္ဘာ့ကပ်ရောဂါ**

လက်ရှိအချိန်ထိ မြန်မာနိုင်ငံအပါအဝင် အချို့သောနိုင်ငံများမှအပ လတ်တလော အသက်ရှူလမ်းကြောင်း ရောဂါခေါ် COVID–19 သည် ကမ္ဘာတစ်ဝန်း နိုင်ငံ ၁၉၀ ကျော် ကမ္ဘာ့ကပ်ရောဂါအသွင်ဖြင့် (Pandemic Form) ပျံ့နှံ့သွားခဲ့သည်။ WHO အဖွဲ့ကြီးမှ COVID–19 ကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ခဲ့ပြီး လူမှ လူသို့ ကူးစက်ခြင်းကို ခေါ်ခြင်းဖြစ်ကာ တိရစ္ဆာန်မှ လူသို့ ကူးစက်ခြင်းမျိုးကို ခေါ်ဆိုလေ့မရှိပါ။

**လူတွင် ဖြစ်ပွားသော COVID– 19 အတွက် တိရစ္ဆာန်များနှင့် သက်ဆိုင်မှု ရှိ/မရှိ**

ရောဂါကူးစက်မှုလမ်းကြောင်းအရ လူမှ လူသို့သာ ကူးစက်ဖြစ်ပွားသည်ကို တွေ့ရသည်။ လက်ရှိဖြစ်ပွားနေသော COVID – 19 ဗိုင်းရပ်စ်၏ အရင်းအမြစ်သည် တိရစ္ဆာန်မှ လူသို့ ကူးစက်ခြင်းဖြစ်သည်ဟု ယူဆချက်ရှိပါသည်။ အထောက်အထားများ ရှာဖွေဆဲဖြစ်ပါသည်။ လေ့လာမှုများတွင် ရောဂါကူးစက်စေနိုင်သော တိရစ္ဆာန်အမျိုးအစားကို သိရှိရန်နှင့် အရေးကြီးသော ရောဂါလက်ခံကောင် တိရစ္ဆာန်အမျိုးအစားကို ခန့်မှန်းရန်အတွက် စုံစမ်းလေ့လာမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

တိရစ္ဆာန်မှ လူသို့ ရောဂါကူးစက်မှုလမ်းကြောင်းကို သိပ္ပံပညာရပ်အနေဖြင့် ယနေ့ထိတိုင် အတည်ပြုခြင်းနှင့် ရှင်းလင်းတင်ပြခြင်းကို မတွေ့ရှိရသေးပါ။ မျိုးရိုးဗီဇဆက်စပ်မှုလေ့လာမှုအချက်အလက်များအရ COVID–19 ဗိုင်းရပ်စ်သည် Rhinolophus bat ဟုခေါ်သော လင်းနို့၊ လင်းဆွဲများရှိ အခြားသော ကိုရိုနာဗိုင်းရပ်စ် (COV) အမျိုးအစားနှင့်ဆက်နွှယ်မှု တွေ့ရှိရကြောင်း သိရှိရသည်။ လင်းနို့၊ လင်းဆွဲများသည် လူသို့ ရောဂါကူးစက်နိုင်သည့် ကြားခံ ရောဂါလက်ခံကောင်အနေဖြင့် ပါဝင်သည်။ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့ ပူးပေါင်း၍ Global Research and Innovation forum (11–12 February 2020) ကို ပြုလုပ်ခဲ့ပြီး တိရစ္ဆာန်မှ စတင်၍ ရောဂါဖြစ်ပွားမှု စတင်သော အချက်အလက်များကို ဦးစားပေး သုတေသနပြုလုပ်ရန် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**လူနှင့် တိရစ္ဆာန်အကြား အပြန်အလှန်ကူးစက်မှု မဖြစ်စေရန် ဂရုပြုစေလို**

အိမ်မွေးတိရစ္ဆာန်အပါအဝင် မည်သည့်တိရစ္ဆာန်မှ လတ်တလော အသက်ရှူလမ်းကြောင်းရောဂါခေါ် COVID–19 ပိုးကြောင့် ရောဂါဖြစ်နေသည်ဟူသော အထောက်အထားများ ယနေ့အချိန်အထိ မတွေ့ရသေးပါ။ သို့သော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသရှိ တိရစ္ဆာန်ဆေးကု အာဏာပိုင်များမှ လတ်တလောအသက်ရှူလမ်းကြောင်းရောဂါခေါ် COVID–19 ခံစားနေရသော လူနာနှင့် အနီးကပ် အတူတကွနေထိုင်သော ၎င်း၏ အိမ်မွေးခွေးတွင် COVID–19 ရောဂါပိုးကို Real time PCR ဖြင့် ရှာဖွေတွေ့ရှိရကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့ သတင်းပေးပို့ခဲ့သည်။

သို့သော်လည်း အဆိုပါခွေးတွင် မည်သည့် ရောဂါလက္ခဏာမျှမပြဘဲ ကျန်းမာလျက်ရှိနေသည်မှာ ထူးခြားသည့် အခြေအနေတစ်ခုဖြစ်သည်။ ထိုကဲ့သို့ လူမှ တိရစ္ဆာန်သို့ ပြန်လည်ကူးစက်တတ်ခြင်းရောဂါမျိုးကို (Reverse Zoonosis) ဟု ခေါ်ဆိုလေ့ရှိသည်။ ယနေ့အချိန်ထိ အိမ်မွေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားမှုကို မတွေ့ရှိရသေးသော်လည်း အိမ်မွေးတိရစ္ဆာန်ရောင်းဝယ်မှုဈေးကွက်နှင့် ရွှေ့လျားသွားလာမှုကို တားမြစ်ကန့်သတ်ခြင်းကိုလည်း ယနေ့တိုင် မတွေ့ရှိရသေးပါ။

**မြန်မာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်နှင့် Coronavirus ကာကွယ်ရေး စူးစမ်းလေ့လာဆောင်ရွက်မှု**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အမေရိကန်နိုင်ငံရှိ Smithsonian Institution တို့ပူးပေါင်း၍ USAID’s Emerging Pandemic Threats Program (PREDICT –2 Myanmar) အဖြစ် ဗိုင်းရပ်စ်ရောဂါများ (Paramyxoviridae (e.g. Henipavirus of fruit bats), Orthomyxoviridae (Influenza viruses), Filoviridae (Ebola, Marburg), Coronaviridae (SARS/MERS) အန္တရာယ် အလားအလာ များကြိုတင်ခန့်မှန်းခြင်း စူးစမ်းလေ့လာမှုတစ်ခုကို ခေတ်မီမော်လီကျူလာနည်းပညာများ အသုံးပြု၍ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင်ရှိသည့် လင်းနို့ဂူ အချို့တွင် ပြုလုပ်ခဲ့သည်။ လေ့လာမှုများအရ coronavirus မျိုးစိတ်အသစ်အချို့ တွေ့ရှိခဲ့သော်လည်း လူသို့ ကူးစက်တတ်သော (zoonotic potential) အမျိုးအစား ဗိုင်းရပ်စ်မျိုးစိတ်များ မဟုတ်ကြောင်းနှင့် လင်းနို့များတွင် သဘာဝအလျောက် တွေ့ရှိရသော မျိုးကွဲများဖြစ်ကြောင်း သိရှိသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်မှု**

အစားအစာဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်အချင်းချင်းကူးစက်သောရောဂါများနှင့် တိရစ္ဆာန်မှ တစ်ဆင့် လူသို့ကူးစက်သောရောဂါများ မဖြစ်ပွားစေရေးနှင့် ဆုံးရှုံးမှုများ လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ခရိုင် ၄၁ ခရိုင်ရှိ မြို့နယ် ၁၆၄ မြို့နယ်တွင် “မွေးမြူရေးခြံများ၊ ကုန်သွယ်ရေးလမ်းကြောင်းများ၊ ဈေးများ” တွင် “အသိပညာပေးခြင်း၊ ပိုးသတ်သန့်စင်ရေးဆောင်ရွက်ခြင်း၊ ဇီဝလုံခြုံရေးများတိုးမြှင့်ရန် ပညာပေးခြင်းနှင့် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များနှင့်မွေးမြူရန် စည်းရုံးဟောပြောခြင်းနှင့် ရောဂါစူးစမ်းထောက်လှမ်းခြင်း ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ” ဆောင်ရွက်ခဲ့သည်။

> “ ရောဂါကာကွယ်ရန်အတွက် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ရန်အကြံပြုထားသည်။ လက်ကိုဆပ်ပြာဖြင့် ပုံမှန်ဆေးကြောခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ဆေးခြင်း၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များကို ပွတ်ခြင်း ရှောင်ကြဉ်ရန်နှင့် နာမကျန်းသောတိရစ္ဆာန်နှင့် ဆွေးမြည့်၊ ပုပ်သိုးနေသော တိရစ္ဆာန်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်သင့် ”

**တိရစ္ဆာန်အရှင်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှု ဆောင်ရွက်သင့်**

COVID–19 ဖြစ်ပွားမှုစတင်သည့် မူလဇာစ်မြစ်ကို သေချာစွာ မသိရသောကြောင့် အထွေထွေ ကြိုတင်ကာကွယ်မှုအနေဖြင့် တိရစ္ဆာန်အရှင်ရောင်းချဈေး၊ အသားစိမ်းရောင်းချဈေး၊ တိရစ္ဆာန်ထွက်ပစ္စည်းရောင်းချဈေးများသို့ မလိုအပ်ဘဲ သွားရောက်ခြင်း မပြုရန်နှင့် ရောဂါကာကွယ်ရန်အတွက် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ရန်အကြံပြုထားသည်။ လက်ကိုဆပ်ပြာဖြင့် ပုံမှန်ဆေးကြောခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ဆေးခြင်း၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များကို ပွတ်ခြင်း ရှောင်ကြဉ်ရန်နှင့် နာမကျန်းသောတိရစ္ဆာန်နှင့် ဆွေးမြည့်၊ ပုပ်သိုးနေသော တိရစ္ဆာန်ထွက်ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်သင့်သည်။

ဖြစ်နိုင်ပါက ဈေးများတွင် နေထိုင်သော ခွေးလေခွေးလွင့်၊ ကြောင်၊ ကြွက်၊ ငှက်နှင့် လင်းနို့များနှင့် အခြားသောတိရစ္ဆာန်များနှင့် ထိတွေ့ခြင်းကို ရှောင်ကြဉ်ရမည်။ ကြိုတင်ကာကွယ်မှုအနေဖြင့် ဈေးဆိုင်မျက်နှာပြင်ပေါ် နှင့် ဈေးအသုံးအဆောင်ပစ္စည်းများနှင့် မြေကြီးပေါ်ရှိ တိရစ္ဆာန်အညစ်အကြေး၊ အကျိ အချွဲ၊ အရည်များနှင့် ထိတွေ့ခြင်းကို ရှောင်ကြဉ်ရမည်။

**လက်ကို သေချာစွာ ဆေးပါ**


ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်ရန် ပုံမှန်လက်ကို ဆပ်ပြာဖြင့်ဆေးခြင်း၊ နှာခေါင်းနှင့် ပါးစပ်ကို အကာအကွယ် ပြုလုပ်ခြင်း၊ ချောင်းဆိုး၊ နှာစေးတိုင်း တံတောင်ဆစ်ဖြင့် အကာအကွယ်ပြုလုပ်၍ ဆိုးခြင်း၊ ချောင်းဆိုး၊ နှာစေးခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာပြပါကအခြားသောသူများနှင့် ထိတွေ့ခြင်းမပြုရန် လမ်းညွှန်ထားသည်။

အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အသားစိမ်း၊ နို့၊ တိရစ္ဆာန်များ၏ ကိုယ်တွင်းကလီစာများကို ဂရုစိုက်ကိုင်တွယ်ရန်၊ အစားအစာများမှတစ်ဆင့် ရောဂါကူးစက်ခြင်း မရှိစေရန်အတွက် သေချာချက်ပြုတ်စားသုံးရန်၊ ကျန်းမာ၍ ရောဂါကင်းရှင်းသော တိရစ္ဆာန်မှ အသားများကိုသာ သေချာချက်ပြုတ်၍ စားသုံးရန်လိုအပ်သည်။ လက်ရှိ ရရှိထားသော သတင်းများအရ ကုန်သွယ်မှုလမ်းကြောင်းကို ကန့်သတ်တားမြစ်ထားခြင်း မရှိသေးပါ။

**အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များအနေဖြင့် မည်သို့ ကြိုတင်ကာကွယ်သင့်**

COVID – 19 ဗိုင်းရပ်စ်ရောဂါဖြင့် အိမ်မွေးနှင့် အခြားတိရစ္ဆာန်များတွင် နာမကျန်းဖြစ်ခြင်းအတွက် မည်သည့် သတင်းပေးပို့မှုမျိုးမှ မရှိခဲ့ပါ။ လက်ရှိအချိန်အထိ COVID – 19 ဗိုင်းရပ်စ်ရောဂါသည် လူအချင်းချင်းကူးစက်ပြီး ရောဂါဖြစ်သည်ကို တွေ့ရှိရသည်။ သို့သော်လည်း တစ်ခါတစ်ရံ တိရစ္ဆာန်နှင့် လူသားများအကြား အပြန်အလှန်ရောဂါကူးစက်ဖြစ်ပွားတတ်သောကြောင့်

*စာမျက်နှာ ၂၃ သို့*



*စာမျက်နှာ ၂၂ မှ*

COVID-19 ဗိုင်းရပ်စ်ရောဂါဖြင့် နာမကျန်းလူများကို တိရစ္ဆာန်၊ လူထုနှင့် ထိတွေ့ခြင်း မပြုလုပ်ရန် သတိပြုသင့်သည်။

တိရစ္ဆာန်နှင့် ထိတွေ့ကိုင်တွယ်စဉ်နှင့် မွေးမြူသူများတွင် အခြေခံအားဖြင့် တိရစ္ဆာန်နှင့် မထိတွေ့ခင်နှင့် ထိတွေ့ပြီးချိန်၊ တိရစ္ဆာန်အစာများနှင့်ထိတွေ့ပြီးချိန်၊ အစာကျွေးမွေးချိန်မတိုင်နှင့် အစာကျွေးပြီးချိန်တွင် လက်ဆေးခြင်း၊ တိရစ္ဆာန်များကို အနမ်းပေးခြင်း မပြုလုပ်ရန်၊ တိရစ္ဆာန်မှ လျှာဖြင့်လျက်ခြင်းကို မခံရန်နှင့် အစာကို မျှဝေစားခြင်းတို့ကို ရှောင်ကြဉ်ရန်လည်း အရေးကြီးပါသည်။

ဖြစ်နိုင်ပါက ဖျားနာသူ သို့မဟုတ် COVID-19 ဗိုင်းရပ်စ်ရောဂါ သံသယရှိသူများအနေဖြင့် ၎င်းတို့၏ အိမ်မွေးတိရစ္ဆာန်များကို ထိတွေ့ခြင်း၊ မိသားစုဝင်များ၊ အခြားသောလူများ၊ တိရစ္ဆာန်များနှင့် ထိတွေ့ခြင်း မပြုလုပ်ရန် ဂရုပြုရမည်။ ဖျားနာသူ သို့မဟုတ် COVID-19 ဗိုင်းရပ်စ်ရောဂါ သံသယရှိသူများအနေဖြင့် ဖြစ်နိုင်ပါက face mask တပ်ပြီးမှသာ ၎င်းတို့၏ တိရစ္ဆာန်ကို ကြည့်ရှုစောင့်ရှောက်ခြင်းကို ပြုလုပ်ရမည်။

**ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ COVID-19 ဗိုင်းရပ်စ်ရောဂါကာကွယ်ရေး ဆောင်ရွက်ချက်**

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေး အဖွဲ့အနေဖြင့် အာရှဒေသတွင်းနှင့် ပစိဖိတ်ဒေသမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ OIE ကိုယ်စားလှယ်တာဝန်ရှိသူများ၊ အမျိုးသားအဆင့် တိရစ္ဆာန်ဆေးကုဌာနမှ တာဝန်ရှိသူ ကိုယ်စားလှယ်များ၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ နောက်ဆုံးရသတင်းများကို အပြန်အလှန် မျှဝေခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

OIE မှ ပညာရှင်များ ပါဝင်သောကွန်ရက်အဖွဲ့မှ လက်ရှိ ရောဂါဖြစ်ပွားမှုအကြောင်းရင်းအပေါ် စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်လျက်ရှိသည်။ မဟုတ်မမှန်သော ကောလာဟလသတင်းနှင့် တရားဝင်မဟုတ်သောသတင်းများကို နေ့စဉ်စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။ COVID-19 နှင့် အလားတူ လူတွင်ဖြစ်ပွားသော အခြားသောရောဂါများ ပေါ်ထွက်လာပြီး လူနှင့် တိရစ္ဆာန်များကို ရောဂါကူးစက်စေနိုင်သည့် အလားအလာများကို စောင့်ကြည့်စစ်ဆေးလျက်ရှိသည်။

OIE အကြံပေးအဖွဲ့က အနာဂတ်တွင် ရောဂါဖြစ်ပေါ်စေနိုင်သော ဘေးအန္တရာယ်ဆိုင်ရာအချက်များ လျော့ကျစေရန်အတွက် တောရိုင်းတိရစ္ဆာန်များ ကုန်သွယ်မှုဈေးကွက်နှင့် စားသုံးမှုအပေါ်တွင် တားမြစ်ကန့်သတ်ခြင်းများ လုပ်ဆောင်ရန် အကြံပြုထားသည်။

ထို့ကြောင့် COVID-19 လူနှင့် တိရစ္ဆာန်များအကြားတွင် အပြန်အလှန် ကူးစက်မှုကို ကာကွယ်ရန် One Health (တစ်ခုတည်းသော ကျန်းမာရေး) ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရန် လိုအပ်ကြောင်း ပြည်သူသို့ တင်ပြလိုပါသည်။ ။

## ကလေးမြို့ကို ဒေသအစိုးရမှ နေအိမ်တွင်သာနေရန် ကန့်သတ်လိုက်ပြီဆိုသောသတင်းမှာ ကောလာဟလသာဖြစ်

**ကလေး မတ် ၂၅**

အမေရိကန်ပြည်ထောင်စုမှ ပြန်လာ၍ တီးတိန်မြို့သို့ သွားရောက်သည့် COVID-19 ရောဂါရှိသူ လူနာတစ်ဦး ကလေးမြို့တွင် ညအိပ်ရပ်နားခဲ့ပြီး Pre Wedding အတွက် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးသွားမှုကြောင့် လူနာနှင့် ထိတွေ့ဆက်ဆံခဲ့သူများကို စောင့်ကြည့်လျက်ရှိခြင်း၊ လေယာဉ်အတူစီး ခရီးသည်များ ရှိနေခြင်း၊ ချင်းပြည်နယ်မှ ဝင်ပေါက်ဖြစ်သည့် ကိုးမိုင်ဂိတ်တွင် အဝင်အထွက်များကို အထူးစစ်ဆေးကြပ်မတ် စောင့်ကြည့်နေခြင်းများကြောင့် ကလေးမြို့ကို နေအိမ်တွင်သာနေရန် ကန့်သတ်လိုက်ပြီဆိုသည့် ကောလာဟလသတင်းများ လူမှုကွန်ရက်များပေါ်တွင် ထွက်ပေါ်ခဲ့ရာ အဆိုပါသတင်းမှာ သတင်းမှားဖြစ်ကြောင်း သိရသည်။

ကလေးမြို့တွင် မတ် ၂၅ ရက် မွန်းလွဲပိုင်းအထိ ပြည်သူများ အသွားအလာမပျက်ရှိနေပြီး ကလေးမြို့ဘဏ်များနှင့် မြို့မဈေးသည်လည်း လမ်းဘေးဆိုင်ခန်းများမှလွဲ၍ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။



**သျှင်နေမင်း (ဂန့်ဂေါ)**

## တောင်ကြီးမြို့တွင် ကုန်ဈေးနှုန်းများ ပုံမှန်ဈေးဖြင့် ရောင်းချလျက်ရှိ

**တောင်ကြီး မတ် ၂၅**

မြန်မာနိုင်ငံတွင် COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မတ် ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ ချင်းပြည်နယ် တီးတိန်မြို့မှ တစ်ဦး ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုကြေညာပြီးနောက် ပြည်သူများက စိုးရိမ်ကြောက်လန့်မှုဖြင့် ဈေးများတွင် ဆန်၊ ဆီ၊ ဆေး၊ ဆားများကို အလုအယက် ဝယ်ယူမှု ဖြစ်ပေါ်ခဲ့သည်။

"မတ် ၂၃ ရက်က COVID-19 ရောဂါပိုးတွေ့ရှိတယ်လို့ ကြေညာပြီးနောက် ပြည်သူတွေက အထိတ်တလန့်နဲ့ ဆန်ကို လာဝယ်ကြတယ်။ ဆန်ဈေးကိုတော့ ဈေးမတင်ထားပါဘူး။ အရင်ဈေးနှုန်းအတိုင်း ရောင်းပေးပါတယ်" ဟု တောင်ကြီးမြို့မဈေးမှ အယ်ပွဆန်အမျိုးမျိုးအရောင်းဆိုင်မှ ဦးအယ်ဦးက ပြောသည်။

"မြန်မာနိုင်ငံတွင် COVID-19 ရောဂါတွေ့ရှိပြီးနောက် ပြည်သူများက စိုးရိမ်ကြောင့်ကြမှုများစွာနဲ့ တောင်ကြီးမြို့ မြို့မဈေးမှာ ဈေးဝယ်သူတွေ စည်ကားနေတယ်။ ကျွန်တော့်ဆိုင်မှာတော့ ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ ရောင်းချပေးနေပါတယ်။ ဈေးနှုန်းကတော့ အရင်ပုံမှန်ဈေးအတိုင်းပဲ ရောင်းပေးပါတယ်" ဟု သိန်းရတနာစားသုံးဆီအရောင်းဆိုင်မှ စိုင်းချစ်သိန်းက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ မြို့မဈေးတွင် COVID-19 ရောဂါကာကွယ်မှုအနေဖြင့် ဈေးသွားဈေးလာ ပြည်သူများအတွက် City Square ရှေ့ပလက်ဖောင်းများတွင် လက်ဆေးကန်များ၊ လက်ဆေးဆပ်ပြာများ၊ လက်သန့်ဆေးရည်များ၊ ရေစိုတစ်ရှူးများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စည်ပင်သာယာရေးကော်မတီကလည်း လူစုလူဝေးတတ်နိုင်သမျှ ရှောင်လွှဲရန်၊ စားစရာရောင်းချသောဆိုင်များတွင် ဆိုင်ထိုင်စားသုံးခြင်းမပြုကြဘဲ ပါဆယ်ယူ၍ မိမိနေထိုင်ရာနေရာတွင်သာ သုံးဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်စာများကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ခြင်းများအား ယနေ့မှစ၍ ခေတ္တရပ်ဆိုင်းထား

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းများဖြစ်သော မော်တော်ယာဉ်လုပ်ငန်းလိုင်စင် ဆောင်ရွက်ခြင်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများအား ယနေ့ (မတ် ၂၅ ရက်) မှစ၍ ခေတ္တရပ်ဆိုင်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သိရသည်။

### ခေတ္တရပ်ဆိုင်း

ယာဉ်မောင်းလိုင်စင် ဖြေဆိုမှုများအား မတ် ၂၃ ရက်မှ စတင်ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် မော်တော်ယာဉ် လုပ်ငန်းလိုင်စင် ဆောင်ရွက်မှုများအား ခေတ္တရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ခေတ္တရပ်ဆိုင်းရခြင်းနှင့် ပတ်သက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး (မြင်သာ) မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းက "ကိုရိုနာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ရေးနဲ့ ကူးစက်ပျံ့နှံ့မှုမဖြစ်စေဖို့အတွက် ယာဉ်မောင်းလိုင်စင် ဖြေဆိုမှုတွေကို မတ် ၂၃ ရက်မှာ စပိတ်ပါတယ်။ အသိပညာပေးဟောပြောတဲ့သင်တန်းတွေ၊ ရေးဖြေ၊ လက်တွေ့စစ်တာတွေ ပိတ်လိုက်တယ်။ လာရောက်ဆောင်ရွက်သူက နေ့စဉ် ၁၀၀ ကျော်ရှိပြီး စုပြုံနေတဲ့အနေအထားဖြစ်လို့ ရပ်ဆိုင်းခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီး မော်တော်ယာဉ် လုပ်ငန်းလိုင်စင် ဆောင်ရွက်တဲ့နေရာမှာ မြင်သာရုံးမှာက သက်တမ်းတိုးတဲ့ယာဉ် အနည်းဆုံး ၅၀၀ ကနေ အများဆုံး ၁၀၀၀ ကျော်အထိ နေ့စဉ်ရှိပါတယ်။ လာရောက် သက်တမ်းတိုးတဲ့အခါ ယာဉ်တစ်စီးမှာ ယာဉ်မောင်းတစ်ဦးနဲ့ စာရွက်စာတမ်း ကိစ္စဆောင်ရွက်မယ့်သူတစ်ဦး ပါပါတယ်။ အဲဒီလိုဆိုတော့ ယာဉ်အစီး ၅၀၀ ဆို လူ ၁၀၀၀ ဖြစ်မယ်။ အစီး ၁၀၀၀ ဆိုရင် လူ ၂၀၀၀ လောက်ဖြစ်သွားတယ်" ဟု ပြောကြားခဲ့သည်။

### ပြန်လည်လျှောက်ထားရမည်

ထိုသို့ လာရောက်ဆောင်ရွက်သူများပြားသည့်အတွက် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရပ်ဆိုင်းရန် ညွှန်ကြားသည့်အတွက် ဧပြီ ၃၀ ရက်အထိ ခေတ္တ ရပ်ဆိုင်းထားမည်ဖြစ်ပြီး ပြန်လည်ဖွင့်လှစ်မည့် ရက်ကို ထုတ်ပြန်ကြေညာ ပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ ပြန်လည်ဖွင့်လှစ်ရာတွင် Online Booking စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းများ မရပ်ဆိုင်းမီ Booking လုပ်ထားသူများအတွက် ပြန်လည်ဖွင့်လှစ်ရာတွင် ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဌာနဆိုင်ရာလုပ်ငန်းများ ရပ်ဆိုင်းခဲ့ခြင်းကြောင့် သက်တမ်းတိုးခွင့်မရသည့် ယာဉ်များအနေဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ဖမ်းဆီးအရေးယူမှုမခံရစေရန်အတွက် ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

"မနေ့က YRTA ရုံးချုပ်မှာ လုပ်တဲ့အစည်းအဝေးမှာ YRTA ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဒီကာလအတွင်းမှာ ဖမ်းဆီးအရေးမယူဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့က တာဝန်ရှိသူကိုပြောကြားထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့လည်း ယာဉ်ထိန်းတပ်ဖွဲ့ထံ စာထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ သက်တမ်းလွန်ယာဉ်ဆိုပေမယ့် နှစ်ကျော်တဲ့ယာဉ်တွေတော့ မပါဘူးပေါ့။ လောလောလတ်လတ် ဒီ ၂၀၂၀ မတ်လကုန်မှာ ကျော်တဲ့ယာဉ်တွေကို ပြောတာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသိန်းထွန်းက ဆက်လက်ပြောကြားခဲ့သည်။

မော်တော်ယာဉ်လုပ်ငန်းလိုင်စင်ဆောင်ရွက်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခြင်းကြောင့် သက်တမ်းလွန်ခြင်းအတွက် ရက်လွန်ကြေးများ လျှော့ပေါ့ပေးရန် အတွက်လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် မန်စီးတီးနည်းပြ ဂွါဒီယိုလာနှင့် နာမည်ကြီး ကစားသမားများ လှူဒါန်း

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ၎င်း၏မွေးရပ်မြေ စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ယူရို တစ်သန်း လှူဒါန်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စပိန်နိုင်ငံသည် ဥရောပတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု အဆိုးဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ ကတ္တလန်ဒေသသည် စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဒေသများထဲမှ တစ်ခုလည်း ဖြစ်သည်။ ဂွါဒီယိုလာသည် ဘာစီလိုနာအသင်းကို ၂၀၀၈ ခုနှစ် ဩဂုတ်လမှ ၂၀၁၂ ခုနှစ် မေလအတွင်း နည်းပြစဉ် ဆုဖလား ၁၄ လုံး ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သူလည်းဖြစ်သည်။ ယခုသီတင်းပတ်တွင် နာမည်ကြီး ကစားသမားများဖြစ်သော မက်ဆီနှင့် စီရော်နယ်ဒိုတို့သည် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ယူရိုတစ်သန်းစီ ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ မက်ဆီသည် စပိန်နိုင်ငံ ဘာစီလိုနာမြို့မှာရှိသည့် ဟိုတယ်တစ်ခုနှင့် ၎င်း၏ မွေးရပ်မြေဖြစ်သော အာဂျင်တီးနားနိုင်ငံမှ ဟိုတယ်တစ်ခုတို့အတွက် ယူရိုတစ်သန်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်နှင့် ပေါ်တူဂီ တိုက်စစ်ကစားသမား စီရော်နယ်ဒိုနှင့် ၎င်း၏ အေးဂျင့်ဖြစ်သူ ဂျော့မန်းဒက်စ်တို့သည် ကိုရိုနာဗိုင်းရပ်စ်ခံစားနေရသော လစ္စဘွန်းနှင့် ပေါ်တိုရှိ ဆေးရုံများသို့ ယူရိုတစ်သန်း ပါဝင်လှူဒါန်းခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်ကလည်း ဘိုင်ယန်မြူးနစ်တိုက်စစ်ကစားသမား လီဝမ်ဒေါစကီးသည် ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ယူရိုတစ်သန်း ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

### ဟာလန်းကို ရီးရဲမက်ဒရစ် ခေါ်ယူလို

ရီးရဲမက်ဒရစ်အသင်းသည် ဒေါ့မွန်အသင်းမှ နော်ဝေတိုက်စစ်ကစားသမား ဟာလန်း (၁၉နှစ်) ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကူကူရယ်လာကို ချယ်လ်ဆီးခေါ်ယူလို

ချယ်လ်ဆီးအသင်းသည် ဂီတာဖေးအသင်းမှ စပိန်ဗဟိုခံစစ်ကစားသမား ကူကူရယ်လာ (၂၁နှစ်) ကို ပေါင် ၂၃ သန်းဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### မာရက်ဇ်ကို ရောင်းထုတ်သွားမှာမဟုတ်

မန်စီးတီးအသင်းသည် မာရက်ဇ်ကို ရောင်းထုတ်သွားမှာမဟုတ်ကြောင်း၊ အသက် (၂၉ နှစ်)အရွယ် အယ်လ်ဂျီးရီးယားတောင်ပံကစားသမားအတွက် ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းမှုများကို ငြင်းပယ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## ပြင်ဦးလွင် - မန္တလေးအဆင်းလမ်းတွင် တွဲကားဘရိတ်ပေါက်ပြီး ရှေ့ကားဝင်တိုက်မှုကြောင့် ကားနှစ်စီးလုံး ချောက်ထဲကျကာ လေးဦးသေဆုံး

**ပြင်ဦးလွင် မတ် ၂၅**

ပြင်ဦးလွင်မြို့ ပေပင်ကျေးရွာအုပ်စု ညောင်ပေါ်ကျေးရွာ ပြင်ဦးလွင်-မန္တလေး အဆင်းကားလမ်း မိုင်တိုင် အမှတ် (၁၉/၃) ကြားနေရာ၌ မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ကိုထွန်းထွန်း (၃၇ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးကျော်ကျော် (၄၆ နှစ်) လိုက်ပါလာသည့် YGN 6J/--- ၂၂ ဘီးတွဲယာဉ်သည် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ မောင်းနှင်နေသည့် 7F/ --- ဟွန်ဒါဖစ်ယာဉ်ကို တိုက်မိပြီးနောက် ပေ ၃၀ ခန့်ရှိ လမ်းယာဘက်ချောက်ထဲသို့ ယာဉ်နှစ်စီးလုံး ထိုးကျသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဟွန်ဒါဖစ်မောင်းနှင်သူ မဝေဝေတင့်အောင် (၃၆နှစ်)၊ မသွန်းတွယ်တာထွန်း (ခ) ဆွိတီ (၇နှစ်)၊ တွဲကားယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်စာရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းဇော်(ပြင်ဦးလွင်)**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက် (ဗုဒ္ဓဟူးနေ့) သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ လူမှုဖူလုံရေးရုံးမှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်တွင် မိမိဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးရုံးတွင် ဝန်ထမ်းအိမ်ရာ ပေ(၇၀x၃၀x၄၃.၅)RC(၄)ထပ်တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာ သွယ်တန်းတပ်ဆင်ခြင်း၊ Apron & Drain ပြုလုပ်ခြင်းလုပ်ငန်းများ အပါအဝင်) အဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပိတ်မည့်ရက်** | - ၂၀၂၀ပြည့်နှစ် ဧပြီ ၂၇ရက် ညနေ ၄:၃၀နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - ၂၀၂၀ပြည့်နှစ် ဧပြီ ၂၉ရက် နံနက် ၁၀နာရီ |
| **လျှောက်လွှာဝယ်ယူခြင်းနှင့် တင်ဒါတင်သွင်းရမည့်နေရာ** | - အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးလူမှုဖူလုံရေးရုံး၊ အမှတ်(၃၂၇၊ ၃၆၇)မဟာဗန္ဓုလပန်းခြံလမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |

၂။ တင်ဒါပုံစံများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၊ စီ မံရေးရာ/ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက-ဖုန်း-၀၁-၈၃၈၁၂၁၆၊ ၀၁-၈၃၇၀၁၅၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
## တာချီလိတ်ခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၅

ဒေါ်နန်းလာ **နှင့်** ၁။ ဒေါ်နန်းဝိုခမ်း
၂။ ဦးစိုင်းလျှန်

**တရားလို** **တရားပြိုင်များ**

တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁/၄၈)နေ ဦးစိုင်းလျှန် သိစေရမည်။
(ယခုနေရပ်လိပ်စာ မသိ)

သင့်အပေါ်၌ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် နစ်နာကြေးကျပ်သိန်း(၃၀၀၀)ရလိုမှုလျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဧပြီ ၈ရက်(၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဘုန်းမော်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အမွေဆိုင်များနှင့်အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အနောက်တပ်မြေ လမ်း၊ အကွက်အမှတ်(၃၈)၊ ဦးပိုင်အမှတ်(၅၈/ခ/၁)၊ ဧရိယာ ၀ဒသမ၀၁၁ကေရှိ ထာဝရဂရန်အမှတ်၂၄၆၂/၄-၂-၁၈၇၅၊ ဘိုးဘပိုင်မြေနှင့် နှစ်ထပ်အိမ်တစ်လုံး၊ မော်လမြိုင်မြို့၊ ကြာအင်းရပ်ကွက်၊ ကျိုက္ခမီလမ်း၊ ကွင်းအမှတ်(၈၀၄)၊ ဦးပိုင်အမှတ်(၁၉၄/ခ)၊ ဧရိယာ ၀ဒသမ၆၈ကေရှိဘိုးဘပိုင်မြေနှင့် တစ်ထပ်အိမ်တစ်လုံး၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အပေါ်ဈေးရှိ ဆိုင်ခန်းအမှတ်(AA-၄၁)ဆိုင်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးကျော်ရှိန်၊ ဒေါ်ရင်ကြည်အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ၎င်းတို့သည် အကြင်လင်မယားဖြစ်ကြပါသည်။ဦးကျော်ရှိန်သည် ၉-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ၎င်းတို့တွင် သားဦးတင်မောင်ရှိန်၊သမီးများ(၁)ဒေါ်သိဂီရှိန်၊ (၂)ဒေါ်သန္တာရှိန်တို့ကျန်ရစ်ခဲ့ပြီး ဦးတင်မောင်ရှိန်သည် ၂၄-၆-၂၀၁၈ရက်တွင် ကွယ်လွန်ခဲ့၍ ဇနီးဖြစ်သူ ဒေါ်ဝင်းမင်းအေးကျန်ရစ်ခဲ့သဖြင့် အမွေဆက်ခံသူ(၁)ဒေါ်ရင်ကြည်၊ (၂)ဒေါ်သိဂီရှိန်၊ (၃)ဒေါ်သန္တာရှိန်၊ (၄)ဒေါ်ဝင်းမင်းအေးတို့လေးဦး ပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ အဆိုပါအမွေဆိုင်ပစ္စည်းများကို အမွေဆိုင်များ၏သဘောတူညီချက်မရှိဘဲ အရောင်းအဝယ်ပြုခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမည် ပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမွေဆိုင်များသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမင်းအေး**
**၁၀/မဒန(နိုင်)၀၀၀၀၀၅**
**အမှတ်(၁၀)၊ကျိုက္ခမီလမ်း၊ ကြာအင်းရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၂၅၈၃၇၂၂၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်ရှိန်း စဉ်-၄၅၂၅**
**အထက်တန်းရှေ့နေ**

## အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်မည့်ရက်ရွှေ့ဆိုင်းကြောင်းကြေညာခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၇)လုံး၊ ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး၊ မန္တလေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံးတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြေမပါ)ထုခွဲရောင်း ချခြင်းကို (၂၃-၄-၂၀၂၀)ရက် မွန်းလွဲ ၁နာရီတွင် တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း (၁၉-၃-၂၀၂၀)ရက်နှင့် (၂၀-၃-၂၀၂၀)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့ခြင်းပေါ် COVID-19 ရောဂါကူးစက်မှု ကြိုတင်ကာကွယ်သည့်အနေဖြင့် တင်ဒါယှဉ်ပြိုင်မည့်ရက်အား ရွှေ့ဆိုင်းလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1N/2600 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## မွေးသက္ကရာဇ်အမှန်

ဦးချစ်တိုး၏သား ကျိုင်းတုံ မြို့နယ်၊ မိုင်းဇင်းအုပ်စု၊ "၀" ဇင်းကျေးရွာနေ ဦးကျော်ဆိုင် ၉/မခန(နိုင်)၀၀၁၇၅၀ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၉-၆-၁၉၇၄ ဖြစ်ပါ ကြောင်း။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိုင်းယန်းမြို့၊ ခလရ(၂၈၁)တပ်ရင်းနေ ဒေါ်မြင့်မြင့်ကြည် ၁၃/ကတန(နိုင်)၀၈၃၂၄၆၏သား မောင်စိန် ၁၃/ကတန(နိုင်) ၁၈၃၆၃၀သည် မိဘဆွေမျိုးအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝ တာဝန်မယူပါ။

**မိခင် ဒေါ်မြင့်မြင့်ကြည်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် -၂၃

ကွယ်လွန်သူ ဦးအောင်စိန်၏ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (ဇ-၁/၁၀၂)၊ ၆၁လမ်း၊မနော်ဟရီလမ်းနှင့်စိန်ပန်းလမ်းကြား၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်စိန်၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေဆက်ခံရန် သက်သေခံလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ (ဇ-၁/၁၀၂)၊ ၆၁လမ်း၊ မနော်ဟရီလမ်းနှင့်စိန်ပန်းလမ်းကြားနေ ၁။ ဒေါ်အေးအေးတင့်၊ ၂။မဇာခြည်ဦး၊ ၃။ ဦးအောင်ဆန်းဦး၊ ၄။ မနန်းမေမြတ်နိုးတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ရက် (၁၃၈၂ခုနှစ်တန်ခူးလပြည့်ကျော်၁၃ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်စိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်)၂၀၂၀ ပြည့်နှစ် ဧပြီ ၂၀ရက် (၁၃၈၂ ခုနှစ်တန်ခူးလပြည့်ကျော်၁၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံရန်သက်သေခံလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ၁။ဒေါ်အေးအေးတင့်၊ ၂။ မဇာခြည်ဦး၊ ၃။မောင်အောင်ဆန်းဦး၊ ၄။ မနန်းမေမြတ်နိုးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာ တွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ် သည်။

၂၀၂၀ ပြည့်နှစ် မတ်လ၂၄ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောမျိုးမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ဒေါ်တင်ရီ ၇/ထတပ(နိုင်)၀၀၃၅၄၉ပိုင်ဆိုင်သည့် ထန်းတပင်မြို့၊ သီရိရတနာရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(ယ/၁၁၂)ဟု ခေါ်တွင်သည့် အိမ်မြေ၏ ပတ်သက်သည့် စာချုပ်မူရင်းတစ်စောင်မှာ ၎င်း၏နေအိမ်တွင် သိမ်းဆည်းထားရာမှ ပျောက်ဆုံးနေကြောင်း သိရပါသည်။ ဒေါ်တင်ရီမှ အခြားမည်သူ့ကိုမျှ ကိုယ်စားစေခိုင်းခြင်း၊ ကိုယ်စားလှယ်လွှဲထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းထားခြင်းများမရှိပါ။သို့ဖြစ်ပါ၍ ၎င်းစာချုပ်ကို အခြေပြု၍ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခြင်းမပြုပါရန် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်ရီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ်းလဲ့မွန်(LL.B) တရားလွှတ်တော်ရှေ့နေ စဉ်-၁၀၅၄၂(၃၀-၄-၂၀၁၅)**
**(၂/၃၂)၊နန်းကလျာလမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၉-၄၂၅၂၇၅၇၃၀၊ ၀၉-၆၉၁၀၇၂၃၆၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁-ဃ)၊ ဦးပိုင်အမှတ်(၁၆)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဦးချစ်မင်းသူအမည်ဖြင့် မြေခွန်ပြေစာ အမည်ပေါက် မြေကွက်ဖြစ်ပြီး (၅-၅-၂၀၁၃)ရက်တွင် ဦးချစ်မင်းသူမှ ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အေးအေးကြိုင်ထံသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့်ချုပ်ဆိုကြပြီး၊ ဒေါ်အေးအေးကြိုင် ၅/ကဘလ(နိုင်) ၂၁၅၁၅၅အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် (၁၈-၁၁-၂၀၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၈၅၅/၂၀၁၉)ကို (၂၀-၁၀-၂၀၁၉)ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၇၁၄/၂၀၁၉)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန် ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါ(Open Tender)ဖွင့်လှစ်မည့်ရက်အား ပြောင်းရွှေ့ခြင်း

မကွေးတိုင်းဒေသကြီး၊တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်အတွင်းရှိ ရောဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender)တင်ဒါအမှတ်စဉ်(၂/၂၀၁၉-၂၀၂၀)ခေါ်ယူခြင်းကို မြန်မာ့အလင်းသတင်းစာ၏ ၁၇-၃-၂၀၂၀ရက်(အင်္ဂါနေ့) စာမျက်နှာ အမှတ်(၂၈)တွင် တင်ဒါဖွင့်လှစ်မည့်ရက် ၅-၄-၂၀၂၀(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီဟု ကြော်ငြာထားခြင်းအစား Coronavirus Disease 2019 (COVID-19)ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များအရ တင်ဒါဖွင့်လှစ်မည့်ရက်ကို ၅-၅-၂၀၂၀ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ မြေကွက်အမှတ်(၃၃)၊ ဦးပိုင်အမှတ်(၁၃၀)၊ ဧရိယာ ပေ(၄၀x၆၀)ဧရိယာ(၀ဒ သမ၀၅၅)ကေရှိ ပိုင်ဆိုင်သူ ဒေါ်ခင်မြကြူသည် ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက် ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ ဒေါ်ခင်မြကြူ ၉/ကဆန(နိုင်) ၁၁၈၄၄၈

**ဖုန်း-၀၉-၂၁၀၈၃၅၃**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ အေးမြကြည်လင်အုပ်စု၊ တံစိုးကွက်သစ်၊ မြေကွက်အမှတ် (၉၂)၊ ဧရိယာ ပေ(၂၅x၅၀)ပိုင်ဆိုင်သူ ဦးတင်ကိုသည် ၎င်းမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက် ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးတင်ကို ၉/ကဆန(နိုင်) ၀၉၁၄၁၃**
**ဖုန်း-၀၉-၄၀၂၅၂၄၉၉၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ ၂၆၄၈၈၊ မြေကွက်အမှတ်(ဥ-၅၀၇၁) ဒေါ်ချိုချိုဝင်း(ဘ)ဦးဘော့အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးငွေလှ ၇/ပမန(နိုင်)၀၅၆၇၂၉(ဘ)ဦးမြင့်ဆွေ မှနေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၇/၂၀၂၀(၁၁- ၃-၂၀၂၀)တင်ပြ၍ ဒေါ်ခင်အေးမူ ၇/ပမန(နိုင်)၀၅၆၇၂၈(ဘ)ဦးညီပုအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၄၆ကေရှိ ဒေါ်ညိုညိုဝင်း ၂/လကန(နိုင်)၀၂၄၇၂(ဘ)ဦးတင့်အောင် အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၁၃၄၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၀၀/၂၀၁၃ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စား လှယ်ရရှိထားသူ ဒေါ်ချိုနွယ်ဦး ၁၂/ပဇတ(နိုင်)၀၀၀၃၁၇(ဘ)ဦးလှရွှေမှဦးညွှန့်ဝင်း(ပါ-၂)ဦး ၁၂/ဥကမ(နိုင်) ၀၄၇၄၇၃နှင့်မှတ်ပုံတင် ရောင်းဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၅)၊ ဦးပိုင်အမှတ် (၁၁၂)၊ မြေဧရိယာ ၀ဒသမ၁၈၄ကေရှိမြေ ကွက်ကို ဒေါ်လုထွယ်အမည်ဖြင့် ၃၀-၆-၂၀၁၂ ရက်ထိနှစ်(၃၀)ဂရန်မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၂၉-၉-၂၀၁၂ရက်တွင် ဒေါ်လုထွယ်ထံမှ ဦးအိုက်ရီကလည်းကောင်း၊ ၁၅-၁၀-၂၀၁၉ရက်တွင် ဦးအိုက်ရီထံမှဒေါ်စိုးနွယ်ကလည်းကောင်း နှစ်ဦးသဘောတူအိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်စိုးနွယ် ၁/မစန(နိုင်)၀၁၀၁၇၇အမည်ဖြင့် မြေငှားဂရန်အမည် ပြောင်းရရှိရေးအတွက် ၇-၁၁-၂၀၁၉ရက်စွဲပါကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ်(၆၉၈/၂၀၁၉)ကို ၈-၁၁-၂၀၁၉ရက်စွဲပါကတိသစ္စာပြု ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၆၉၉/၂၀၁၉)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားလာခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များ နှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၈)၊ ဦးပိုင်အမှတ် (N၃၃+N၃၄)၆၉၊ မြေဧရိယာ(၂ဒသမ၂၇)ကေရှိ ဦးဒီးနွယ်ခင်အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်မြေကွက်ဖြစ်ပြီး၊ (၇-၁-၂၀၁၁)ရက်တွင် ဦးဒီးနွယ်ခင်ထံမှ ဦးထွန်းအေးက နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးထွန်းအေး ၁/မကန(ပြု) ၀၀၀၁၇၃ အမည်ဖြင့် စက်မှု၊ စီးပွားမြေ ငှားဂရန်ရရှိရေးအတွက် (၂၈-၁-၂၀၂၀) ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၁၁၃/၂၀၂၀)ကို (၃၀-၁-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင် အမှတ်(၂၇/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စက်မှု၊ စီးပွားမြေငှားဂရန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့နယ်၊ ဝက်တူးအုပ်စု၊ ကွဲခြံကျေးရွာနေ မစန္ဒာထွန်း (MA-Myan)၏ဖခင်မှာ ဦးအောင်နိုင်ဦးနှင့် ဦးနိုင်ဦး ၅/ကသန(နိုင်)၀၃၇၈၆၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဦး(ခ)ဦးနိုင်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ မောင်ဆိုင်းလော့ဒ်အောင်၏ဖခင်အမည်မှန်မှာ ဦးလဖိုင်ခွန်နောင်နှင့်ဦးခွန်နော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလဖိုင်ခွန်နောင်(ခ)ဦးခွန်နော်**

## မွေးသက္ကရာဇ်မှန်

နေပြည်တော်၊ လယ်ဝေး မြို့နယ် ကျောက်တစ်လုံး ကျောင်းစုရွာနေ ဦးမင်းမင်းအောင်၏သား မောင်ခန့်လင်းထွဋ်၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၁-၂၀၀၆)ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/41777 Honda Scoopy 110M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာကို ၉/မနတ(နိုင်)၀၉၈၄၁၉ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/4337၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁W/၁၁၅၁၈, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်အောင် ၈/စလန(နိုင်) ၁၁၆၈၆၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3P/6174 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ်(၂/ရုံးရပ်)၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဦးတင်ထွန်းဦး(ဘ)ဦးထွန်းမင်း ၁၂/သဃက(နိုင်)၀၀၈၆၈၉ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၀၁၈)ကို ဒေါ်ရီ ရီရှိန် ၁၂/သဃက(နိုင်) ၀၀၈၆၈၈ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

# အထူးကျေးဇူးတင်ရှိခြင်း

**Dr.မျိုးသက်ထွန်း**(Peter Kyaw Htoon)အား မကျန်းမာစဉ်အတွင်းနှင့် နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှအကူအညီပေးကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးနှင့်ဇနီး ဒေါက်တာ ဒေါ်နန်းခမ်းမိုင်၊ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဒေါက်တာဒေါ်ရီရီမြင့်၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခ ချုပ် ဒေါက်တာ ဇော်ဝေစိုး၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်အေး၊ သွေးရောဂါဌာနမှ ပါမောက္ခဒေါက်တာ စိန်ဝင်း၊ အမျိုးသားသွေးလှူဘဏ်မှ ပါမောက္ခ ဒေါက်တာဒေါ်သီတာအောင်၊ ကင်ဆာရောဂါနာကျင်မှုနှင့်ဘက်စုံထောက်ကူပြုကုသမှုနှင့် ဓာတ်ရောင်ခြည်ကင်ဆာအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဝါဝါမဠူ၊ အရိုးအထူးကုနှင့် ဓာတ်မှန်ဌာနမှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ MAMS, MMC, MMA(ဗဟို)နှင့် ရန်ကုန်အသင်းခွဲ၊ SGED၊ အမျိုး သမီးဆရာဝန်အဖွဲ့၊ ဗုဒ္ဓဘာသာအဖွဲ့၊ MMJ Editorial Board, EAS မှ ဝန်ထမ်းများ၊ WHO အဖွဲ့အစည်းအသီးသီး၊ အနာကြီးရောဂါ တိုက်ဖျက်ရေးအဖွဲ့ အသီးသီး၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၊ M.E.H.S၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းရောင်းရင်းများ၊ လွမ်းသူ့ပန်းခြင်းများနှင့်လှူဖွယ်ပစ္စည်းအစုစုတို့ကိုပေးပို့ခဲ့ကြသည့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးများ၊ အသိမိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးလှမြင့်
**(မောင်မောင်ဝင်းမြင့်ဆေးဆိုင်)**
**ထားဝယ်မြို့**
**အသက်(၇၃)နှစ်**

ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ ဈေးတောင်ဘက်လမ်း၊ အမှတ်(၉၉)နေ (ဦးစိန်ချို-ဒေါ်စန်းမွေး)တို့၏သား၊ (ဦးအောင်ဆင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်ညွန့်စိန်၏ ခင်ပွန်း၊ ကိုဝင်းဇော်မြင့်၊ ကိုဇော်မင်းထိုက်-မအိသက်ဇင်၊ ကိုပွင့်ခိုင်စိုး-မသီရိဇင်၊ ကိုပြည့်စုံသိမ်း-မစုစုခိုင် တို့၏ဖခင်၊ မချောကေခိုင်ဝင်း၊ ကိုလင်းဘုန်းမြတ်၊ မသွန်းပြည့်စုံခိုင်၊ မရှင်းလဲ့သော်တို့၏ အဘိုးသည် ၂၄-၃-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၃:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာဘာသာပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/6030 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7560၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## သင့်သွေး ဖြင့် အသက် ကယ်ပါ

### ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုသန်း
**အကောက်ခွန်(ငြိမ်း)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်၊ အမှတ်(၂၂၈/၂)နေ ဒေါ်ထားအိရွှေရည်(ဌာနစုမှူး-၂)၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ချစ်လှစွာသောဖခင် ဦးကိုကိုသန်းသည် ၂၅-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## စောစောမောင် အသက်(၇၇)နှစ်
**BE(MECHANICAL ,1968),BRE (1999)**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန**

ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ သီတာလမ်း၊ အမှတ်-၁၉နေ (ဦးမောင်-ဒေါ်ဘီ)တို့၏သား၊ (စောမြစိန်-နော်မေးမေ)တို့၏သားသမက်၊ နော်ဆဲလ်ဒါမောင်-(စောဂစ်ပဆင်ရှော)တို့၏မောင်၊ နော်စေးဖော(ခ)တင်တင်ဆွေ-ဦးချစ်ကြူး၊ (စောစောအောင်)၊နော်ဖောသွဲ၊ နော်ဒေါရသီညွန့်(ခ)တင်တင်ညွန့်-ဦးစိုးဝင်း၊ နော်ဖော်ဝီးဒီ-စောကျော်စိန်ထွန်း၊ နော်အိုင်လင်းနာမေ(ခ)အဘောင်း၊ (နော်လှစိန်)၊ နော်ခင်စန်းရီ-ဦးရွှေမန်း၊ ဦးဝင်းစိန်-ဒေါ်ခင်မကြီး၊ (စောအေးကျော်)၊ နော်နိုရင်းစိန်-စောနေထူး၊ ဗိုလ်ကြီးကျော်စိန်(ငြိမ်း) -Lဂျာလှ တို့၏အစ်ကို၊ (နော်ဘာဘလုဖော)-စောဘာဘလု၊ (စောအေးမောင်)တို့၏ဖခင်၊နော်ခရစ္စတင်း၊ နော်အန်ဂျယ်လင်း၊ စောအိုင်းဇက်ရိန်းတို့၏အဘိုး၊ တူ/တူမ(၁၃)ယောက်တို့၏ဦးလေး၊ မြေး(၁၃)ယောက်တို့၏အဘိုး၊နော်ဒိုရင်း(ခ)ဒေါ်ထွေးစိန်(အထက-၆၊ ဗိုလ်တထောင်-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်းစောစောမောင်သည် ၂၅-၃-၂၀၂၀ရက်နံနက်၅:၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဝတ်ပြုဆုတောင်းပွဲကို ၂၆-၃-၂၀၂၀ရက် နံနက် ၁၀နာရီ အထက်ပါနေအိမ်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုသန်း(သူရိန်-၂)
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၄)နေ ဒေါ်အေးအေးအောင်၏ ခင်ပွန်း၊ မထားအိရွှေရည်(ဌာနစုမှူး-၂၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မဆုလဲ့စန္ဒီ [M.A(Thai)1st year, YUFL]တို့၏ဖခင် ဦးကိုကိုသန်းသည် ၂၅-၃-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇:၀၃ နာရီတွင် တံတားဦးမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရိန်-၂(အကောက်ခွန်)မှသူငယ်ချင်းများ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၇/ခ)၊မြေကွက်အမှတ်(၄/က-၁၉)၊မြေကွက်တည်နေရာအမှတ်-၁၊သီရိဟောမာလမ်း၊ဇဝနရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ဒေါ်သန်းမြင့်(၁၂/သဃက(နိုင်)၁၀၄၀၁၂)အမည်ပေါက်၊မြေပိုင်မြေ(လ/န-၃/ခ)၊ရပြီးမြေအားဒေါ်ခင်မျိုးအေး(၁၂/သဃက(နိုင်)၁၀၄၀၁၁)၊ဒေါ်ခင်မျိုးဟန်(၇/ကဝန(နိုင်)၀၂၅၃၇၈)၊ဒေါ်မြအေးသွယ်(၁၂/သဃက(နိုင်)၀၀၀၉၁၄)တို့က(မိခင်)ဒေါ်သန်းမြင့်သည်(၁-၈-၂၀၁၆)နေ့တွင်လည်းကောင်း၊(ဖခင်)ဦးကျော်စံသည်(၁၈-၆-၁၉၉၂)နေ့တွင်လည်းကောင်းကွယ်လွန်သွားခဲ့ပြီးမိခင်အမည်ပေါက်ပိုင်ဆိုင်သည့်အထက်ဖော်ပြပါမြေကွက်ကိုငှင်းတို့သမီး(၃)ဦးကသာအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့်ငှင်းတို့မှလွဲ၍အခြားအမွေစား၊အမွေခံသား/သမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းဒဂုံမြို့နယ်တရားရုံး၊မှတ်ပုံတင်အမှတ်(၁၂/၇၀၂/၁၉)၊(၄-၁၂-၂၀၁၉)ရက်စွဲပါသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်းများ၊ပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်/၂၃၆၀/၁၉၉၂မိတ္တူမှန်၊ဒေါ်သန်းမြင့်အမည်ပေါက်အမှားပြင်စာချုပ်/၂၃/၁၉၉၉(၁၃-၁-၁၉၉၉)မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးအောင်လှမြင့်
**စက်မှု၊ စားကုန်(ငြိမ်း)**
**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ ဦးအောင်သိန်း-(ဒေါ်စိန်လေး)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ပြည်သာယာ(၃)လမ်းနေ ဒေါ်သန်းသန်းစိုး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမျိုးတင့်အောင်)၊ ဒေါ်ခင်သန္တာအောင် (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၊ ဦးစိုးမိုးအောင်-ဒေါ်နော်မီမီထွန်း၊ ဦးစောမင်းထွေးအောင်-ဒေါ်သီတာ၊ ဦးထွန်းနိုင်ဝင်းအောင်-ဒေါ်ချိုချိုတို့၏ ချစ်လှစွာသော ဖခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၅-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၀ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်ငွေ အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၂၀)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၁၁)နေ (ဦးအောင်သိန်း-ဒေါ်မြချစ်)တို့ ၏သမီး၊ (ဦးဟန်ညွန့်)၏ဇနီး၊ (ဦးကျော်ဝင်း)-ဒေါ်အမာကြည်၊ ဗိုလ်ကြီးရဲနိုင်(ငြိမ်း၊ လက်ထောက်မန်နေဂျာ၊ စစ်ဆေးရေးဌာန၊ မြန်မာ့မီး ရထား၊ နေပြည်တော်)-ဒေါ်ခင်စန်းမော်၊ (ဦးလှဘော်)-ဒေါ်သန်းသန်းဝင်းတို့၏မိခင်၊ မောင်ရဲသီဟ-မခင်စန်းအေး၊ မောင်သက်ပိုင်ဦး၊ မောင်အောင်ရဲကျော်၊ မအိတို့၏အဘွား၊ မအေးမြတ်မွန်၊ မရတီ၊ မောင်ပြည့်စုံတို့၏ ဘွားဘွားသည် ၂၄-၃-၂၀၂၀ရက် (အင်္ဂါနေ့) ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြင့်(မောင်မောင်ဝင်းမြင့်ဆေးဆိုင်) အသက်(၇၃)နှစ်
**ထားဝယ်မြို့**

ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ ဈေးတောင်ဘက်လမ်း၊ အမှတ်(၉၉)နေ ဒေါ်ညွန့်စိန်၏ ခင်ပွန်း ဦးလှမြင့်သည် ၂၄-၃-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၃:၃၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ထားဝယ်ရွှေပြည်ကုမ္ပဏီလီမိတက်**
**အဆင့်မြင့်မှိုင်းခံရော်ဘာစက်ရုံ**
**ထားဝယ်မြို့**

### Asteep in Jesus
## Saga Naw Seng
**Aged(61)**

It is with great sadness that the family of Saga Naw Seng announces his passing(after a brief illness)at 8:55pm (Tokyo time)on Tuesday, March 24,2020 at the age of 61 years, Saga Naw Seng will lovingly remembered by his wife of 35 years,Dr.Ubyit Ja Bu and his children,Saga Ja Tsin – Lajawn Awng Dan,Saga Ja Jum Awng and Saga Seng Awn as well as his only grand-daughter Lajawn ja Ningli Awng.A funeral and cremation service in memory of Saga Naw Seng will be held at 11:00am on Saturday,March 28,2020 at Kachin Christian Peace Church (KCPC–Japan).

**Bereaved Family**

## ဦးကိုကိုသန်း
**အသက်(၅၉)နှစ်**

တံတားဦးမြို့၊ နီးပါးတန်းရပ်နေ (ဦးလှမောင်-ဒေါ်လှလှ)တို့၏သား၊ မြင်းခြံမြို့၊ (၁)ရပ်ကွက်နေ (ဦးအောင်သိန်း)-ဒေါ်မြင့်ဆွေတို့၏သားသမက်၊ ဦးစိန်မြင့်၊ ဦးငွေမြင့်-ဒေါ်စန်းရီ၊ ဦးအုန်းကျော်-(ဒေါ်နှင်းနှင်း)၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်ဆွေ-ဒေါ်ခင်စန်းမူတို့၏ညီမောင်၊ ဦးကိုကိုသိန်း-ဒေါ်မူမူသွင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၄)နေ ဒေါ်အေးအေးအောင်၏ ခင်ပွန်း၊ မထားအိရွှေရည်(ဌာနစုမှူး-၂၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မဆုလဲ့စန္ဒီ(M.A, Thai, 1st year, Y.U.F.L)တို့၏ ဖခင်သည် ၂၅-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် တံတားဦးမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ခင်လေး
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရွှေလီ(၁)လမ်း၊ အမှတ်(၆၁/၆၂)နေ ဦးတင်ညွန့်-(ဒေါ်ခင်ရီကြွယ်)တို့၏သမီး၊ (ဦးသိန်းဝင်း-ဒေါ်ခင်သန်း)တို့၏ချွေးမ၊ ဦးအောင်လင်း၏ဇနီး၊ ဒေါ်ခင်ချိုဦး၊ ဦးစိုးမြင့်(မြန်မာ့အလင်း)တို့၏ ညီမ၊ ဦးသက်နိုင်(လူထုမိတ်ဆွေကုမ္ပဏီ)-ဒေါ်စု၊ ဦးမျိုးနိုင်-ဒေါ်သန်းသန်းဆင့်တို့၏ အစ်မ၊ ကိုသူရအောင်(ဦးသူရ-ဓါတုစာသင်ဝိုင်း) ၏ ချစ်လှစွာသော မိခင်၊ မငြိမ်းဇာနည်မျိုး၊ မောင်သူရနိုင်၊ မောင်ရဲရင့်နိုင်တို့၏ အဒေါ်သည် ၂၅-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ရက်(သောကြာနေ့)နံနက် ၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘုရားဖြူကျောင်းတိုက် မဟာနာယကဆရာတော်
### (မဟာဂန္ထဝါစကပဏ္ဍိတ)
## ဘဒ္ဒန္တဉာဏာဘိဝံသမဟာထေရ်
**(၁၂၉၉-၁၃၈၁)**
**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဘုရားဖြူကျောင်းတိုက်ကြီး၏ ဦးစီးမဟာနာယက ဘဒ္ဒန္တဉာဏာဘိဝံသမဟာထေရ်သည် (၁၃၈၁ခုနှစ် တန်ခူးလဆန်း ၂ရက်) မွန်းလွဲ ၁:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ် တန်ခူးလဆန်း ၈ရက်) ၃၁-၃-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဘုရားဖြူကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**တပည့်၊ ဒါယကာ၊ ဒါယိကာမများ**

### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ စက်ရေတွင်း ဒါယိကာမကြီး
## ဒေါ်အုန်းကြည်
**B.A,Dip.Ed(အထက်တန်းပြ-ငြိမ်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းခြံအမှတ် ၁၂၇(က)နေ (ဦးစံချို-ဒေါ်ငြိမ်းမေ)တို့၏သမီး၊ (ဦးလှအောင်-ဒေါ်ချစ်မေ)တို့၏သမီးချွေးမ၊ ဒေါက်တာ ဦးကျော်ကျော်(ဆေးရုံအုပ်ကြီး-ငြိမ်း၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်တင့်(ခ)ဦးဝဏ္ဏ-ဒေါက်တာဥမ္မာကျော်၊ ဒေါ်သီတာကျော်၊ ကိုစိုးမိုးကျော်၊ ဒေါက်တာယုဇနကျော်တို့၏ ချစ်လှစွာသော မိခင်၊ ဒေါက်တာကြာငုံဆု၊ မောင်စိုးအာရုံ၊ မသွန်းဝသုန်တို့၏ အဘွားသည် ၂၄-၃-၂၀၂၀ရက်(အင်္ဂါနေ့) ည၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

## ဦးကြင်ရှိန်
**ဆလရ(ငွေစာရင်း-ငြိမ်း)ထားဝယ်မြို့**
**အသက်(၈၀)**

ထားဝယ်မြို့၊ မြိတ်လမ်း၊ ကျောက်မော်ရပ်၊ အမှတ်(၉၄)နေ(ဦးစောမြိုင်-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ (ဦးဆင်ဂွမ်-ဒေါ်ကြင်မြိုင်)တို့၏သား၊ ဒေါ်ခင်မေမြတ်(ဆလရ-ငြိမ်း)၏ခင်ပွန်း၊ ကိုအောင်လင်းမင်း(အောင်အီလက်ထရွန်နစ်ပြုပြင်ရေး)-မမာလာထွေး၊(ကိုဆန်းလွင်မင်း)-မချိုချိုလွင်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုး ဦးကြင်ရှိန်သည် ၂၅-၃-၂၀၂၀ရက်နံနက်(၅:၁၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ကူးတို့သုသာန်သို့ပို့ဆောင် ဂူသွင်းမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်သိန်း
**အသက်(၇၆)နှစ်**

နတ်မောက်မြို့နေ(ဦးတင်လှ-ဒေါ်မြမေ)တို့၏သမီး၊ (ဒေါ်လှဝင်းကြည်)၊ ဒေါ်သိန်းသိန်းငွေးတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ အမှတ်(၁၂)၊ ၄ လွှာနေ အရာခံဗိုလ်သာဆင့်(ငြိမ်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးလှနိုင်-ဒေါ်ငြိမ်းငြိမ်းအိ၊ ဦးသိန်းဇော်-ဒေါ်အေးအေးလွင်၊ ဦးမိုးဝင့်-ဒေါ်ခင်မိုးနှင်း၊ (ဦးသောင်းထိုက်)တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၅-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ် လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ကျောက်မြောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်းဒါယကာ
## ဦးဝင်းမောင်
**အသက်(၇၀)**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပန်းခင်း(၁)ရပ်ကွက်နေ ဗိုလ်မှူးရန်ငြိမ်းချမ်းအောင်-ဒေါ်သဲနန္ဒာလင်း၊ မဇာခြည်ဝင်းလတ်၊ မောင်ဇော်ဖြိုးအောင်-မခင်ငြိမ်းချမ်းဝင်း၊ မောင်အောင်ရဲကျော်သူ-မပြည့်ဖြိုးဝါတို့၏ဖခင်၊ မောင်ကောင်းပြည့်ငြိမ်းဇန်၊ မောင်ဘုန်းပြည့်ငြိမ်းဇန်၊ မောင်မင်းခန့်ညီသာတို့၏ အဘိုး၊ ဒေါ်ခင်မြိုင်၏ခင်ပွန်း ဦးဝင်းမောင်သည် ၂၅-၃-၂၀၂၀ရက်(ဗုဒ္ဓဟူး နေ့)နံနက် ၁၀:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၀ရက် ညနေ ၃နာရီတွင် ကွေ့ကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖွင့်လှစ်ထားသည့် ဆင်စခန်း ၂၁ ခုစလုံး ခေတ္တပိတ်ထားမည်



မော်ယောကြီးဆင်စခန်း ဖွင့်လှစ်စဉ်က ခရီးသွားများ လာရောက်မှုကို တွေ့ရစဉ်။

**ညောင်ဦး မတ် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် ဆင်အခြေပြု ခရီးသွားလုပ်ငန်းဖြစ်သော ဆင်စခန်းများအားလုံးကို မတ် ၂၅ ရက် နံနက်ပိုင်းမှစတင်ကာ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ဆင်စခန်းတာဝန်ခံများထံမှ သိရသည်။

ယနေ့ ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော COVID-19 ရောဂါပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသည့် ဆင်စခန်း ၂၁ ခုစလုံး ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်း တာဝန်ခံ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ)က ပြောကြားသည်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆင်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ အများပြည်သူနှင့် ကမ္ဘာတစ်လွှားမှ လက်တွေ့သိမြင်လာပြီး ပူးပေါင်းပါဝင်ထိန်းသိမ်းလာစေရန်၊ ဆင်အခြေပြု ခရီးသွားလုပ်ငန်းကို အမှီပြု၍ အနီးပတ်ဝန်းကျင်မှ ပြည်သူများ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာစေရန်၊ ဆင်များနှင့် အနီးကပ်ထိတွေ့ခွင့်ရရှိပြီး ဆင်နှင့်ပတ်သက်သော အသိပညာဗဟုသုတများ ရရှိစေကာ ဆင်များကို ချစ်ခင်မြတ်နိုးတတ်စေရန်၊ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်အပန်းဖြေ အနားယူလည်ပတ်စရာနေရာများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဖွင့်လှစ်ထားရှိသည့် မော်ယောကြီး ဆင်စခန်းတာဝန်ခံ ဦးကျော်ကျော်ထွန်း (လက်ထောက်မန်နေဂျာ)ထံမှ သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**


ဝါးခယ်မမြို့မဈေး ယာယီပိတ်မည် ဆိုသောသတင်းမှာ ကောလာဟလသတင်းသာဖြစ် စာ » ၈

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာ » ၉

ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားရာ နောက်ထပ် ဗဟိုချက်မနေရာတစ်ခု အမေရိကန် ဖြစ်လာနိုင်ဖွယ်ရှိ စာ » ၁၅


## ဖားကန့်၌ အချိန်အခါမဲ့ မိုးရွာသွန်းပြီး မိုးသီးကြွေကျမှုကြောင့် အိမ်ခြေ ၁၉၃ လုံး အမိုးများပျက်စီး

**ဖားကန့် မတ် ၂၅**

ဖားကန့်မြို့နယ်၌ ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က အချိန်အခါမဲ့ မိုးရွာသွန်းပြီး မိုးသီးကြွေကျမှုဖြစ်စဉ်ကြောင့် ဆိုင်းဂျာဘွမ်ကျေးရွာမှ နေအိမ် ၁၉၃ လုံး အမိုးများပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

မိနစ်လေးဆယ်ခန့်ရွာသော မိုးနှင့်အတူ ဆိပ်မူကျေးရွာအုပ်စုနှင့် အေးမြသာယာအုပ်စုအတွင်းမှ ကျေးရွာများပေါ်သို့ *စာမျက်နှာ ၈ ကော်လံ ၄* ❍



အချိန်အခါမဲ့ မိုးရွာမှုနှင့်အတူ ကြွေကျသည့် မိုးသီးများ။


စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .

ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။